www.burmeseclassic.com

ဂန္ဓာရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

အောင်မြင်စာပေ

# တြိစက္က

## အာပုသိဒ္ဓိကျွန်း



www.burmeseclassic.com

www.burmeseclassic.com

# ဘယနုလက်ဆောင်

- ချစ်သူရွေးချယ်ရာမှာ
  လယ်ထဲကမိန်းကလေးဖြစ်ဖြစ်
  မြို့ပေါ်ကမိန်းကလေးဖြစ်ဖြစ်
  အရေးမကြီးလှပါဘူး
  ဘဝလက်တွဲဖော်ဖြစ်နိုင်သူကိုသာ ရွေးချယ်ပါ။

- နောက်ကအမှားများကြောင့်
  မျက်ရည်မကျပါနဲ့၊
  ရှေ့ခရီးလမ်းဆက်သွားဖို့
  မြင်ကွင်းမှုံဝါးနေလို့ မဖြစ်ပါဘူး၊

- လူနှစ်ဦးသဘောထားတူညီဖို့
  အများအားဖြင့်တော့ မရနိုင်ပေ၊
  ချစ်ခြင်းမေတ္တာက တာဝန်ယူလျှင်တော့
  ဘယ်အရာမဆို ဖြစ်နိုင်ပါတယ်။

# ဘယနုလက်ဆောင်

- သင်အောင်မြင်ဖို့
  လမ်းနှစ်လမ်းရှိပါတယ်
  တစ်ခုက...သင်ကြိုးစားမှုကြောင့်
  ရရှိသောအောင်မြင်ခြင်းနှင့်
  နောက်တစ်ခုက...အခြားသူ ညံ့ဖျင်းသဖြင့်
  ရရှိသည့် အောင်မြင်ခြင်းပင်ဖြစ်သည်။

- မိမိဆန္ဒကို ထိမ်းချုပ်နိုင်ခြင်းသည်
  အသိပညာတိုးတက်ခြင်းထက်
  ပိုကောင်းတတ်ပါတယ်
  အသိပညာရှိသော်လည်း
  ဆန္ဒကို မထိမ်းချုပ်တတ်လျှင် မှားတတ်ပါတယ်။

- အောင်မြင်မှုနှင့် အတတ်ပညာကို
  လေ့လာသင်ယူဖို့ အချိန်နည်းသော်လည်း
  ပျက်စီးဆုံးရှုံးခြင်းအတွက်တော့
  အချိန်ပိုနေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အယနှလက်ဆောင်

➢ ပါရမီထူးရှိခြင်းမှာ
လရောင်နှင့် မျက်နှာချင်းဆိုင်ဝံ့သော
ပုဂ္ဂိုလ်များသာဖြစ်ပါတယ်၊

➢ ပညာတတ်တို့အား
အတုယူနိုင်ခြင်းသည် ကောင်း၏။
ထို့ထက်
ပညာမဲ့သူတို့အား
ရှုမြင်သုံးသပ်နိုင်ခြင်းက ပိုကောင်းလေသည်။

➢ စာအုပ်တစ်အုပ်ထဲတွင်
အသိပညာ၊ အတတ်ပညာများ ရှိပါတယ်၊
သို့သော် စာအုပ်ကတော့
ညွှန်းဆိုပြလိမ့်မည် မဟုတ်ပါချေ၊
ရှာဖွေသူရဲ့ဆန္ဒသာဖြစ်ပါတယ်။

# အယနှလက်ဆောင်

➢ ပျော်ပါးချင်သောစိတ်က
အချိန်ကို ဝါးမြိုပစ်၏။
တပ်မက်မှု လွန်ကဲခြင်းသည်
ရိုးသားမှုကို ဝါးမြိုပစ်၏။
အချစ်ကြီးခြင်းသည်
မေတ္တာကို အကျည်းတန်စေ၏။

➢ ငယ်ရွယ်သူတို့အချစ်ကို
စည်းကမ်းဖြင့် ထိန်းချုပ်ပေးသင့်သည်၊
စည်းကမ်းမဲ့သော အချစ်မျိုးသည်
ဘဝကို အရောင်ပြောင်းစေနိုင်သည်၊

➢ ဖြတ်လမ်းသည်...
လမ်းတိုသည်ကတော့ မှန်ပါတယ်၊
ဒါပေမယ့် အဲဒီလမ်းတိုလေးထဲမှာ
အနှောင့်အယှက် အဖျက်အဆီးတွေ
အများကြီးရှိနေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သော အခန်းများ


အခန်း (၁) – ဘုတာရုံလမ်းမှ ပုဏ္ဏားအတိုက်သောအိမ်
အခန်း (၂) – ယောဂီကြီးကုမာရဆွာမီနှင့် တွေ့ရခြင်း
အခန်း (၃) – ယောဂီကြီးနှင့် အသက်ရှည်စေသောနည်း
အခန်း (၄) – ဖူးဝလီမြို့မှ မာရိုယာ
အခန်း (၅) – ဆောဝါးကျွန်းမှ ငါးမန်းအကျွေးသူများ
အခန်း (၆) – လူ့ဘန္ဒာကိုယ်ငါးဦးခေါင်းနှင့် အစာလာတောင်းသူ
အခန်း (၇) – အာယုသိဒ္ဓိကျွန်းသို့ ရောက်ခဲ့ဖူးသူ
အခန်း (၈) – လူမျက်နှာနှင့် မျောက်ကိုယ်ခန္ဓာ
အခန်း (၉) – ကောသမ္ဗီမှ ယစ်မူးစေသော သစ်ပင်
အခန်း (၁၀) – လူရိုင်းကျွန်းသို့ ရောက်ကြခြင်း
အခန်း (၁၁) – အချစ်သစ်နှင့် တွေ့ခဲ့ရသူ
အခန်း (၁၂) – အန္တရာယ်လမ်းမှ ဖြတ်သန်းကြရခြင်း
အခန်း (၁၃) – အာယုသိဒ္ဓိကျွန်း အကျဉ်းသား
အခန်း (၁၄) – နတ်ရေကန်မှ ထူးဆန်းကြယ်မှုများ
အခန်း (၁၅) – အသက်ရှည်စေသော ဆေးနည်းများ
အခန်း (၁၆) – ထူးဆန်းသော သတို့သမီး
အခန်း (၁၇) – အာယုသိဒ္ဓိကျွန်းမှ လွတ်မြောက်ရန် ကြိုးစားကြခြင်း
အခန်း (၁၈) – နှလုံးသားအသစ်နှင့် ချစ်သူ


www.burmeseclassic.com



## အခန်း (၁)

# ဘုတာရုံလမ်းမှ ပုဏ္ဏားအတိုက်သောအိမ်

'ဂိုအာ'ရွှေမြို့တော်ကြီးအကြောင်းကို အခြားရေးသားခဲ့ပြီးသော စာအုပ်အချို့တွင် ထည့်သွင်းရေးသားခဲ့ဖူးပြီး ဖြစ်လေသည်။

ဂိုအာရွှေမြို့တော် (Golden Goa)ကြီးသည် နှစ်ပေါင်းမြောက်များစွာကပင် အိန္ဒိယပြည် အနောက်ဘက်ကမ်းခြေတလျှောက်တွင် အစည်ကားဆုံးနှင့် ထင်ပေါ်ကျော်ကြားလှသောမြို့တော်ကြီးအဖြစ် တည်ရှိခဲ့လေသည်။

www.burmeseclassic.com



ရှေးအခါက ကုန်မျိုးစုံရောင်းဝယ်ဖောက်ကားခဲ့သော နေရာဖြစ်ရာ ဈေးမြို့ကြီးတစ်မြို့ဆိုပါက မှားမည်မဟုတ်ပေ။

မြို့သူမြို့သားအများစုမှာ ဟိန္ဒူလူမျိုးများသော်လည်း ရှေးအခါက မဟာဗေဒင်ဘုရင်တစ်ပါး အုပ်ချုပ်သော ဘီဇပူရ် ပြည်နယ်အတွင်း၌ ပါဝင်လေသည်။

(၁၅၁၉)ခုနှစ်လောက်က အိန္ဒိယပြည်အား မဂိုဘုရင်များက တိုက်ခိုက်သိမ်းပိုက်ခဲ့ကြရာ (၁၅၉၅)ခုနှစ်ရောက်မှ . . အိန္ဒိယတောင်ပိုင်းမှာရှိကြသော တိုင်းပြည်အတော်များများ မဂိုဘုရင်လက်အောက်သို့ ကျရောက်ခဲ့ကြရခြင်း ဖြစ်ပေသည်။

ဂိုအာရွှေမြို့တော်သည် ရှေးအခါက ပေါ်တူဂီစစ်သားများသိမ်းပိုက်ခြင်း ခံရပြီးနောက် ပျက်စီးခြင်းသို့ရောက်ခဲ့ရသည် ဆိုက မမှားပေ။

လူတို့၏ဘဝအဆင့်အတန်းတို့မှာ . . ပြောပလောက်အောင် မရှိတော့ဘဲ နိမ့်ကျသွားခဲ့သောကြောင့် ကျွန်အရောင်းအဝယ်အလုပ်နှင့် ပြည့်တန်ဆာလုပ်ငန်းများမှာ အပေါများဆုံး ဖြစ်ခဲ့လေသည်။

ကိုယ်လုံးကိုယ်ထည်တောင့်တင်းပြီး အိန္ဒိယသွေးပါသောကြောင့် ရုပ်ရည်ချောမောသော မိန်းမတို့မှာ . . ပေါ်တူဂီစစ်သားမိန်းမ၊ သို့မဟုတ် အပျော်မယားဘဝသို့ ရောက်ချင်ရောက်၊ ထိုသို့မှမရောက်လျှင်တော့ ပြည့်တန်ဆာဘဝသို့ ရောက်ကြရသည်က များလေသည်။

၎င်းတို့၏ ဖွံ့ဖြိုးလှပသော ကိုယ်ခန္ဓာတို့ကို ဗန်းပြပြီး





ပေါ်တူဂီစစ်သားတို့ကို သွေးဆောင်ဖြားယောင်းသည်။ ပျော်ပါးလိုသူတို့ကို ဖြားယောင်းသွေးဆောင်သည်။ ထိုသို့မှ အဆင်မပြေလျှင်တော့ မိမိတို့ကိုယ်ခန္ဓာကို ရောင်းချပြီး ကျေးကျွန်ဘဝဖြင့် ဝမ်းစာရှာဖွေရသည်။

ငွေကြေးရှိသူများက မိန်းမများကို ကျွန်အဖြစ်ဝယ်ယူရာတွင် ချောမောပြီး ကိုယ်လုံးကိုယ်ထည်လှပသူများကို ဦးစားပေးရွေးချယ်ကာ ဝယ်ယူကြသည်။

အဘယ်ကြောင့်ဆိုသော် . . .

အိမ်မှာစေခိုင်းရန်အတွက် သာမကပဲ ခြေတော်တင်ရန်အတွက်ပါရည်စူးပြီး ဝယ်ယူကြသောကြောင့်ဖြစ်သည်။

ထိုအချိန်က . . ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်များ၌ လူသူအရောက်အပေါက်နည်းသော ကျွန်းများပေါ်တွင် အသားမည်းကပ္ပလီများ ရှိကြသည်။

ထိုကျွန်းများမှာ နေကြသူများအား ကျွန်အရောင်းအဝယ်ပြုလုပ်သူများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာပြီး . . ရောင်းချရာ ကပ္ပလီမိန်းမများလည်း ပါလာသည်။

ထိုမိန်းမများက အကြမ်းခံနိုင်ရာ ကျေးကျွန်အလုပ်နှင့် ပြည့်တန်ဆာအလုပ်များ ပြုလုပ်ရသည်ကို များစွာသဘောကျကြလေသည်။

လူမည်းယောက်ျားတို့ကို ဇွားရမ်းအသုံးပြုလျှင်လည်း တစ်နေ့နှစ်ပြားပေးပါက ကြိုက်သလောက်ခေါ်ယူ အသုံးပြုနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂိုအာရွှေမြို့တော်မှာ ရောင်းဝယ်ဖောက်ကားမှုနှင့် စီးပွားရေးကောင်းသဖြင့် ရွှေမြို့တော်ဟုသာ တင်စားခေါ်ကြသော်လည်း အနိဋ္ဌာရုံများဖြင့် ပြည့်နှက်နေသည့် မြို့တစ်မြို့သာ ဖြစ်ပေသည်။

ဂိုအာရွှေမြို့တော်နှင့် ဆက်စပ်လျက်ရှိသော မြို့အတော်များများလည်း ရှိပေသေးသည်။

ထိုမြို့များအနက် ဟူးဂလိမြို့၊ အီဂျလိမြို့နှင့် ကောသမ္ဗီမြို့တို့မှာ လူသိများလေသည်၊

ကျွန်ုပ်၏ ဇာတ်လိုက်ကျော်တစ်ဦးဖြစ်သော ဒေါက်တာမင်းထင်ကျော်နှင့်အတူ အခြားအဖော်သုံးယောက်တို့မှာ ဟူးဂလိမြို့သို့ ရောက်ရှိနေကြလေသည်။

အထက်ပါဖော်ပြခဲ့သော မြို့သုံးမြို့မှာ ဘာသာရေးအစွန်းရောက်သူအများစုအတွက် နေထိုင်ကျက်စားရာ အကောင်းဆုံးဖြစ်သဖြင့် ထိုအရပ်ဒေသတွင် ဟိန္ဒူဘာသာဝင် အများစုရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်ကတော့ ဘာသာရေးအတွက် ရောက်နေကြခြင်း မဟုတ်ပေ။ သူတို့လေးယောက်မှာ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌ၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့လေးယောက်ပင် ဖြစ်သည်။

၎င်းတို့လေးယောက်မှာ ထိုမျှခရီးဝေးသော အရပ်ဒေသသို့ရောက်နေကြခြင်းမှာ အကြောင်းမဲ့တော့ မဟုတ်ပေ။

တစ်နေ့သည်၌ ထိုခေတ်အချိန်က ထုတ်ဝေသော သတင်း





စာနှင့်ဂျာနယ်အချို့တွင် ထူးဆန်းသော သတင်းတစ်ပုဒ်ပါလာလေသည်။ အခြားမဟုတ်ပေ။

ကံဘဲ့ဘက်တွင်ရှိသော နေအိမ်တစ်လုံးမှာ လူနေထိုင်၍မရလောက်အောင် ခြောက်လှန့်မှုများနေကြောင်း၊ နေ့အချိန်ဖြစ်စေ၊ ညအချိန်ဖြစ်စေ၊ ထိုအိမ်ပေါ်သို့တက်ရောက်နေထိုင်လျှင် ထုပ်တန်းပေါ်မှ ဆောင့်ကြောင့်ထိုင်ပြီး ငုံ့ကြည့်နေသော ဘီလူးတစ်ကောင်ကို တွေ့ရကြောင်း၊

ညအချိန်ရောက်လာလျှင်လည်း တောက်ခေါက်သံ၊ အံကြိတ်သံများကြားရပြီး မကြာခဏ မီးတောက်ကြီးများပေါ်လာတတ်ကြောင်း၊

ထိုအိမ်၌ နေသူတို့မှာလည်း မကြာခဏသေဆုံးမှုများရှိကြောင်း၊

သေဆုံးသွားသူများကို စစ်ဆေးကြည့်ရာတွင် လည်ပင်း၌ အစွယ်ရာနှစ်ချက်တွေ့ရပြီး သွေးစုပ်ခံထားသည့် လက္ခဏာများတွေ့ရကြောင်း၊

ထိုအိမ်မှာ တက်ရောက်နေသူတိုင်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးသဖြင့် နောက်ထပ်နေထိုင်မည့်သူမရှိဘဲ ပိတ်ထားရကြောင်း၊

သို့သော်လည်း လူမရှိသောအိမ်မှာ ညအချိန်ရောက်လာလျှင် သွားလာလှုပ်ရှားနေသော လူရိပ်များတွေ့ရခြင်းအပြင် မီးတောက်ကြီးများ မကြာခဏတောက်လောင်သဖြင့် ပတ်ဝန်းကျင်မှာ သွားရောက်ငြိမ်းသတ်ပေးရကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ယခုနောက်ပိုင်းတွင် ထိုအိမ်မှ မီးတောက်များ မကြာခဏတောက်လောင်နေရာ ပတ်ဝန်းကျင်မှာ နေထိုင်ကြသူတို့မှာ နေ့တထိတ်၊ ညတထိတ်နှင့်ပင် နေကြရပါကြောင်း၊

စီကာပတ်ကုံး ရေးသားဖော်ပြထားလေသည်။

အချိန်ကာလမှာ (၁၉၃၅)ခုနှစ် ပတ်ဝန်းကျင်ဖြစ်ပြီး တိုင်းပြည်အဝှမ်းမှာ နိုင်ငံရေးလှုပ်ရှားမှုများဖြင့် မငြိမ်မသက်ဖြစ်နေသောအချိန်အခါလည်း ဖြစ်သည်။

ထိုအချိန်ကာလလောက်က ရန်ကင်းမြို့နယ်ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ရပ်ကွက်အချို့မှာ လူစည်ကားခြင်း မရှိသေးပေ။

ကံဘဲ့၊ ဘောက်ထော်၊ မိုးကောင်း၊ ကျောက်ကုန်း . . စသောနေရာများမှာ မြေပြင်ညီညာမှုမရှိပဲ၊ ကျောက်ကုန်း၊ တောင်ကုန်းများ ပေါများလှပြီး သစ်ပင်သစ်တော်များ ထူထပ်စွာရှိလှသည့် နေရာများဖြစ်ကြလေသည်။

(၁၉၀၄)ခုနှစ်နောက်ပိုင်း မိုးကောင်းဘုရားပေါ်ပေါက်လာပြီးနောက် ထိုနေရာတစ်ဝိုက်တွင် နေထိုင်ကြသူအချို့ရှိလာခြင်းဖြစ်သည်။

ယခင်က ဘောက်ထော်ဆက်၌ ရွာကလေးမျှသာရှိပြီး ဘောက်ထော်ရွာဟုပင် ခေါ်ကြကာ . . နေထိုင်သူအများစုမှာ ကုလားလူမျိုးများပင်ဖြစ်ကြသည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် မိုးကောင်းဘုရားအပါအဝင် ဘာသာရေးအဆောက်အဦးအချို့ရှိကြရာ အများ





အားဖြင့်တော့ ကုလားဘုရားကျောင်းတို့သာ များလေသည်။

ယခုအခါ လူနေအိမ်ခြေ ထူထပ်ပြီး စည်ကားလှသော ရန်ကင်းမြို့နယ်သည်ပင် ကံဘဲ့မြို့မှ အခြေခံကာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

(၁၉၁၂)ခုနှစ်တွင် အင်းစိန်ခရိုင် စတင်ဖွဲ့စည်းခဲ့စဉ်က အင်းစိန်ခရိုင်အတွင်းမှာ ပါဝင်သော ကံဘဲ့(Town Committee) ဖြင့် အုပ်ချုပ်ခဲ့သည်။

(၁၉၅၂)ခုနှစ်နောက်ပိုင်းရောက်သောအခါ ဒေသန္တရအုပ်ချုပ်ရေးပျက်သွားပြီးနောက် ရှေးခေတ်စစ်စာဆိုကုန်းနေရာ၌မြေညှိကာ ရန်ကင်းမြို့နယ်ကို စတင်တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

နောက်ပိုင်း ကံဘဲ့နှင့်ရန်ကင်းကို ပူးပေါင်းကာ ရန်ကင်းမြို့နယ်အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။

သို့ကြောင့် ရန်ကင်းမြို့နယ်မဖြစ်မီက အကြောင်းအရာနေရာအချို့ကို ဗဟုသုတအနေဖြင့် ရေးသားဖော်ပြပေးပါမည်။

ကံဘဲ့သည် ရန်ကင်းမြို့နယ်အတွင်း၌ အဓိကကျသောနေရာတစ်ခုဖြစ်ရာ ထိုအကြောင်းကို ဦးစွာဖော်ပြပေးပါမည်။

ကံဘဲ့သည် မွန်ဘာသာအမည် 'ခပင်း'မှဆင်းသက်လာပြီး 'ကသစ်ပင်'ဟု အဓိပ္ပါယ်ရပါသည်။

ရွာအနီးဝန်းကျင်၌ ကသစ်ပင်များ ပေါက်ရောက်လျက်ရှိသဖြင့် ယင်းသို့ခေါ် ဆိုကြခြင်းဖြစ်ဟန်တူသည်။

အလောင်းမင်းတရားလက်ထက်က ကံဘဲ့မှာ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်ရှိ မွန်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာငယ်ကလေး ဖြစ်ခဲ့၏။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း ကံဘဲ့နယ်မြေ၌တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

စစ်ကြီးပြီးဆုံးသွားပြီးနောက် (၁၈၂၈)ခုနှစ်၊ ဧပြီ(၂၀)ရက်နေ့ ရက်စွဲပါ ရန်ကုန်မြို့နေ ဦးသာအေးက မော်လမြိုင်မြို့ရှိ ဆရာဂျပ်ဆင်(ယုဒသန်)ထံ ပေးစာအရ ကံဘဲ့ရွာတွင် ဦးအောင်ဒက်ဆိုသူ ခရစ်ယာန်ဘာသာဝင်တစ်ဦး နေထိုင်ကြောင်း သိရှိရ၏။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ရန်ကုန်မြို့ ဗြိတိသျှအစိုးရလက်အောက်သို့ ကျရောက်သွားသောအခါ ကံဘဲ့ရွာမှာ ကုန်းတန်းတိုက်နယ်အဝင် ကျေးရွာတစ်ရွာဖြစ်လာပါသည်။

ထို့နောက် (၁၈၇၇)ခုနှစ်တွင် မြို့အဖြစ်သတ်မှတ်ခံရစဉ် လူဦးရေ (၈၇၇)ဦးနေထိုင်ကြောင်း သိရှိရ၏။

(၁၉၀၁)ခုနှစ်တွင် (၁၃၃၈)ဦးရှိလာပြီး (၁၉၁၁)ခုနှစ်တွင် (၁၈၉၁)ဦးအထိ တိုးတက်များပြားလာခဲ့သည်။

(၁၉၁၂)ခုနှစ်တွင် ကံဘဲ့သည် အင်းစိန်ခရိုင်၊ အင်းစိန်ဆပ်ဒီဗီဇံ လက်အောက်ခံ ဖြစ်လာပါသည်။

ကံဘဲ့မြို့တွင် ကျောင်းပိုင်း၊ မြောက်ပိုင်း၊ ရမ်းတိုက်၊ ကုက္ကိုင်းလမ်း၊ စူနီရန်ပတ်၊ ရွာသစ်ကုန်း၊ မြို့ကွက်သစ်၊ ကျောက်ကုန်း၊ ဘောက်ထော်စာရေးတန်းဘူတာ၊ စမ်းရေတွင်း(တစ်ခြမ်း)၊ ဘောက်ထော်ဝက်ကုန်း(တစ်ခြမ်း)ရပ်များ ပါဝင်ပါသည်။





ဘောက်ထော်ရွာသည် ကံဘဲ့ရွာ၏အရှေ့တောင်ဘက် နှစ်မိုင်အကွာ၌ တည်ရှိကြောင်း ဗြိတိသျှမြန်မာဂေဇက်အတွဲ(၂)၌ ဖော်ပြပါရှိပါသည်။

ဘောက်ထော်သည် မွန်ဘာသာအမည် "ပေါက်ထော" မှ ဆင်းသက်လာပြီး "ပေါက်"သည်"ဟင်္သာ"၊ "ထော"သည်"ရွှေ" ဟု အဓိပ္ပါယ်ရသဖြင့် "ရွှေဟင်္သာ"ဟု ဆိုလိုရင်းဖြစ်ပါသည်။

(၁၉၁၂)ခုနှစ်တွင် အင်းစိန်ဆပ်ဒီဗီဇံအတွင်း ပါဝင်သွားပြီး ဆန္ဒင်းကုန်း၊ နှင်းဆီကုန်း၊ ရွှေနဘန်၊ ဝက်ကုန်း၊ ကန်ဖွန်းခင်းကန်ကုန်း၊ သရက်တောရပ်ကွက်နှင့် ဘောက်ထော်ဝက်ကုန်း(တစ်ခြမ်း)တို့ဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်။

ဘောက်ထော်ရွာသည် ယခုအခါ အမှတ်(၁၆)ရပ်ကွက်တွင် ပါဝင်သည့်အတွက် ရွာမဟုတ်တော့ပေ။ ရန်ကင်းမြို့နယ်တွင် ပါဝင်သည်။

ရန်ကင်းမြို့နယ်အတွင်း ဘာသာပေါင်းစုံ သက်ဝင်ယုံကြည်ကြသူများ နေထိုင်ကြရာတွင် ဘာသာရေးဆိုင်ရာ ရှေးဟောင်းအဆောက်အဦးအချို့ကို တွေ့ရှိရသည်။

တရုတ်ဗုဒ္ဓဘာသာ သက်သတ်လွတ်ကျောင်းသည် ဘောက်ထော်ဘူတာရုံလမ်း၌ တည်ရှိပြီး မယ်သီလရှင်ကျောင်းတစ်ကျောင်းဖြစ်ပါသည်။

ယင်းကျောင်းကို (၁၉၂၇)ခုနှစ်၊ ဧပြီလ(၈)ရက်နေ့တွင် ဘိုကလေးမြို့မှ တရုတ်အမျိုးသားဦးစိတ်ကောင်း၊ ဒေါ်ပျော့နှင့် ဦးစိန်လုံး၊ ဒေါ်တင်စီဖော့ မိသားစုတို့က တည်ထောင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သတ်လွတ်စားလျက်. . . တရားအားထုတ်ရာကျောင်းဖြစ်ပြီး ဦးစိတ်ကောင်း၊ ဒေါ်ပျော့တို့၏မြေး ဒေါ်တင်တင်က ကျောင်းအုပ်အဖြစ် တာဝန်ယူအုပ်ချုပ်ပါသည်။

ကံဘဲ့နှစ်ခြင်းဘုရားရှိခိုးကျောင်းသည် ကျောက်ကုန်းလမ်းဘေး၌တည်ရှိပြီး (၁၉၅၅)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်နေ့တွင် ဒေါက်တာခင်ဦးက တည်ထောင်ခဲ့ခြင်းဖြစ်သည်။

စိန့်ဂျုဒ်ဘုရားရှိခိုးကျောင်းမှာ သမာဓိလမ်းရှိ ရိုမင်ကက်သလစ်ဘာသာဝင်များ၏ ဘုရားကျောင်းဖြစ်သည်။

ယင်းကျောင်းကို (၁၉၁၇)ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စရီစူပရာမန်းနီးယား ဘုရားကျောင်းသည် ကံဘဲ့ဘူတာရုံလမ်းထက်၌တည်ရှိပြီး ကိုလိုနီခေတ်ဦးကာလက ခြောက်ပေခန့်ကျယ်သော ဘုရားကျောင်းကလေး ဖြစ်ပါသည်။

(၁၈၆၇)ခုနှစ်တွင် အိန္ဒိယတိုင်းရင်းသား ဦးမောင်လေးနှင့် ဒေါ်လေးရုံတို့က အိန္ဒိယမှ စံဝါဘုရားကို ပင့်ဆောင်လာပြီး စတင်ကိုးကွယ်ခဲ့ကြသည်ဟုဆို၏။

သို့သော် ကျောင်းတည်ဆောက်မှုကိုမူ (၁၉၆၇)ခုနှစ်တွင်မှ ဆောင်ရွက်နိုင်ခဲ့ကြသည်။

စရီတလျာဏဗစ်က ဒေပဲရှမား(လ)ဘုရားကျောင်းသည် မိုးကောင်းဘုရား အရှေ့ဘက်မုခ်အနီးတွင် တည်ရှိပြီး (၁၉၀၀) ပြည့်နှစ်၌ ဆာမိနိတီကားရီက လှူဒါန်းအုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။

(၁၉၀၄)ခုနှစ်တွင် ဘုရားကျောင်းတည်ဆောက်ပြီးစီးခဲ့





သည်။

စရီဗိရိယာ နာယဂီအမ္မန် ဘုရားကျောင်းမှာ (၁၉၁၇)ခုနှစ်တွင် ကလယ်လူမျိုးမစ္စရီခေါ် ဦးနဂလိန်ငန်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဂူဂျာရတီဘုရားကျောင်းမှာ ဘောက်ထော်ဘူတာရုံလမ်း၌ရှိပြီး (၁၉၆၂)ခုနှစ်က တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဇိုန အတ္တာ(လ) အစ္စလာမ်ဗလီဝတ်ကျောင်းသည် အစ္စလာမ်ဘာသာဝင်တို့၏ ဝတ်ကျောင်းဖြစ်ပြီး. . ကျောက်ကုန်း၊ ရတနာလမ်း၌ တည်ရှိပါသည်။

(၁၉၄၂)ခုနှစ်က ဝါးထရံကာ ဗလီအဖြစ်ဆောက်လုပ်ခဲ့သော်လည်း (၁၉၄၅)ခုနှစ်တွင် လက်ရှိအနေအထားအတိုင်း ပြင်ဆင်ဆောက်လုပ်ခဲ့သည်။

၄င်းမှာ ရန်ကင်းမြို့နယ်အတွင်းရှိ တစ်ခုတည်းသော ဗလီဝတ်ကျောင်းဖြစ်သည်။

စူနီရန်ပတ်(ခ) (Sooniram Park)မှာ ကိုလိုနီခေတ်က စူနီရန်အမည်ရှိ အိန္ဒိယတိုင်းရင်းသား သူဌေးတစ်ဦးပိုင်နေရာဖြစ်ပါသည်။

ယင်းနေရာ၌ ရော်ဘာတောကြီးတည်ရှိပြီး နောင်တွင် အိန္ဒိယသူဌေးပိုင် ရော်ဘာခြံမြေများအား ခွဲစိတ်ရောင်းချခဲ့၏။

ရော်ဘာခြံကြီး ပျောက်ကွယ်သွားပြီး လူနေအိမ်ခြေများ ပေါ်ပေါက်လာသည့်တိုင် စူနီရန်ပတ်(ခ)ဟူသော အမည်မှာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၈၉)ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင်. . . စူနီရန်ပတ်(ခ)လမ်းအား သုခဝတီလမ်းဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့ပြီး သုခဝတီပန်းခြံကိုလည်း တည်ဆောက်ခဲ့သည်။

ယခုအခါ စူနီရန်ပတ်(ခ)နေရာမှာ ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်အတွင်း ပါဝင်လျက်ရှိသည်။

ရန်ကင်းမြို့နယ်သည် ကံဘဲ့မြို့မမှ အခြေခံပေါ်ပေါက်လာခဲ့ပြီး ယခုအခါ အလွန်စည်ကားလှပေသည်။

ရန်ကင်းမြို့နယ်အတွင်း၌ လူမျိုးပေါင်းစုံတို့၏ ဘာသာရေးအဆောက်အအုံအများဆုံးရှိသော နေရာဆိုပါကလည်း မမှားပါချေ။

ဘာသာရေးနှင့် သက်ဆိုင်သော ဘုရားနှင့်အဆောက်အအုံတို့တွင် (၁၈၉၈)ခုနှစ်လောက်ကပင် စတင်ပေါ်ပေါက်လာခဲ့ပြီး (၁၉၀၄)ခုနှစ်လောက်တွင် စေတီတော်အဖြစ် ပေါ်ပေါက်ခဲ့သော မိုးကောင်းစေတီတော်မှာ အစောဆုံးပေါ်ပေါက်ခဲ့သော စေတီတော်ဖြစ်သည်။

ဘာသာရေးနှင့်သက်ဆိုင်သော နေရာတစ်ခုလည်းဖြစ်ပေသည်။

ဘုရားကျောင်းများနှင့် ပတ်သက်လျှင်တော့ ဘူတာရုံလမ်းအတွင်း၌ရှိသော စရီစူပရာမန်းနီးယား ဘုရားကျောင်းပင်ဖြစ်သည်။

(၁၈၆၇)ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ရှေ့၌ရေးသားဖော်ပြခဲ့သည့်အတိုင်း ဘာသာရေး အ





ဆောက်အဦးများသော ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်းအတွင်းပိုင်း၌ အိမ်ကြီးတစ်ဆောင်မှာ ပုဏ္ဏကတိုက်သကဲ့သို့ဖြစ်ကာ နေထိုင်ဝံ့သူမရှိသလောက် ဖြစ်နေလေသည်။

လူမနေဝံ့သော်လည်း ထိုအိမ်ကြီး၌ ဖြစ်ပေါ်နေသော ခြောက်လှန့်မှုများမှာ ရပ်တန့်သွားခြင်းမရှိဘဲ ဖြစ်ပေါ်မြဲဖြစ်ပေါ်လျက်ရှိနေလေသည်။


အိမ်ကြီးပေါ်မှ လူရိပ်များတွေ့မြင်ရခြင်း၊ အနီးမှလူဖြတ်လျှောက်လျှင် အိမ်အတွင်းမှ တောက်ခေါက်သံကြားရခြင်း၊ အိမ်ထဲမှာရှိသော ပစ္စည်းများ ပြိုလဲသံများကြားရခြင်း၊ မကြာခဏ မီးတောက်ကြီးများ တောက်လောင်ခြင်း စသော အဖြစ်အပျက်များ ဖြစ်ပျက်နေသဖြင့် အနီးပတ်ဝန်းကျင်မှ လူများသာမကပဲ သတင်းစာများ၌ သတင်းအဖြစ် ရေးသားဖော်ပြခဲ့သောကြောင့်လည်း အများက စိတ်ဝင်တစားနေကြလေသည်။

ထို့အပြင် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ နေထိုင်ကြသူတို့မှာလည်း ထိုအိမ်ကြီးမှ မီးတောက်ကြီးများ မကြာခဏ တောက်လောင်သဖြင့် မိမိတို့အိမ်များကိုပါ ကူးစက်လောင်ကျွမ်းမည်ကို စိုးရိမ်ထိတ်လန့်မှုဖြစ်ရသည်က တစ်ကြောင်း၊ ကြောက်စရာကောင်းသော ခြောက်လှန့်မှုများနှင့်လည်း မကြာခဏတွေ့နေရသောကြောင့် များစွာထိတ်လန့်ကြောက်ရွံ့မှု ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ယောဂီကြီးကုမာရဆရာမိနှင့် တွေ့ရခြင်း

ပုဏ္ဏကတိုက်သောအိမ်ကြီးမှာ ရှေးအခါက ကုလားသူဌေးတစ်ဦးပိုင်ဆိုင်ခဲ့သော အိမ်ဖြစ်ပြီး စရီစူပရာမန်းနီးယားကျောင်းမြောက်ဘက်တွင်ရှိသည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်မှာ ရာဘာတောများရှိခဲ့ပြီး လူနေထိုင်မှုမရှိခဲ့ပေ။

ဘုရားကျောင်းပေါ်ပေါက်လာပြီး နောက်ပိုင်းရောက်မှ ကုလားလူမျိုးအချို့ လာရောက်နေထိုင်လာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ပုဏ္ဏကတိုက်သကဲ့သို့ဖြစ်ကာ ထူးဆန်းမှုများဖြစ်ပေါ်နေသောအိမ်ကြီးမှာ ကုလားသူဌေးတစ်ဦးက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ခြံကျယ်ကြီးအတွင်းမှာ ဆောက်လုပ်သောနှစ်ထပ်တိုက်အမျိုးအစားဖြစ်သည်။

ထုထည်နိုင်ခံ့စွာဆောက်ကာ အုတ်ကျွပ်များမိုးထားသည်။ တိုက်တစ်တိုက်လုံး အစိမ်းနုရောင်ဆေးများ သုတ်ထားပြီး အမိုးကိုတော့ နီညိုရောင်ဆေးများ သုတ်ထားလေသည်။

ကုလားသူဌေး ထိုနေရာသို့ လာရောက်နေထိုင်ခဲ့ပြီး နောက်ပိုင်းမှာ ဘုရားကျောင်းနှင့်အနီးတစ်ဝိုက်တွင် လာရောက်နေထိုင်သူအချို့ ရှိလာသည်။

အများစုမှာ ကုလားလူမျိုးများဖြစ်ပြီး မြန်မာလူမျိုးအချို့လည်း ပါလေသည်။

ကုလားသူဌေးနေစဉ်က ထိုတိုက်ကြီးမှာ ထူးထူးခြားခြားဘာမှမဖြစ်ခဲ့ပေ။

(၁၉၃၃)ခုနှစ်လောက်ရောက်သောအခါ ကုလားသူဌေးက ထိုအိမ်ကြီးကို ရောင်းချပြီး၊ အိန္ဒိယသို့ ပြန်သွားလေတော့သည်။ အိမ်ကြီးကိုဝယ်လိုက်သူ မြန်မာလူမျိုးတစ်ဦးဖြစ်သည်။ ၎င်းက အိမ်ကြီးကိုဝယ်ပြီး ချက်ချင်းမနေဘဲ ကုလားလက်သမား၊ အလုပ်သမားများခေါ်ယူ၍ စိတ်တိုင်းကျပြုပြင်ပြီးမှ နေထိုင်လေသည်။

ထိုအိမ်ပေါ်ရောက်ပြီး တစ်ပတ်မပြည့်ခင်မှာပင် ပုဏ္ဏ





ကတိုက်သကဲ့သို့ ခြောက်လှန့်မှုများဖြင့် ကြုံတွေ့ကြရသည်။ ညအချိန်ရောက်လျှင် ခြေသံများ၊ လမ်းလျှောက်သံများကြားရခြင်း၊ မည်းမည်းသဏ္ဍာန်များ သွားလာနေသည်ကို မြင်ရခြင်း၊

တောက်ခေါက်သံ၊ အံကြိတ်သံများကိုကြားရခြင်း. . ၊ ထုတ်တန်းပေါ်၌ ဆောင့်ကြောင့်ထိုင်နေသော ဘီလူးတစ်ကောင်၏ ပုံပန်းသဏ္ဍာန်တို့ကို တွေ့မြင်ရသဖြင့် နေထိုင်ကြသော မိသားစုများမှာ များစွာကြောက်လန့်ကြလေသည်။

နောက်တော့ အိမ်ရှင်သူဌေး ရုတ်တရက်သေဆုံးသွားလေသည်။

သေဆုံးစဉ်က လည်ပင်းတစ်နေရာ၌ အစွယ်ရာနှစ်ပေါက်ရှိနေသည်ကိုလည်း ထူးထူးခြားခြား တွေ့ကြရသည်။

ထိုသူဌေးသေဆုံးသွားပြီးသည့် နောက်မှာတော့ ကျန်မိသားစုများက မနေဝံ့ကြတော့သဖြင့် ထိုတိုက်ကြီးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချကာ ပြောင်းရွှေ့သွားကြလေသည်။

နောက်ပြောင်းလာသူတို့မှာလည်း ကောင်းစွာမနေကြဘဲ ခြောက်လှန့်မှုများခံရရုံမက မိသားစုတစ်ယောက် သေရပြန်သောအခါ ဆက်လက်မနေဝံ့တော့သဖြင့် နောက်တစ်ဦးကိုရသည့်ဈေးဖြင့် ရောင်းချကာ ထွက်ပြေးကြရပြန်သည်။

ဤသို့ဖြင့် သရဲခြောက်သော ထိုတိုက်ကြီးမှာ နေထိုင်သူမမြဲဘဲရှိရာ နောက်ဆုံးနေထိုင်သူများမှာ လူတစ်ယောက်သေဆုံးပြီးနောက် ပြန်လည်ရောင်းချသောအခါ ဝယ်ယူဝံ့သူမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်သုံးလေးဆက် ပြောင်းရုံမကပဲ လာရောက်နေထိုင်သည့် မိသားစုများထဲမှ တစ်ယောက်မဟုတ်တစ်ယောက် သေဆုံးရသောသတင်းများက တစ်ဆင့်စကားတစ်ဆင့်ကြားကြရပြီးဖြစ်သောကြောင့် မဝယ်ဝံ့ကြတော့ခြင်းဖြစ်လေသည်။

ထိုသို့မရောင်းရသည့်တိုင် ပိုင်ရှင်များကလည်း ဆက်လက်မနေဝံ့ကြတော့သဖြင့် အိမ်တံခါး၊ ခြံတံခါးများကိုပိတ်ကာ အခြားနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြလေသည်။

နောက်ပိုင်း ထိုတိုက်ကြီး၌ နေထိုင်သူမရှိဘဲ တံခါးပိတ်ထားသော်လည်း မီးရောင်များ၊ လူရိပ်များမြင်ရခြင်းများအပြင် ညအချိန်ရောက်လျှင် . . . အိမ်တံခါးပေါက်နေရာတွင် ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးကိုပါ မကြာခဏ တွေ့ကြရသောကြောင့် သရဲခြောက်သော တိုက်ကြီးအဖြစ် လူသိများလာလေသည်။

နောက်ပိုင်းမှာတော့ ညအချိန်ရောက်လာလျှင် ထိုတိုက်ကြီးမှ မီးတောက်ကြီးများ တောက်လောင်နေသည်ကို တွေ့မြင်ရရာ ပတ်ဝန်းကျင်မှ သွားရောက်ကာ ငြိမ်းသတ်ပေးကြရသည်။

ထိုအကြောင်းများမှာ သတင်းစာနှင့်ဂျာနယ်များတွင် အကျယ်တဝင့်ရေးသားဖော်ပြခဲ့ပြီး ဖြစ်သဖြင့်အတော်များများ ကသိခဲ့ကြရပေသည်၊

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ ထိုအိမ်ကြီးရှိရာသို့ သွားကြလေသည်။ ထူးထူးဆန်းဆန်းကိစ္စများကို စိတ်ဝင်စားလေ့ရှိသော ဒေါက်တာ





မင်းထင်ကျော်က ၄င်း၏မိတ်ဆွေရင်းချာတစ်ဦးဖြစ်သူ ဦးဇန်ကောင်းကိုပါ တပါတည်းဝင်ခေါ်ပြီးကားဖြင့် ကံ့ဘဲ့ဘူတာရုံလမ်းသို့ လာခဲ့ကြခြင်းဖြစ်ပေသည်။

ရှေးအခါက ကံ့ဘဲ့ဘူတာရုံလမ်းမှာ မော်တော်ကားဝင်နိုင်လောက်အောင် မကျယ်ဝန်းလှဘဲ မြေသားလမ်းဖြစ်သဖြင့် ကားကို လမ်းထိပ်၌ရပ်ထားခဲ့ပြီး ခြေလျင်ဝင်သွားကြခြင်းဖြစ်သည်။

လမ်းထဲမှာလည်း လူသွားလူလာမများပေ။

လမ်းပေါ်မှာ သွားလာနေကြသူများမှာလည်း အများအားဖြင့်တော့ ကုလားလူမျိုးများသာဖြစ်သည်။

ဘုရားကျောင်းလွန်သောအခါ သတင်းစာ၌ပါသော သရဲခြောက်သည်ဟု နာမည်ကြီးသောတိုက်ကြီးရှိရာသို့ ရောက်သွားကြသည်။

သူတို့နှစ်ယောက် ခြံပေါက်ဝနားရောက်တော့ ထိုတိုက်နှင့်မနီးမဝေးမှာရှိသော အိမ်တစ်လုံးမှ ကုလားအဖိုးကြီးတစ်ယောက်ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ"

"ဒီတိုက်ကြီးက သတင်းစာမှာပါတဲ့ တိုက်ကြီးမဟုတ်လား၊ အထဲဝင်ကြည့်ချင်လို့ပါ"

"ခင်ဗျားတို့က ပုလိပ်လား၊ သတင်းထောက်တွေလား"

"နှစ်ခုစလုံးမဟုတ်ပါဘူး၊ လေ့လာကြည့်ချင်လို့လာတာပါ"

www.burmeseclassic.com



ဟုပြောတော့ ကုလားအဖိုးကြီးက သူ့ခါးမှာချိတ်ထားသောသော့တွဲတစ်တွဲကို ဖြုတ်ပေးသည်။

"တံခါးတွေဖွင့်ပြီး ဝင်ကြည့်ပါ"

ထိုသို့ခွင့်ပေးသဖြင့် ခြံတံခါးဖွင့်ပြီး အတွင်းသို့ဝင်လာကြရာ ကုလားအဖိုးကြီးကလည်း နောက်မှလိုက်လာသည်။ လူမနေတာကြာပြီဖြစ်သောကြောင့် ခြံဝန်းထဲတွင် သစ်ရွက်ခြောက်များ၊ အမှိုက်များနှင့် ချုံနွယ်များ ရှုပ်ထွေးနေသည်။

ထို့နောက် တံခါးဖွင့်ပြီး အိမ်ထဲဝင်ကြည့်ကြသည်။ အိမ်ထဲမှာထားသော ပရိဘောဂအသုံးအဆောင်များမှာ ပြိုလဲပြန့်ကျဲနေသည်။

မီးလောင်ထားသော နေရာအချို့လည်း တွေ့ရသည်။

ကြမ်းပြင်ပေါ်မှာတော့ ဘီရိုမှန်များကွဲနေရာ မှန်ကွဲစများက ပြန့်ကျဲနေသည်။

ဒေါက်တာမင်းထင်ကျော်တို့က အောက်ထပ်နေရာအနှံ့လိုက်ကြည့်ပြီးနောက် အပေါ်ထပ်တက်ကြည့်တော့ ကုလားအဖိုးကြီးက အောက်ထပ်၌နေခဲ့လေသည်။

အပေါ်ထပ်မှာလည်းပစ္စည်းများ၊ ပရိဘောဂများပြိုလဲပျက်စီးနေကာ ရှုပ်ပွနေလေသည်။

"အခြေအနေကြည့်ရတာ အတော်ဆိုးနေတဲ့ပုံပဲ"

"သရဲခြောက်တာဆိုရင် ဒီလောက်အခြေအနေမဆိုးနိုင်ဘူး၊ ဘီလူးစီးတာတို့၊ ဖုတ်ဝင်တာတို့၊ ပုဏ္ဏာကတိုက်တာတို့ဆိုရင်သာ ပစ္စည်းတွေက ဒီလိုဖြစ်တာ"





"သူတို့ပြောပုံအရဆိုရင် ပထမနေတဲ့ ကုလားသူဌေးတွေတုန်းက ဘာမှမဖြစ်ခဲ့ပဲ၊ နောက်ပိုင်းနေတဲ့လူတွေကျမှ ဖြစ်တာဆိုတော့ မောင်ထင်ကျော်ဘယ်လိုထင်သလဲ"

ဟု ဦးဇန်ကောင်းကမေးသည်။

"မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုးလည်း ဖြစ်နိုင်တာပဲ၊ ကုလားသူဌေးက သူမနေတော့ဘဲ အိန္ဒိယပြန်ရတော့မှာမို့ သူဆောက်ခဲ့တဲ့တိုက်မှာ နောက်ထပ်ဘယ်သူမှ မနေနိုင်အောင် လုပ်ခဲ့တာလည်း ဖြစ်နိုင်တာပဲ"

"ဒီလိုဆိုရင်တော့. . . သူလုပ်ခဲ့တဲ့အစီအရင်ကို တွေ့အောင်မရှာနိုင်မချင်း ဒီအိမ်ကြီးမှာ လူမနေနိုင်တော့မှာတော့ အသေအချာပဲ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ပိတ်ထားသော အိပ်ခန်းများကို တံခါးဖွင့်ပြီး တစ်ခန်းချင်းလိုက်ကြည့်လေသည်။

အနောက်ဘက်၌ရှိသော အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်မှာတော့ သွေးကွက်များတွေ့ရသည်။ သွေးကွက်များက လောလောဆယ်ကျနေသကဲ့သို့ စိုစွတ်နေသည်။

ဒေါက်တာမင်းထင်ကျော်က မွေ့ယာခင်းပေါ်မှာ စွန်းပေနေသောသွေးကို လက်ဖြင့်တို့ကြည့်လိုက်သည်။

ယခုမှထွက်သော သွေးစိမ်းရှင်ရှင်များပင်ဖြစ်သည်။

"သွေးစိမ်းတွေပဲ"

"ဘယ်ကကျတာလဲ"

ဒေါက်တာမင်းထင်ကျော်က အပေါ်သို့မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သွေးစက်များက မျက်နှာကြက်ကြားမှ စိမ့်ထွက်ကာ. . တစက်ချင်းကျနေခြင်းဖြစ်သည်။

"မျက်နှာကြက်က စိမ့်ကျနေတာ"

"အပေါ်တက်ကြည့်မလား"

ထိုသို့ပြောနေစဉ် တစ်စက်ချင်းကျနေသော သွေးစက်များက ရပ်သွားသည်။

မျက်နှာကြက်၌ စိမ့်ထွက်နေသော သွေးများလည်း မရှိတော့ပေ။

"အပေါ်တက်ကြည့်ရင်လည်း ဘာမှတွေ့ရမယ် မထင်ပါဘူး၊ ကျွန်တော်တို့ကို သင်္ကေတပြတာပဲဖြစ်မှာပါ"

ဟုပြောဆိုပြီး အခန်းတံခါးချပ်များကို ပြန်ပိတ်ကာ နှစ်ယောက်သား အောက်ထပ်သို့ပြန်ဆင်းခဲ့ကြသည်။ ကုလားအဖိုးကြီးကတော့ စိတ်ရှည်လက်ရှည်ရပ်စောင့်နေလေရာ ဒေါက်တာမင်းထင်ကျော်က အနားလျှောက်သွားလေသည်။

"ဒီတိုက်ကြီးနဲ့ ပတ်သက်တဲ့အကြောင်းတွေ ခင်ဗျားဘာသိသလဲ"

အဖိုးကြီး ခေါင်းခါပြသည်။

"ကျုပ်တော့ ဘာမှမသိဘူး"

"ဒါဖြင့် နည်းနည်းပါးပါးသိတဲ့သူ ဘယ်သူရှိမလဲ"

အဖိုးကြီးက စဉ်းစားနေသည်။

ပြီးမှ. . .

"ဘုရားကျောင်းမှာ ယောဂီကြီးတစ်ယောက်ရောက်နေ





တယ်၊ သူ့မေးကြည့်ရင်တော့ သိနိုင်မယ်ထင်တယ်"

ဟု ပြောပြသည်။

ဒေါက်တာမင်းထက်ကျော်က ခေါင်းညိတ်ပြလိုက်ကာ ၄င်းအိတ်ထဲမှ ငွေဒင်္ဂါးတစ်ပြားကို ထုတ်ယူပြီးကုလားအဖိုးကြီးအားပေးလိုက်သည်။

"ခင်ဗျားလိုက်ပို့ပေးပါ"

ငွေဒင်္ဂါးတစ်ပြားရသောအခါ ကုလားအဖိုးကြီး၏ အမူအရာမှာ စောစောကနှင့် မတူတော့ပဲ သွက်လက်တက်ကြွလာလေသည်။

"ကျုပ်နောက်က လိုက်လာခဲ့ပါ"

ထိုသို့ပြောပြီး စရိစ္စပရာမန်းနီးယားဘုရားကျောင်းရှိရာသို့ ခေါ်သွားလေသည်။

သူတို့ရောက်သွားသောအချိန်က ဘုရားကျောင်းထဲမှာ ဝေယျာဝစ္စဆောင်ရွက်ပေးသော ကုလားအချို့မှလွဲပြီး အခြားညှော့သည်များ ရှင်းနေသည်။

သူတို့ကိုခေါ်သွားသော အဖိုးကြီးက နတ်ဘုရားရုပ်ထုကြီးဘေးဘက်တွင် ငြိမ်သက်စွာထိုင်ပြီး ယောဂကျင့်စဉ်ကျင့်နေသော ယောဂီကြီးရှိရာသို့ ခေါ်သွားလေသည်။ အနီးရောက်သောအခါ ယောဂီကြီးက မျက်စိဖွင့်ပြီး တစ်ချက်ကြည့်သောအခါ လိုက်ပို့ပေးသောအဖိုးကြီးက ကုလားဘာသာစကားဖြင့် တစ်စုံတစ်ခုပြောပြီး နတ်ဘုရားရုပ်ထုနှင့်ယောဂီကြီးတို့ကို အရိုအသေပေးကာ ပြန်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ယောဂီကြီးနှင့် မနီးမဝေးမှာ ဝင်ထိုင်လိုက်ကြသည်။

ဘုရားကျောင်းအတွင်းမှာတော့ အမွှေးနံ့သာရနံ့များ အပြင် မီးခိုးငွေ့များပါ ရောထွေးလျက်ရှိသည်။ ပြတင်းပေါက်များမှ ဝင်လာသောလေကြောင့်သာ အတန်အသင့် အသက်ရှူချောင်နေခြင်းဖြစ်၏။

"ကျွန်တော်တို့ကြောင့် ခင်ဗျားအနှောင့်အယှက်ဖြစ်သွားသလား"

"မဖြစ်ပါဘူး၊ အချိန်တွေအများကြီးရှိပါတယ်၊ နောက်တော့ ဆက်လုပ်မှာပေါ့"

"ယောဂီကြီးရဲ့ အမည်က ဘယ်သူလဲ၊ ဘယ်ကလာတာလဲ"

"ကျွန်ုပ်က အိန္ဒိယကပါပဲ၊ နာမည်က 'ကုမာရဆွာမိ'လို့ခေါ်တယ်၊ သင်တို့ဘာအတွက် ကျွန်ုပ်နဲ့လာတွေ့တာလဲ"

"သိချင်တာတွေ မေးချင်လို့ပါ၊ ခင်ဗျားပြောပြနိုင်မလား"

"မေးပါ"

သိမ်မွေ့စွာပင် ပြန်ပြောလေသည်။

"ဘုရားကျောင်းရဲ့ မြောက်ဘက်မှာရှိတဲ့တိုက်ကြီးမှာ ထူးထူးဆန်းဆန်းတွေ ဖြစ်နေတယ်၊ ခင်ဗျားပြောပြပေးနိုင်မလား"

ယောဂီကြီးကုမာရက မျက်စိမှိတ်သွားသဖြင့် ဒေါက်တာ





မင်းထင်ကျော်တို့က ငြိမ်နေလိုက်သည်။

"ပယောဂတစ်ခုကြောင့်ပါ၊ ဖယ်ထုတ်လိုက်ရင်ကောင်းသွားမှာပါ"

"ခင်ဗျား အကူအညီပေးနိုင်မလား"

သူက နောက်တစ်ကြိမ်ငြိမ်နေပြီးမှ ခေါင်းညိတ်ပြသည်။

"ပေးနိုင်ပါတယ်"

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူ ပုဏ္ဏကတိုက်သော အိမ်ကြီးရှိရာသို့ လိုက်လာလေသည်။

ထိုခြံကိုတာဝန်ယူနေသော ကုလားအဖိုးကြီးမှာမူ ယောဂီကြီးကိုယ်တိုင်လိုက်လာသည်ကို မြင်သောအခါ များစွာအံ့သြနေပြီး သူကိုယ်တိုင် တံခါးလိုက်ဖွင့်ပေးရပြန်လေသည်။

အိမ်ထဲရောက်တော့ ယောဂီကြီးကုမာရကပြောသည်။

"ဒီလိုကိစ္စမျိုးလောက်က ကျွန်ုပ်တို့နှင့် မသက်ဆိုင်ပါဘူး၊ ဒါပေမယ့် သင်တို့နဲ့ သက်ဆိုင်မှုရှိနေတော့ အခုလိုလိုက်လာတာပါ"

"ကျေးဇူးတင်ပါတယ်"

"ဒီအိမ်ကြီးမှာ ဖြစ်ပေါ်နေတဲ့ အနှောင့်အယှက်တွေဟာ မူလပိုင်ရှင်နဲ့ ဘာမှမဆိုင်ပါဘူး၊ နောက်ဝယ်တဲ့လူလက်ထဲရောက်တော့ အိမ်ကိုပြုပြင်ဖို့ ပန်းရံတွေ လက်သမားတွေခေါ်တဲ့အခါမှ မသမာသူအချို့က ကြံစည်လုပ်ကိုင်သွားကြလို့ အခုလို အနှောင့်အယှက်တွေ ဖြစ်ပေါ်နေတာပါ"

"ဘယ်လိုလုပ်သွားကြတာလဲ သိပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ မေးလိုက်သည်။

"တိုက်ကိုပြုပြင်ဖို့ငှားတဲ့ ကုလားအလုပ်သမားအချို့က သူတို့ဘုရားကျောင်းအနီးမှာ ဗမာလူမျိုးတွေလာနေတာ မကြိုက်လို့ အခုလိုမနေနိုင်အောင်အစီအရင်တွေ လုပ်သွားတာပါ"

ထို့နောက်. . .

လျှို့ဝှက်စွာပြုလုပ်ထားခဲ့သော အစီအရင်များကို ပြောပြပြီးနောက် ယောဂီကြီးက ဘုရားကျောင်းဘက်သို့ ပြန်သွားရန်ပြင်လေသည်။

"စောစောက စကားထဲမှာပါတဲ့ ကျွန်တော်တို့နဲ့ သက်ဆိုင်မှုရှိတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်မျိုးပါလဲ"

"သင်တို့နဲ့ ကျွန်ုပ်က နောက်ထပ်အကြိမ်ကြိမ်တွေ့ရဦးမယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ပြောခြင်း ဖြစ်ပါတယ်၊ မကြာခင် သင်နေတဲ့နေရာကို ကျွန်ုပ်လာခဲ့ပါ့မယ်"

ဟုပြောပြီး ဘုရားကျောင်းဘက်သို့ ပြန်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ တိုက်အိမ်ကြီးကိုပိုင်ဆိုင်သူများကို အကြောင်းကြားရာ ရောက်လာကြသည်။ ၎င်းတို့က. . ထိုအိမ်ကို ရောင်းချရန် စီစဉ်ထားကြရာ ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြသောအခါ များစွာဝမ်းသာသွားကြလေသည်။

ထို့နောက်မှာတော့ အပေါ်ထပ်အိပ်ခန်းမျက်နှာကျက်





တွင် ကပ်ထားသော လူသေထည့်သော ခေါင်းတလားပုံဥ်တစ်ချပ်နှင့် အပေါ်အမိုးကြား၌ ထိုးထားခဲ့သော လူလက်ဖျံရိုးတစ်ချောင်းကိုသော်လည်းကောင်း၊ မျက်နှာကျက်အပေါ် ထုပ်တန်းတွင် ထွင်းထုထားသော ဘီလူးတက် ဘီလူးဆင်း အရုပ်နှစ်ရုပ်ပါသည့် ထုပ်တန်းကိုသော်လည်းကောင်း၊ အောက်ထပ်အုတ်နံရံအတွင်းမှာ အင်္ဂတေဖြင့်ပိတ်ထည့်ထားခဲ့သည့် မီးတုတ်ကိုင်ထားသော ဘီလူးရုပ်ကိုသော်လည်းကောင်း လဲလှယ်ထုတ်ယူပြီးနောက် ထိုတိုက်ရှေ့မှာပင် မီးပုံရှို့ပစ်လိုက်ကြသည်။

ထို့နေ့မှစပြီး နောက်ပိုင်းရက်များမှာတော့ ပုဏ္ဏားကတိုက်သောအိမ်ကြီးမှာ ရှေးယခင်ကအတိုင်း ငြိမ်သက်သွားရာပတ်ဝန်းကျင်လည်း အနှောင့်အယှက်ကင်းသွားလေတော့သည်။

ထိုအခါမှ လက်ရှိတိုက်ပိုင်ရှင်များလည်း ဒေါက်တာမင်းထင်ကျော်တို့အား များစွာကျေးဇူးတင်ကြလျှက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ၎င်းတိုက်သို့ ပြန်လည်ရွှေ့ပြောင်းလာကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ ထိုကိစ္စကို ဝင်ရောက်အကူအညီပေးရင်းမှ ယောဂီကြီးကုမာရနှင့် ဆုံတွေ့ခဲ့ရပြီး နောက်ဆက်တွဲအကြောင်းဆက်များ ဖြစ်ပေါ်ခဲ့ရလေပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# ယောဂီကြီးနှင့် အသက်ရှည်စေသောနည်း

နောက်တစ်နေ့ညနေပိုင်းအချိန်မှာတော့ ရွှေတောင်ကြား(ကုလားခြံရပ်ကွက်) ရပ်ကွက်မှာရှိသော ဒေါက်တာမင်းဆင်ကျော်နေအိမ်သို့ ထူးခြားသောဧည့်သည်တစ်ဦး ရောက်ရှိလာလေတော့သည်။ အခြားသူမဟုတ်ပေ။

ကံဘဲ့ဘူတာရုံလမ်းမှာရှိသော ဘုရားကျောင်းတွင် တွေ့ခဲ့ရသော ယောဂီကြီးကုမာရပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ ဟိမဝန္တာတောင်တန်းကြီးပေါ်သို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့ပြီး၊ ထိုတောင်တန်းကြီး၏ နေရာအနှံ့အပြား၌ ရှိနေကြသော ယောဂီကြီးများ၊ ဆာဒူးကြီးများနှင့် အကြိမ်ကြိမ်တွေ့ကြုံဆက်ဆံခဲ့ဖူးပြီ ဖြစ်သောကြောင့် ၎င်းတို့အကြောင်းများကို ကောင်းစွာသိရှိပြီးဖြစ်ပေသည်။

၎င်းတို့၏ သိဒ္ဓိစွမ်းအားများနှင့် ယောဂကျင့်စဉ်များ အကြောင်းကို သိတန်သလောက် သိရှိထားပြီဖြစ်ရာ မိမိနေအိမ်လိပ်စာကို ပေးထားခဲ့ခြင်းမရှိပါပဲ ယောဂီကြီး ထိုကဲ့သို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းကိုတော့ အံ့ဩသွားခြင်းမရှိပါချေ။

ထိုကဲ့သို့ ရောက်လာသဖြင့် ဝမ်းသာသွားသဖြင့်၎င်း၏ နေအိမ်ထဲသို့ ဖိတ်ခေါ်ကာ အပေါ်ထပ်မှာရှိသော ဘုရားခန်းသို့ ခေါ်သွားလေသည်။

ထိုနေရာရောက်သောအခါ ဘုရားစင်ရှေ့၌ ခင်းထားသောကော်ဇောပေါ်မှာပင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

ယခုကဲ့သို့ တွေ့ရတော့မှ ယောဂီကြီး၏ ပုံပန်းသဏ္ဌာန်ကိုအသေအချာကြည့်မိလေသည်။

ယောဂီကြီးမှာ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော်လည်း ဘယ်လောက်ရှိမည်ကိုတော့ ခန့်မှန်းရခက်လှသည်။ အဖြူနှင့်အနက်ရောင် ဆံပင်ရှည်တို့ကို ဦးခေါင်းထိပ်ပေါ်တွင် ခပ်သေးသေးတင်ထုံးထားသော်လည်း အချို့ကမျက်နှာပေါ်သို့ ကျနေသည်။





အဖြူရောင်သမ်းနေသော ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကလည်း မျက်နှာတစ်ဝက်လောက်အထိ ဖုံးလွှမ်းနေသည်။

အညိုရောင်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားပြီး လည်ပင်းမှာ ကြီးမားသော ပုတီးတစ်ကုံးဆွဲထားသည်။

၎င်းတွင် လွယ်အိတ်ဟောင်းတစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းပါပြီး အခြားတော့ဘာမှမပါပေ။

ထိုပစ္စည်းနှစ်မျိုးကိုတော့ သူနှင့်အတူသွားလေရာယူဆောင်သွားဟန်ရှိလေသည်။

ဘုရားခန်းမှာထိုင်မိတော့ ယောဂီကြီးကမေးသည်။

"ကျွန်ုပ်ရောက်လာတာကို အံ့ဩနေသလား"

"မအံ့ဩပါဘူး၊ ခင်ဗျားရောက်လာမယ်ဆိုတာကို ကြိုတင်သိထားပါတယ်"

"သင်လည်း စိတ်စွမ်းအားကောင်းသူတစ်ဦး ဖြစ်တယ်ဆိုတာ မြင်ရုံနဲ့သိနိုင်ပါတယ်"

"ဘယ်လိုအချက်တွေကြောင့် သိပါသလဲ"

"စိတ်ရဲ့စွမ်းအားတွေကို မျက်လုံးမှာကြည့်ရင် တွေ့နိုင်ပါတယ်၊ စိတ်စွမ်းအားကောင်းသူတွေရဲ့ မျက်လုံးနဲ့အကြည့်ဟာ တခြားသူတွေနဲ့ ကွာခြားပါတယ်"

"ကျွန်တော်နဲ့လာတွေ့တာ အကြောင်းရှိပါသလား"

"ပြောသင့်ပြောထိုက်တာတွေပြောဖို့ ကျွန်ုပ်လာခဲ့ခြင်းဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါပြီ အေးအေးဆေးဆေးပြောလို့ရပါတယ်၊ ဒါထက် ခင်ဗျားဘယ်လို အစားအသောက်မျိုးတွေ စားပါသလဲ”

“သတ်သတ်လွတ် အစားအစာတွေပဲ စားပါတယ်”

သို့ကြောင့် သူကိုယ်တိုင်အောက်ထပ်သို့ ပြန်ဆင်းသွားပြီး ပေါင်မုန့်၊ ငှက်ပျောသီးနှင့် အဆင်သင့်ရှိနေသော နွားနို့တစ်ဖန်ခွက်ကို ယူလာပြီးနောက် ယောဂီကြီးကိုပေးရာ ကောင်းမွန်စွာလက်ခံကာ စားသောက်နေလေသည်။

စားသောက်ခြင်းနှင့် ပတ်သက်သော ဝေယျာဝစ္စများပြီးသောအခါ ယောဂီကြီးက စကားပြန်စသည်။

“သင့်ဆီကိုလာခဲ့တာ ပြောပြချင်တာလေးတွေရှိလို့ပါ၊ သင့်ကိုပြောပြသင့်တယ်လို့ စိတ်ထဲမှာထင်လို့ တမင်လာခဲ့ခြင်းဖြစ်ပါတယ်”

“ဘယ်လိုအကြောင်းအရာမျိုးပါလဲ”

“အသက်ရှည်ခြင်းနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်”

“ကျွန်တော် စိတ်ဝင်စားပါတယ် ပြောပြပါ”

“အသက်ဆိုတာ လူ၊ တိရစ္ဆာန်၊ သစ်ပင် စသည်တို့အတွက် အဓိကအကျဆုံးပဲ၊ အသက်မဲ့နေရင် ဘာမှမလှုပ်ရှားနိုင်တော့ပဲ ပျက်စီးကြရတယ်၊ ဒါပေမယ့် လူအတော်များများက အသက်ရဲ့တန်ဖိုးကို သိပ်ပြီးအလေးအနက်မထားပဲ မေ့မေ့လျော့လျော့နေတတ်ကြတယ်”

“မှန်ပါတယ်၊ ‘ကိစ္စများမြောင် လူတို့ဘောင်’ဆိုတဲ့ အ





တိုင်းပါပဲ နေ့စဉ်လိုအလုပ်ကိစ္စတွေ ရှုပ်ထွေးနေကြရတော့လည်း အသက်ရှည်ခြင်း၊ မရှည်ခြင်းကိုတောင် . . အတော်များများက သတိမရနိုင်ကြတော့ပါဘူး”

“ဟုတ်ပါတယ်၊ ဒါကြောင့်လည်း သက်တမ်းစေ့မနေကြရဘဲ အမှတ်တမဲ့ သေသွားကြရတာပါပဲ”

“ဒါထက် ခင်ဗျားအသက် ဘယ်လောက်ရှိနေပြီလဲ”

“နှစ်ပေါင်းငါးရာကျော်ခဲ့ပါပြီ၊ ရှေ့မှာလည်း နေချင်သေးတယ်ဆိုရင် နေနိုင်ပါသေးတယ်”

“ဒီလိုအသက်ရှည်အောင် ဘယ်လိုနည်းတွေအသုံးပြုခဲ့ပါသလဲ”

“စိတ်ကိုချုပ်တည်းခြင်းနဲ့ အသက်ရှည်ခြင်းကို ချွေတာခဲ့ပါတယ်”

“စိတ်ချုပ်တည်းတာတော့ ဟုတ်ပါတယ်၊ အသက်ရှည်ခြင်းကို ဘယ်လိုချွေတာပါသလဲ”

ယောဂီကြီးက ရေတစ်ခွက်ကိုသောက်လိုက်ပြီးမှ ပြောပြလေသည်။

“လူတစ်ယောက်ရဲ့ အသက်ရှူမှုဟာ ဒီကနေ့ နေထွက်ချိန်ကနေ၊ နောက်တစ်နေ့ နေထွက်ချိန်အထိ တစ်နေ့အတွက် အသက်ရှူတဲ့အကြိမ်ပေါင်းဟာ (၂၁၆၀၀)ကြိမ်ရှိပါတယ်၊ အသက်ကို မြန်မြန်ရှူတာ၊ အသံမြည်အောင်ရှူတာ၊ သက်ပြင်းချတာတွေပါလာရင် စောစောကပြောတဲ့အသက်ရှူတဲ့ အကြိမ်အရေအတွက် လျော့နည်းသွားစေတယ်၊ ဒါကြောင့်အသက်တိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်စေတယ်"

"ခင်ဗျားပြောတဲ့ အသက်ရှုပုံမျိုးက စိတ်ဆိုးတဲ့အချိန်၊ ဒေါသဖြစ်တဲ့အချိန်နဲ့ စိတ်မချမ်းမသာဖြစ်တဲ့အချိန်တွေမှာ ပေါ်ပေါက်လာတတ်တယ်"

"မှန်ပါတယ်. . ဒေါသကြီးတဲ့သူတွေ၊ စိတ်ကိုမချုပ်တီးနိုင်တဲ့သူတွေနဲ့ အမြဲတစေ စိတ်သောကရောက်နေကြသူတွေဟာ အသက်တိုတတ်ကြတယ်၊ ကျွန်ုပ်တို့ယောဂီတွေကတော့ စိတ်ကို ထိန်းချုပ်အောင်ကြိုးစားပြီးမှ ကိုယ်ခန္ဓာကို ထိန်းချုပ်ထားကြပါတယ်"

"ဆက်ပြောပါ ခင်ဗျာ"

"အသက်ရှုခြင်းဟာ လူတစ်ယောက်ရဲ့အသက်တိုခြင်း ရှည်ခြင်းရဲ့ အဓိကအကြောင်းရင်းတစ်ရပ်ပါပဲ၊ အသက်ကို ဖြေးဖြေးနဲ့ ပြင်းပြင်းရှုခြင်းဟာ အသက်ကိုရှည်စေတယ်၊ အသက်ရှုတိုင်း လူရဲ့ခွန်အားကို ရစေတာမို့ လေကိုအများဆုံး အဆုပ်ထဲရှုသွင်းတဲ့သူဟာ အသက်ရှည်တယ်"

"ခင်ဗျားတို့ ယောဂီတွေလည်း ဒီလိုပဲအသက်ရှုကြသလား"

"ကျွန်ုပ်တို့ ယောဂီတွေကတော့ အသက်များများမရှုကြပါဘူး၊ အသက်များများမရှုပေမယ့် အသက်ရှုမှုနဲ့ သွေးသွားလာမှုဆက်စပ်မှုရှိနေတာကိုတော့ သိကြတယ်"

"ဘယ်လိုသိတယ်ဆိုတာ ရှင်းပြပါဦး"

"စိတ်ကိုသိတယ်၊ အသက်ရှုတဲ့အခါ မိမိခန္ဓာကိုယ်ရဲ့





ဘယ်အစိတ်အပိုင်းတွေနဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်ဆိုတာကို သိတယ်"

"ဟုတ်ကဲ့"

"ယောဂီကြီးတွေဟာ ဒီအချက်ကိုတော့ လျှို့ဝှက်ထားကြတယ်"

"ဘာကြောင့် လျှို့ဝှက်ထားတာလဲ"

"လျှို့ဝှက်ချက်တွေ မသိဘဲလုပ်ရင် အန္တရာယ်ဖြစ်မှာစိုးလို့ပါ။ အမှန်တော့ လူတစ်ယောက်ဟာ အသက်မရှုတော့ရင် သေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"နှလုံးသွေးခုန်နေသမျှ လူဟာအသက်ရှင်နေတယ်၊ ယောဂီကြီးတော့ နှလုံးသွေးခုန်တာနဲ့ အသက်ရှုမှုတွေကို လိုသလို ထိန်းချုပ်နိုင်ကြတယ်"

"နှလုံးသွေးခုန်တာကို ကိုယ်ဆန္ဒရှိတဲ့အတိုင်း ပြုလုပ်လို့ရပါသလား"

"အသက်ပြင်းပြင်း ရှုသွင်းတဲ့လေ့ကျင့်ခန်းတစ်ခု. . . အောင်မြင်သွားရင် တစ်ကိုယ်လုံးမှာ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လိုသလိုထိန်းချုပ်လို့ ရပါတယ်၊ နှလုံးသားကြွက်သားတွေအပါအဝင်ပေါ့"

ထိုစကားကိုတော့ ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ သိပ်ပြီးလက်မခံလိုပေ။

ထိုအခြေအနေကိုလည်း ယောဂီကြီးက ရိပ်မိဟန်တူ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သင့်ကိုလက်တွေ့ပြပါမယ်၊ ကျွန်ုပ်ရဲ့ရင်ဘတ်မှာ နှလုံးခုန်နေတဲ့နေရာကို လက်နဲ့အုပ်ထားကြည့်ပါ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အနားသို့သွား ယောဂီကြီး၏ ဘယ်ဘက်ရင်ဘတ်ပေါ်သို့ လက်ဖြင့်အုပ်ထားလိုက်သည်။

နှလုံးခုန်နေသော အသံကို လက်မှတဆင့် ကြားသိနေရသည်။

ယောဂီကြီးကမျက်လုံးမှိတ်ပြီး ငြိမ်သက်စွာထိုင်နေရာ ခဏကြာတော့. . သူ့ခန္ဓာကိုယ်မှာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ တောင့်တောင့်ကြီး ဖြစ်သွားလေသည်။

နှလုံးသွေးခုန်သံမှာလည်း တဖြည်းဖြည်းနှင့် နှေးလာသည်ကို သတိပြုမိသည်။

နောက်တော့ နှလုံးခုန်သံမှာ လုံးလုံးရပ်တံ့သွားသည်။ ဒေါက်တာမင်းထင်ကျော်က များစွာအံ့ဩသွားသည်။ အတန်ကြာသည်အထိ နှလုံးသွေးတိုးသံ မကြားရတော့သဖြင့် နေရာပြောင်းပြီး စမ်းကြည့်ရာ ယာဘက်ရင်အုံဘက်၌ နှလုံးသွေးခုန်သံကြားရလေသည်။ နောက်တော့ မျက်စိပြန်ပွင့်လာသည်။

"နှလုံးသွေးရပ်တံ့သွားတာကို သင်သိလိုက်သလား"

ခေါင်းညိတ်ပြလိုက်သည်။

"နှလုံးသွေး နေရာရွှေ့သွားတာကိုရော သတိပြုမိလိုက်သလား"





"ပြုမိလိုက်ပါတယ်၊ အတော်ကိုဆန်းကြယ်လှတယ်"

"စိတ်ကို ထိန်းချုပ်နိုင်တဲ့ ယောဂီတွေအတွက် နှလုံးသွေးရပ်တာ၊ နေရာရွှေ့တာလောက်က မပြောပလောက်ပါဘူး၊ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်သွားလာနေတဲ့သွေးတွေကိုတောင် ရပ်တံ့အောင် လုပ်နိုင်ကြတယ်"

"ကျွန်တော့်ကို လက်တွေ့ပြပါလား"

ယောဂီကြီးက သူ့လက်ကောက်ဝတ်ကို ဒေါက်တာမင်းထင်ကျော်လက်ဖြင့် အကိုင်ခိုင်းသဖြင့် သွေးခုန်နေသောနေရာကို ကိုင်ထားလိုက်သည်။ ပုံမှန်အတိုင်းပင် ရှိနေလေသည်။

လက်ကောက်ဝတ်၌ရှိသော သွေးပြန်ကြောကို လက်မဖြင့်အသာဖိထားရာ တဆတ်ဆတ်တုန်နေလေသည်။

နှစ်မိနစ်ခန့်ကြာသော် သွေးခုန်နှုန်းမှာ တဖြည်းဖြည်းနှင့်နှေးလာကာ နောက်ဆုံးရပ်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်က လက်မှနာရီကိုကြည့်ထားရင်းနှင့် သွေးပြန်တိုးလာသည့်အချိန်ကို စောင့်နေရာတော်တော်နှင့် ပေါ်မလာပေ။

တစ်မိနစ်၊ နှစ်မိနစ်ကြာသည့်တိုင် ငြိမ်နေသည်။ လူတစ်ယောက်၏ သွေးတိုးမှုမှာ တစ်မိနစ်လျှင် ပျမ်းမျှ(၈၀)ကျော်ရှိပေရာ လေးမိနစ်ကျော်သည်အထိ သွေးတိုးခြင်းက ပေါ်မလာပေ။

ငါးမိနစ်ရောက်တော့မှ တဖြည်းဖြည်းနှင့် သွေးပြန်တိုးလာပြီး ပုံမှန်အတိုင်း ပြန်ဖြစ်လာလေသည်။

ယောဂီကြီးက မျက်စိပြန်ပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က နောက်သို့ပြန်ဆုတ်ထိုင်ရင်း ရေရွတ်လိုက်သည်။

"အတော်ထူးဆန်းတာပဲ"

"ကျွန်ုပ်တို့ ယောဂီတွေအတွက်ကတော့ ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းတွေကို ထိန်းချုပ်ခြင်းဟာ သာမန်လောက်ပဲရှိပါတယ်၊ ဒီထက်ပိုပြီးလည်း လုပ်နိုင်ကြပါတယ်"

"ဘယ်လိုမျိုးလဲ"

"အသက်ရှူရပ်တာမျိုးပေါ့"

"အသက်ရှင်နေခြင်းအတွက် အသက်ရှူနေကြရတယ်၊ အသက်ရှူရပ်လိုက်ရင် ခင်ဗျားသေသွားမှာပေါ့"

"သင့်ကို လက်တွေ့ပြပါမယ်. . ! ကျွန်ုပ်ခန္ဓာကိုယ်က အသက်ရှူတာရပ်သွားရင် သင်စမ်းသပ်ချင်သလို စမ်းသပ်ကြည့်နိုင်ပါတယ်"

ဟု ခွင့်ပေးပြီး မျက်စိမှိတ်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်က ချက်ချင်းအနားကပ်သွားပြီး ယောဂီကြီးနှာခေါင်းအောက်မှ လက်ညှိုးခံထားကြည့်သည်။ ပထမတော့. . အသက်ရှူသဖြင့် လေတိုးနေသည်။

ခဏကြာတော့ တဖြည်းဖြည်းလျော့သွားကာ ဝင်လေထွက်လေ ရပ်တံ့သွားသည်။

အသက်ရှူနေစဉ်က အနည်းငယ်လှုပ်နေသော ရင်ဘတ်နေရာလည်း ငြိမ်ကျသွားသည်။

ဒေါက်တာမင်းထင်ကျော်က လက်ဖြင့်ခံကြည့်၍ မ





သဖြင့် နာရီမှန်ဖြင့် နှာခေါင်းအဝနားကပ်ကြည့်သည်။ အသက်ရှူနေပါက အပူငွေ့ထွက်သဖြင့် မှန်ပေါ်၌အငွေ့ပြန်ကာမှိုင်းသွားမည်ဖြစ်သော်လည်း ယခုတော့ ထိုသို့မဖြစ်ပေ။

ပုံမှန်အတိုင်းပင် ကြည်လင်လျက်ရှိသည်။

ထိုအခြေအနေကိုမြင်တော့ စိတ်ထဲမှ ထပ်မံအံ့သြရပြန်သည်။

ငါးမိနစ်ခန့်ကြာတော့မှ ရင်ဘတ်မှာအနည်းငယ်ပြန်လှုပ်လာပြီး အသက်ပြန်ရှူလာသည်။

မျက်စိပြန်ဖွင့်လာသည်။

"သင်အံ့သြနေသလား"

"အံ့သြစရာကောင်းတဲ့ မြင်ကွင်းပါပဲ၊ လူတစ်ယောက်အသက်ရှင်ခြင်းအတွက် အဓိကကျတဲ့သွေး၊ နှလုံးနဲ့ အသက်ရှူခြင်းတို့ကို ရပ်တံ့နိုင်ခြင်းဟာ သေမင်းကိုအံတုနိုင်ခြင်းပါပဲ"

"သေမင်းကိုတော့ အံတုလို့မရပါဘူး၊ တစ်ချိန်ကျရင်တော့ သေရမှာပါပဲ၊ ဝိဇ္ဇာ၊ ဇော်ဂျီတွေ သိဒ္ဓိစွမ်းအားတွေနဲ့ အသက်ရှည်အောင်နေကြတယ်၊ ကျွန်ုပ်တို့ယောဂီကြီးတွေကတော့ စိတ်ရဲ့ထိန်းချုပ်မှုစွမ်းအားကို အသုံးပြုပြီး အသက်ရှည်အောင်နေနိုင်ကြတာ ဖြစ်ပါတယ်"

"တကယ်အံ့သြစရာပါပဲ"

"လောကမှာရှိတဲ့ သဘာဝတရားတွေက လူတွေကို ကျန်းမာရအောင် အသက်ရှင်အောင် လမ်းညွှန်ပြသပေးကြတယ်၊ လူတွေက ဂရုမစိုက်ဘူး၊ သတိမမူဘူး၊ အမှတ်တမဲ့နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မှန်ပါတယ်”

“အပူနဲ့အအေးကို အကြောင်းပြုတဲ့ ဓါတ်ကြီးလေးပါးရဲ့ဖြစ်ပျက်၊ ပြောင်းလဲမှုတွေကို ရာသီဥတုနဲ့ပြတယ်၊ သစ်ပင်တွေနဲ့ပြတယ်၊ ဒါပေမယ့် ဂရုမစိုက်ကြဘူး၊ ဆန့်ကျင်ဘက်တွေ လုပ်မိကြလို့ ရောဂါဖြစ်ကြရတယ်၊

ဒီနေရာမှာတော့ လူတွေထက် တိရစ္ဆာန်တွေက သဘာဝရဲ့ အခြေအနေကို ပိုသိပြီး၊ သဘာဝရဲ့ သွန်သင်လမ်းညွှန်မှုတွေကို ပိုပြီးလိုက်နာကြတယ်”

“စိတ်ဝင်စားစရာပါပဲ၊ တိရစ္ဆာန်တွေက လူတွေထက်ပိုပြီး ရာသီဥတုနဲ့ သဘာဝတွေအကြောင်းကို ပိုသိတာကို ပြောပြပေးပါဦး”

ယောဂီကြီးက ရှေ့မှာချထားသော ရေခွက်ကိုယူပြီး . . အနည်းငယ်သောက်လိုက်ပြီးမှ စကားဆက်သည်။

“တိရစ္ဆာန်တွေဟာ တစ်ကောင်နဲ့တစ်ကောင် အသက်ရှူကြတဲ့နေရာမှာ နှေးတာနဲ့မြန်တာချင်း မတူကြဘူး၊ ဆင်တစ်ကောင်ရဲ့ အသက်ရှူပုံဟာ မျောက်တစ်ကောင်ရဲ့ အသက်ရှူပုံထက် ပိုနှေးတယ်၊ ဒါပေမယ့် ဆင်ကမျောက်ထက် အသက်ပိုရှည်တယ်”

“ဟုတ်ကဲ့”

“မြွေကြီးတွေက ခွေးထက်အသက်ရှူတာ ပိုနှေးတယ်၊ ဒါကြောင့် မြွေက ခွေးထက်ပိုပြီးအသက်ရှည်တယ်၊ ဒါကိုကြည့်ရင် အသက်ရှူနှေးတဲ့ သတ္တဝါတွေဟာ အသက်ရှူမြန်တဲ့သတ္တ





ဝါတွေထက်ပိုပြီး အသက်ရှည်ကြတယ်ဆိုတာ တွေ့ရလိမ့်မယ်”

“ဟုတ်ကဲ့”

“ကျွန်ုပ်တို့ယောဂီတွေနေတဲ့ ဟိမဝန္တာတောင်တန်းကြီးမှာရှိတဲ့ ကျောက်ဂူတွေရှိတယ်၊ အဲဒီဂူတွေထဲမှာ သစ်သီးပဲစားတဲ့ လင်းနို့တွေမြောက်မြားစွာ ရှိကြတယ်၊ အဲဒီလင်းနို့တွေဟာ သစ်သီးစားပြီး ကျောက်ဂူထဲမှာ အိပ်ကြတယ်၊ သူတို့တစ်ခါအိပ်ရင် တစ်လနှစ်လကြာတဲ့အထိ အိပ်ကြတယ်၊ အဲဒီလိုအိပ်နေတဲ့အချိန်မှာ အသက်မရှူကြဘူး၊”

“အံ့သြစရာပဲ”

“လင်းနို့တွေဟာ သူတို့အိပ်နေတဲ့အချိန်မှာ အသက်မရှူဘဲ ငြိမ်သက်နေကြပြီး အိပ်နေရာကနိုးလာတော့မှ လှုပ်လှုပ်ရှားရှားလုပ်ကြတယ်၊ ပြန်ပြီး အသက်ရှူကြတယ်”

“ဟုတ်ကဲ့”

“နှင်းတောင်တန်းတွေပေါ်မှာနေကြတဲ့ . ဝက်ဝံတွေလည်း အတူတူပဲ၊ နှင်းတွေကြားထဲမှာ တစ်ကိုယ်လုံးမြှုပ်ပြီး အိပ်နေကြတဲ့အချိန်မှာ အသက်မရှူကြဘူး”

“ဒါတွေကိုသိရဖို့ အတော်လေ့လာခဲ့ရတာပဲ”

“ကျွန်ုပ်တို့ယောဂီတွေ အသက်နဲ့ပတ်သက်တဲ့ယောဂကျင့်စဉ်တွေ မကျင့်မီအချိန်မှာ ဆရာသခင်တွေက တောတိရစ္ဆာန်တွေရဲ့ နေပုံထိုင်ပုံနဲ့ အသက်ရှူပုံတွေကို အရင်လေ့လာခိုင်းလို့ လေ့လာခဲ့ရတယ်၊ ဒါကြောင့် သိခဲ့ရတာပါ”

“ဆက်ပြောပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟိမဝန္တာတောင်တန်းကြီးပေါ်မှာ. . ဆောင်းရာသီရောက်လာရင် နှင်းတွေသိပ်ကျတယ်၊ တိရစ္ဆာန်တွေအတွက် အစာရှာဖွေလို့ မရကြဘူး၊ ဒါကြောင့် ဖျံကောင်တွေဟာ လအတော်ကြာအောင် သူတို့နေတဲ့ဂူတွေထဲမှာ အိပ်နေတတ်ကြတယ်၊ အဲဒီလိုဆောင်းတွင်းကာလတလျှောက်လုံး အိပ်နေတဲ့အချိန်မှာ သူတို့အသက်မရှူဘဲ ငြိမ်နေကြတယ်"

"ဒီလိုအချိန်အကြာကြီး အသက်မရှူဘဲ နေကြတော့ သူတို့အသက်မသေကြဘူးလား"

"မသေပါဘူး၊ နှင်းတွေပျော်ကျသွားတဲ့အချိန်မှာ သူတို့အပြင်ပြန်ထွက်လာကြပြီး ပုံမှန်အတိုင်းပဲ အစာရှာထွက်ကြတာပါပဲ၊ ဒါကြောင့် အသက်မရှူဘဲနေခြင်းဟာ အသက်သေခြင်းရဲ့ အဓိကအကြောင်းရင်းမဟုတ်ဘူးဆိုတာ တွေ့ခဲ့ကြရတယ်"

"လူတွေလည်း ဒီလိုပဲ၊ အသက်မရှူဘဲနေရင် ရနိုင်ပါသလား"

"ရနိုင်ပါတယ်၊ ယောဂီကြီးတွေဟာ ရက်ပေါင်းများစွာကြာအောင် အသက်မရှူဘဲ ငြိမ်သက်နေနိုင်ကြပါတယ်"

ဒေါက်တာမင်းထင်ကျော်အနေနှင့် ဟိမဝန္တာအပါအဝင် အိန္ဒိယနိုင်ငံအဝှမ်းသို့·လှည့်လည်သွားလာခဲ့စဉ် တစ်နေရာထဲမှာ ကိုယ်ဟန်တစ်မျိုးတည်းနှင့် ရက်ပေါင်းများစွာ လပေါင်းများစွာကြာအောင် ငြိမ်သက်နေသော ဆာဒူးနှင့် ယောဂီများကို တွေ့ခဲ့ရဖူးသည်။ အချို့ ခြေတစ်ချောင်းတည်းနှင့် မြေပေါ်မှာရပ်လျက်သော်လည်းကောင်း၊ အချို့လည်း ထိုင်လျက်အနေအထား





မျိုးဖြင့် ရက်ပေါင်းများစွာ ထိုင်နေသဖြင့် သစ်တုံးကဲ့သို့ ဖြစ်ကာ၄င်းတို့ကိုယ်ပေါ်၌ သစ်ပင်ဝါးပင်များပေါက်နေခြင်း၊ ပုရွက်ဆိတ်အုံ၊ ခြတောင်ပို့အုံများ တက်နေသည်ကိုပင် တွေ့ခဲ့ရဖူးသည်။

ပုရွက်ဆိတ်နှင့်ခြကောင်များက ၄င်းမျက်စိ၊ ပါးစပ်၊ နား၊ နှာခေါင်းများအတွင်းသို့ ဝင်ထွက်သွားလာနေကြသော်လည်း တစ်စက်ကလေးမှ မလှုပ်ရှားပေ၊ ထို့ကြောင့် ယောဂီကြီးကုမာရ ပြောသောအချက်များနှင့် ဆက်စပ်မှုရှိသဖြင့် လက်ခံရပေတော့သည်။

"အသက်ရှူခြင်းကို ထိန်းချုပ်နိုင်ရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါသလဲ"

"စိတ်ကိုချုပ်တည်းထားနိုင်ခြင်းဟာ စိတ်စွမ်းအင်ကိုတိုးပွားစေပါတယ်၊ စိတ်စွမ်းအင်ရတဲ့အခါ တန်ခိုးသိဒ္ဓိအမျိုးမျိုးနဲ့ အသက်ရှည်ခြင်းကို ဖြစ်စေနိုင်ပါတယ်"

"ဒါဟာ သာမန်လူတွေ မလုပ်နိုင်တဲ့ကိစ္စမျိုးဖြစ်ပါတယ်၊ အသက်ရှည်စေဖို့ တခြားနည်းလမ်းတွေ ရှိပါသေးသလား"

"ရှိပါသေးတယ်၊ အတော်များများရှိပါတယ်၊ ဝိဇ္ဇာလမ်းစဉ်လိုက်ပြီး သိဒ္ဓိပေါက်ခဲ့ရင် အသက်ရှည်စေရုံမကဘူး၊ သိဒ္ဓိပါရနိုင်ပါတယ်၊ ဆေးဝါးကြောင့် အသက်ရာထောင်ချီပြီး နေနိုင်ပါတယ်"

ထိုအကြောင်းများကိုတော့ ဒေါက်တာမင်းထင်ကျော် သိပြီးဖြစ်သည်။

ဝိဇ္ဇာလမ်းစဉ်ကျမ်းများထဲမှာ သိဒ္ဓိပေါက်စေနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာလမ်းစဉ်များကို ဖတ်ဖူးသည်။

စရက သံဟိတာစသော . . ဆေးကျမ်းများထဲတွင် အသက်တစ်ထောင်အထိ ရှည်စေသောဆေးနည်းများ ဖတ်ဖူးသည်။

"ယခုကျွန်ုပ်သင့်ဆီကို တကူးတကရောက်လာတာ တခြားကြောင့် မဟုတ်ပါဘူး၊ သင့်လိုလူမျိုးတစ်ယောက်စွန့်စားထိုက်သော ကိစ္စတစ်ခုကို လာရောက်ပြောပြလိုခြင်းကြောင့် ဖြစ်ပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ပြောပြပါ"

"သိဒ္ဓိပေါက်တဲ့ ဝိဇ္ဇာလမ်းစဉ်လည်း ကြိုးစားပေမယ့် ထိုက်မှရတယ်၊ ဆေးဝါးဖော်စပ်ရင်လည်း ထိုက်မှသုံးစွဲခွင့်ရတယ်၊ ကျွန်ုပ်တို့ယောဂီတွေရဲ့ ယောဂကျင့်စဉ်ဆိုတာလည်း သာမန်နဲ့ မရနိုင်ကြဘူး၊ လောကမှာ အသက်ရှည်ရှည်နေချင်ရင် အသက်ရှည်စေတဲ့နေရာတစ်ခု ရှိပါတယ်"

"ဘယ်လိုနေရာမျိုးလဲ"

"အာယုသိဒ္ဓိကျွန်းပဲ၊ အဲဒီကျွန်းမှာရှိတဲ့ နတ်ရေကန်ထဲကို ဆင်းခွင့်ရအောင် ကြိုးစားနိုင်ရင် သက်တမ်းရာပေါင်းများစွာကြာအောင် နေနိုင်လိမ့်မယ်"

"အာယုသိဒ္ဓိကျွန်းက ဘယ်နေရာမှာရှိတာလဲ"

"အိန္ဒိယနိုင်ငံထဲက ကောသမ္ဗီမြို့ကနေသွားရင် ရောက်





နိုင်တယ်"

"ဒီလိုနေရာမျိုးကို အလွယ်တကူသွားလို့ရနိုင်ပါ့မလား"

"အနှောင့်အယှက်နဲ့ ဘေးအန္တရာယ်တွေကတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် ဖွဲ့သတ္တိနဲ့ဝီရိယကို အသုံးချပြီးသွားရင် မရောက်နိုင်တဲ့နေရာ မရှိပါဘူး"

ဟုပြောကာ ၎င်းလွယ်အိတ်ကြီးအတွင်းမှ အမှတ်တံဆိပ်တစ်ခုပါသော ရွှေပြားတစ်ချပ်ကို ထုတ်ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်က လှမ်းယူပြီး ကြည့်ရှုနေစဉ် ယောဂီကြီးကုမာရက ၎င်းပစ္စည်းများကို ယူပြီးနေရာမှထသည်။

"ခင်ဗျားသွားတော့မလား"

"ကျွန်ုပ်ဆောင်ရွက်ရမယ့် ဝတ္တရားတစ်ခုပြီးသွားပြီ ဖြစ်လို့သွားတော့မယ်"

"ခင်ဗျားကို နောက်ထပ်တွေ့နိုင်ဖို့ အခွင့်အရေးရှိသေးသလား"

"သံသရာ စက်ဝန်းထဲမှာ ရှိနေကြသေးသမျှတော့ တစ်နေရာမဟုတ် တစ်နေရာမှာ ပြန်ဆုံခွင့်ရှိကြတာချည်းပါပဲ"

ဟုပြောဆိုကာ . . နှုတ်ဆက်ကာ လှေခါးမှအောက်သို့ ဆင်းသွားလေသည်။

ပထမတော့ လှေခါးမှဆင်းသွားသော ခြေသံကိုကြားနေရသေးသည်။ နောက်တော့ ပျောက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှထကာအပေါ်ဆောင် မှန်ပြတင်းပေါက်မှ ခြံတံခါးပေါက်ဝသို့ လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဉ့်ဦးပိုင်းအချိန်ရောက်နေပြီ ဖြစ်သောကြောင့်အပြင်ဘက်မှာ အမှောင်ရိပ်များရှိနေချေပြီ။

ခြံဝန်းထဲမှာ ထွန်းထားသော မီးရောင်အချို့က နေရာကွက်ကြား လင်းနေသည်။

ထိုအခိုက်မှာပင် ပိတ်ထားသော ခြံတံခါးပေါက်မှ အပြင်သို့ထွက်သွားသော အဖြူရောင်ပုံရိပ်သဏ္ဌာန်တစ်ခုကို ခပ်ဝါးဝါးလှမ်းမြင်လိုက်ရသည်။

ခြံပေါက်ဝတံခါးမှာ စောင့်နေသူပင် ထိုပုံရိပ်ကိုသတိပြုမိလိုက်ဟန်မတူပေ။ ဒေါက်တာမင်းထင်ကျော်၏ ဘဝသက်တမ်းတစ်လျှောက်တွင် ထိုကဲ့သို့ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို ကြုံဖူးတွေ့ဖူးနေဖူးသောကြောင့် အဆန်းတကြယ်တော့ မဖြစ်မိတော့ပါချေ။

သို့သော်. . သူ့ထံကိုတော့ ဆန်းကြယ်သောအကြောင်းအရာတစ်ခုက ရောက်လာခဲ့ပြီ ဖြစ်ပေတော့သည်။





# အခန်း (၄)

# ဟူးဂလီမြို့မှမာရီယာ

ထိုကဲ့သို့ ယောဂီကြီးကုမာရနှင့် တွေ့ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်မှာ ထိုအကြောင်းကို များစွာစိတ်ဝင်စားမိလေသည်။

သို့ကြောင့် ဦးဇန်ကောင်းကိုပါ အကျိုးအကြောင်းပြောပြပြီးခါကာ ဆရာကြီးသူရဋ္ဌနေအိမ်သို့ သွားကြလေသည်။ ဆရာကြီးသူရဋ္ဌနေသော နေရာမှာ (ယခု ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ)အတွင်းပိုင်းဘက်တွင် ရှိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါက်တာမင်းထင်ကျော်နေသော နေရာနှင့်တော့ မဝေး လှပေ။

သူတို့နှစ်ယောက်ရောက်သွားတော့. . ဆရာကြီးက ဘုရားခန်းမှထွက်လာပြီး ဧည့်ခန်းမှာပင် ဧည့်ခံလေသည်။

"စောစောစီးစီး နှစ်ယောက်အတူတူတွဲလာပုံထောက် တော့ အကြောင်းထူးရှိလာကြဟန်တူတယ်"

"မှန်ပါတယ် ဆရာကြီး၊ ဆရာကြီးနဲ့တိုင်ပင်စရာရှိလို့ပါ"

"ခရီးသွားဖို့ကိစ္စလား မောင်ထင်ကျော်၊ ကျုပ်လည်း ခရီးဝေးဝေး မသွားရတာကြာလို့ အတော်ကလေးငြီးငွေ့နေ တယ်"

"ခရီးသွားဖို့ပါပဲ၊ ဒီရွှေပြားကို အရင်ကြည့်ပေးပါဦး"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်က ယောဂီကြီး ကုမာရပေးလိုက်သောရွှေပြားကို ဆရာကြီးလက်ထဲသို့ ထည့် ပေးလိုက်သဖြင့် ယူပြီးအသေအချာကြည့်လေသည်။

ရွှေပြားမှာ နှစ်လက်မခန့်ရှိပြီး အဝိုင်းပုံသဏ္ဌာန်တွင် အလယ်၌ ကြက်ခြေခတ်ထားသည်။ အကွက်တစ်ကွက်တွင် အရုပ်တစ်ရုပ်နှင့် သက္ကတဘာသာဖြင့် ရေးထားသောစာအချို့ ပါသည်။

ဆရာကြီးက ထိုစာများကို ဖတ်ကြည့်ပြီးပြောသည်။

"ဒီဘက်မျက်နှာမှာ ရေးထားတဲ့ပုံနဲ့စာတွေက တခြား မဟုတ်ပါဘူး၊ နတ်မင်းကြီးလေးပါးနဲ့ သူတို့ရုပ်ပုံတွေပါပဲ"

ဆရာကြီးသူရဋ္ဌပြောသော နတ်မင်းကြီးလေးပါးတို့မှာ





စတုမဟာရာဇ် နတ်မင်းကြီး(၄)ပါး၊ စတုလောကပါလ နတ်မင်း ကြီး(၄)ပါး၊ လောကပါလ နတ်မင်းကြီး(၄)ပါးဟု အမည်အမျိုးမျိုး ခေါ်ဝေါ်ကြသည့် စတရဋ္ဌနတ်မင်းကြီး၊ ဝိရူဠှကနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ကုဝေရ(သရဝဏ်)နတ်မင်းကြီးလေးပါး တို့ ပင်ဖြစ်ကြလေသည်။

"ဒီဘက်မျက်နှာမှာပါတဲ့ ရုပ်ပုံကရောဆရာကြီး"

"အဲဒီရုပ်ပုံကတော့ နတ်သမီးလား၊ ဘုရင်မလားတော့ မသိဘူး၊ ပလ္လင်ပေါ်မှာထိုင်နေတဲ့ အမျိုးသမီးတစ်ဦးပုံပဲ၊ အောက် မှာရေးထားတဲ့စာတန်းကို အဓိပ္ပါယ်ပြန်ရင် အသက်တို့ရဲ့အရှင် သခင်မ၊ ဒါမှမဟုတ် အာယုသိဒ္ဓိကျွန်းသခင်မလို့ အဓိပ္ပါယ်မျိုး ထွက်တယ်၊ မောင်ထင်ကျော် ဘယ်ကနေဘယ်လို ရလာတာ လဲ"

ထိုသို့မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ယောဂီ ကြီးကုမာရနှင့်တွေ့ပြီး ပေးထားခဲ့ကြောင်းနှင့် သူပြောပြသွား သော 'အာယုသိဒ္ဓိကျွန်း' အကြောင်းကို ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ ဆရာကြီးသူရဋ္ဌ လက်ဖက် ရည်ကို အရသာခံသောက်ရင်းဖြင့် လေးလေးနက်နက် စဉ်းစား နေသည်။

"ဒါကတိုက်ဆိုင်မှုတစ်ခုတော့ မဖြစ်နိုင်ဘူး၊ မောင်ထင် ကျော်ကို အဲဒီနေရာသွားစေချင်လို့ တမင်လာပေးသွားတာပဲ ဖြစ်မှာပါ"

"ဆရာကြီး ထင်မြင်ယူဆချက်ကရော ဘယ်လိုရှိပါသ...



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“ဒါမျိုးတွေကတော့ ရှိနိုင်တာပါပဲ၊ အိန္ဒိယနိုင်ငံအဝှမ်းမှာ ထူးခြားဆန်းကြယ်တဲ့ နေရာတွေအများကြီးရှိတာပဲ၊ မောင်ထင်ကျော်ပြောတဲ့ ကောသမ္ဗီမြို့ဆိုတာလည်း ဂမ္ဘီရဆန်တဲ့ ရှေးဟောင်းမြို့တစ်မြို့ပါပဲ”

“ဆရာကြီးရောက်ဖူးပါသလား”

“ဟိုးခပ်ရွယ်ရွယ်လောက်ကတော့ ရောက်ဖူးပါတယ်၊ အဲဒီမှာ တဆက်တည်းရှိကြတဲ့ ဟူးဂလိမြို့၊ ဟီဂျလိမြို့နဲ့ ကောသမ္ဗမြို့တွေက တဆက်တစပ်တည်းရှိကြတယ်၊ ဘာသာရေးအယူသည်းတဲ့သူတွေ အတော်များတယ်”

“ကျွန်တော်တော့ မသွားခင်ကတည်းက စိတ်ဝင်စားနေတယ်”

“အဲဒီနေရာတွေရောက်ရင်. . ဒီထက်စိတ်ဝင်စားဖို့ကောင်းတဲ့နေရာတွေ တွေ့နိုင်ပါတယ်”

“ကျွန်တော်တို့နှစ်ယောက်ကတော့ သွားဖို့စိတ်ကူးထားတယ်၊ ဆရာကြီးသဘောကလည်း ဘယ်လိုရှိသလဲ”

ဆရာကြီးသူရဋ္ဌက သောက်လက်စလက်ဖက်ရည်ပန်းကန်ကို အသာပြန်ချထားလိုက်သည်။

“ကျုပ်လည်းအသက်ကြီးပြီ. . သက်တမ်းအရဆိုရင်တောင် နောက်ထပ်အချိန် သိပ်မကျန်တော့ဘူး၊ ဒီတော့အသက်ရှည်ဖို့ နည်းလမ်းလေးဘာလေးတွေ့ရင်တော့ ပိုကောင်းမှာပေါ့ မောင်ထင်ကျော်ရယ် သွားကြတာပေါ့”





ဟုပြောရာ. . ခရီးသွားဖော် သုံးယောက်ဖြစ်သွားလေသည်။ ထို့နောက်ပိုင်းတွင် ခရီးထွက်ရန်ပြင်ဆင်နေကြစဉ်မှာ ကျော်စွာက သိသွားပြီး လိုက်လာသည်။

“ဆရာတို့ ခရီးထွက်ရင် ကျွန်တော်လည်းလိုက်ခွဲ့ပါရစေ”

ဟုခွင့်တောင်းသဖြင့် ခွင့်ပြုခဲ့ရာ ခရီးထွက်သောအခါ လေးယောက်ဖြစ်သွားလေတော့သည်။

၎င်းတို့လေးယောက်သည်၊ ကမ်းရိုးတန်းသွားကုန်တင်ခရီးသည်တင် သင်္ဘောများဖြင့် လိုက်သွားကြရာ ရက်အတော်ကြာမှ စစ်တကောင်းသို့ရောက်သည်။

ရှေးနှစ်ပေါင်းများစွာက စစ်တကောင်းမြို့သည် ရခိုင်ဘုရင်ပိုင်သော နေရာတစ်ခုဖြစ်သော်လည်း နောက်ပိုင်း နယ်နိမိတ်များ သတ်မှတ်သောအခါ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ နယ်နိမိတ်အတွင်းသို့ ရောက်ရှိသွားလေသည်၊

၎င်းတို့သည် ခရီးအဆင့်ဆင့်သွားကြရမည်ဖြစ်ရာ စစ်တကောင်းမှတဆင့် ဟူးဂလိမြို့သို့ တစ်ဖန်ခရီးဆက်ခဲ့ကြသည်။ စစ်တကောင်းမှ ဟူးဂလိအထိရောက်အောင် ရေလမ်းခရီးမှ သင်္ဘောများဖြင့်သာ သွားကြရသည်။

ရှေးအခါက ဟူးဂလိမြို့သည် ပင်လယ်ဓားပြများ၊ ကျွန်ဘုန်ကူးသူတို့ ခိုအောင်းရာ၊ စတည်းချရာ မြို့တစ်မြို့ဖြစ်ခဲ့ပြီး နောက်ပိုင်းမှာတော့ နည်းအမျိုးမျိုးဖြင့် စီးပွားရှာဖွေသူတို့ စုဝေးရောက်ရှိလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့၌ ဘာသာရေးအစွန်းရောက်သူ အတော်များများလည်းရှိနေကြသည်။

တစ်မြို့လုံး ကုလားလူမျိုးများပြီး၊ ရခိုင်နှင့်မွန်ဂိုအချို့တော့ရှိကြသည်။

ထိုမြို့ရောက်သောအခါ အကောင်းဆုံးဟုဆိုသော တည်းခိုခန်းတစ်ခန်းသို့ သွားရောက်တည်းခိုကြသည်။ တည်းခိုခန်းက မြို့စွန်ဘက်၌ရှိပြီး ကျယ်ဝန်းသပ်ရပ်သော တည်းခိုဆောင်ဖြစ်သည်။

"မင်္ဂလာပါခင်ဗျား၊ မြန်မာပြည်က ဧည့်သည်တွေကို ကျွန်တော်တို့တည်းခိုခန်းက ကြိုဆိုပါတယ်"

တည်းခိုခန်းမန်နေဂျာက မြန်မာစကားနှင့်ပင် ပြောဆိုနှုတ်ဆက်သည်။

"ကျွန်တော်နာမည် စံရွှေသာပါ. . . ရခိုင်လူမျိုးတစ်ယောက်ဖြစ်ပါတယ်၊ ဒီတည်းခိုခန်းမှာ လိုအပ်တာရှိရင် ကျွန်တော်ကိုပြောနိုင်ပါတယ်"

ဟုပြောပြသည်။

ထို့နောက် ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့နှစ်ယောက်က နှစ်ယောက်အိပ်နိုင်သော အခန်းကျယ်တစ်ခန်းယူပြီး ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ကတော့ တစ်ယောက်တစ်ခန်းစီ ယူကြသည်။

တည်းခိုခန်းရောက်သောအခါ ခရီးပန်းလာကြသောကြောင့် ညစာစားသောက်ပြီးနောက် အိပ်ရာဝင်ကြရန်ပြင်ကြ





သည်။

ညဦးပိုင်းအချိန်ရောက်တော့ တံခါးခေါက်သံကြားသဖြင့် ဒေါက်တာမင်းထင်ကျော်က တံခါးဖွင့်ပေးလိုက်သည်။

တံခါးပေါက်ဝမှာတော့ ဟော်တယ်မန်နေဂျာ စံရွှေသာနှင့်အတူ အတန်အသင့်ချောမောလှပသော အမျိုးသမီးတစ်ဦးပါလာသည်။

ပုံပန်းသဏ္ဌာန်ကြည့်ရသည်မှာ မဂိုအမျိုးသမီးဖြစ်ဟန်ရှိသည်။

"ဆရာအလိုရှိမယ်ဆိုရင် သူ့ကိုအသုံးပြုနိုင်ပါတယ်၊ သူက ဗမာစကား၊ မဂိုစကားနဲ့ အင်္ဂလိပ်စကား တတ်ကျွမ်းပါတယ်"

"ကောင်းပြီလေ၊ မနက်ဖြန် မြို့ထဲလျှောက်ကြည့်ရင်တော့ မင်းကိုခေါ်ပါ့မယ်၊ နာမည်ဘယ်လိုခေါ်သလဲ"

"မာရီယာလို့ ခေါ်ပါတယ်ရှင်"

သူမက အလွန်ပီသသော မြန်မာစကားနှင့်ပင် ချိုသာစွာပြန်ပြောလေသည်။

"ကောင်းပြီ၊ မနက်ဖြန် မနက်ပိုင်းမှာ ဧည့်ခန်းကစောင့်နေပါ၊ မြို့ထဲသွားတော့ ခေါ်သွားပါ့မယ်"

"ဒီညအတွက်ပြုစုပေးဖို့ လိုအပ်ပါသေးသလားရှင်"

"ဒီညအတွက်တော့ မလိုအပ်တော့ပါဘူး"

ဒေါက်တာမင်းထင်ကျော် စကားကြားသောအခါ များစွာအံ့သြသောအမူအရာဖြင့် တစ်ချက်ကြည့်ပြီးနောက် ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း တံခါးပြန်ပိတ်ပြီးနောက် စိတ်ချလက်ချအိပ်ရာ မကြာမီနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါကိုယ်လက်သန့်စင် အဝတ်အစားလဲပြီး ဆင်းလာလေရာ. . အောက်ထပ်ဧည့်ခန်း၌ မိမိအဖော်သုံးယောက်ကို တွေ့ရလေသည်။

ထို့ပြင် မန်နေဂျာစားပွဲနံဘေးမှာ ထိုင်နေသော မာရီယာကိုပါ အဆင်သင့်တွေ့ရသည်။

နံနက်စာ စားသောက်ပြီးသောအခါ မာရီယာကိုပါ ခေါ်ပြီးမြို့ထဲထွက်ကြလေသည်။

မာရီယာမှာ အသက်(၂၈)နှစ်အရွယ်ခန့်ရှိပြီး ဘောင်းဘီပွပွနှင့် ရင်စေ့အင်္ကျီအရှည်ကို ဝတ်ဆင်ထားရာ သူမ၏ပင်ကိုယ်အလှအပများ ပေါ်လွင်နေကြသည်။

"ဆရာတို့ကို ဘယ်နေရာပို့ပေးရမလဲရှင်"

"လူစည်ကားတဲ့နေရာကို အရင်သွားမယ်၊ ပြီးမှ ထူးခြားတဲ့နေရာတွေကို လိုက်ပို့ပေးပါ၊ ဒီမြို့မှာထူးခြားတာတွေ ဘာတွေရှိသလဲ"

"ဒီမြို့မှာတော့ အထူးခြားဆုံးကတော့ ဟိန္ဒူနတ်ကွန်း(နတ်ဘုရားကျောင်း)တွေ ဖြစ်ပါတယ်"

"ကောင်းပြီလေ. . ဈေးရှိတဲ့နေရာနဲ့ သင်္ဘောဆိပ်တွေ





ဘက်အရင်သွားပြီးတော့မှ နတ်ကွန်းတွေရှိတဲ့နေရာဘက် သွားကြတာပေါ့"

ထိုသို့ပြောပြီး ဂျစ်ကားတစ်စင်းငှားရမ်းကာ ဈေးနှင့်သင်္ဘောဆိပ်များရှိသော နေရာဘက်သို့ အရင်သွားကြလေသည်။

ဈေးနှင့်သင်္ဘောဆိပ်မှာ တဆက်တည်းရှိပြီး လူအစည်ကားဆုံးနေရာလည်း ဖြစ်သည်။ ဈေး၏အရှေ့ဘက် ပန်းခြံလမ်းဆောင်းနေရာရောက်တော့ မာရီယာက ကားရပ်ပြီးပြောပြသည်။

"ဒီနေရာက ပန်းခြံနေရာပါပဲ ရှေးအခါက ကျွန်ကုန်ကူးတဲ့အလုပ်တွေ လုပ်ကြတုန်းက. . ဒီနေရာမှာ ကျွန်တွေကို အရောင်းအဝယ်လုပ်ခဲ့ကြပါတယ်"

ပင်လယ်ဓားပြများ၊ ကျွန်ကုန်ကူးသောသင်္ဘောများမှ လက်နက်အားကိုးဖြင့် ပင်လယ်အတွင်း၌ရှိသော ကျွန်းများသို့ လှည့်လည်ကာ ကပ္ပလီများကို ဖမ်းဆီးခေါ်ဆောင်လာကြသည်။

သင်္ဘောဝမ်းထဲတွင် တိရစ္ဆာန်များဖမ်းသလို ဖမ်းဆီးခံခဲ့သောလူများကို ဟူးဂလိမြို့အထိ သယ်ဆောင်လာကြသည်။

မြို့သို့ရောက်သောအခါ သံကြိုးများ၊ ကြိုးများဖြင့် ပန်းခြံနေရာသို့ ခေါ်ဆောင်လာကြသည်။

ထိုနေရာရောက်သောအခါ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အဝတ်မပါသော ခန္ဓာကိုယ်များဖြင့် ရပ်ပြပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ဝယ်မည့်သူများက ထိုနေရာသို့လာရောက်ကာ ကြိုက်နှစ်သက်သော ကျွန်တို့ကို ရွေးချယ်ဝယ်ယူကြသည်။ ထိုသို့ ဝယ်ယူရာမှာလည်း ကျွဲနွားတိရစ္ဆာန်ဝယ်သလို တစ်ကိုယ်လုံး အပြစ်အနာအဆာရှိမရှိ အသေအချာကြည့်ရှုစစ်ဆေးပြီး ကြိုက် နှစ်သက်မှ ဝယ်ယူကြခြင်းဖြစ်သည်။

ယောကျ်ားများကိုတော့ ခိုင်းစေရန်အတွက် အသုံးချရန် ဝယ်ယူကြသော်လည်း မိန်းမများကိုတော့ ခိုင်းစေရန်အတွက် သာမက လိင်ကျေးကျွန်အဖြစ် အသုံးချရန်ရွေးချယ်ဝယ်ယူကြ လေသည်။

ထိုအကြောင်းများကို မာရီယာက ပြည့်စုံစွာပြန်ပြောပြ လေသည်။

ထိုနေရာတစ်ဝိုက်ပြီးသောအခါ ဟိန္ဒူနတ်ကွန်းများရှိ ရာသို့ ဆက်သွားကြလေသည်။

ဟိန္ဒူနတ်ကွန်းကြီးများ ဆောက်လုပ်ထားသည်မှာ အံ့ သြစရာဖြစ်သည်။

သာမန်ဆောက်လုပ်ထားခြင်းမဟုတ်ပဲ ကမ္ဘာ့အံ့ဖွယ် တစ်ပါးကဲ့သို့ ဖြစ်အောင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထား ခြင်းဖြစ်လေသည်။

ရှေးအခါက ထိုနတ်ကွန်းကြီးများ၌ ကျင်းပပြုလုပ်ခဲ့ သော ဘာသာရေးပွဲတော်များမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

ယင်းပွဲတော်များအနက် သြရိဿနယ်၌ ကျင်းပခဲ့





ရှိသော 'ဂျာဂါနသ်'ပွဲတော်သည်။ • အရေးအပါဆုံးနှင့် အကြီး ကျယ် အခမ်းနားဆုံးသော ပွဲတော်ဖြစ်ပေသည်။

ဂျာဂါနသ်ပွဲတော်ကို ဇွန် လေမုတ်သုန်ဝင်စအချိန်တွင် ဝင်လယ်တမ်းခြေ၌ ကျင်းပကြခြင်းဖြစ်ပေသည်။

ထိုပွဲတော်ကျင်းပသောရက်တွင် ရပ်ဝေးတွင်ရှိသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များ၊ မွန်မြတ်သော သူ့ဖွယ်တန်းဖွယ်များဖြင့် လှပခမ်းနားစွာ တန်ဆာဆင်ထား သော ယာဉ်ရထားကြီးများကို မြောက်များစွာသော လူအုပ်ကြီး အဆွဲယူခြင်း၊ စီတန်းလှည့်လည်ခြင်းများ၊ ထိုဘုရားလှည့်ပွဲ ကျင်း ပသောနေရာသို့ ယောဂီများနှင့် ဘုရားကို ကြည်ညိုရှိခိုးနေကြ သော ဘုရားဖူးပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးမျှ တိုးမပေါက် အောင် စည်ကားလှပေသည်။

ထိုကဲ့သို့ လိုက်ပါလာသည့် မြောက်များလှစွာသော လူ အုပ်ကြီးမှာ ဟိန္ဒူနတ်ကွန်း၏ အဝင်အဝသို့ရောက်သောအခါ ယုံကြည်ကိုးကွယ်သော ဘာသာသဘာဝအတိုင်း ဂါထာမန္တန် များ ရွတ်ဆိုခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများကို ဆူဆူညံညံ ဖြင့် ပြုလုပ်ကြလေတော့သည်။

ဟိန္ဒူဘုရား လှည့်လည်ရာတွင် အသုံးပြုသည့် ကျောင်း ဆောင်တင်သည့် ယာဉ်ရထားမှာ ထုထည်ကြီးမားလှပြီး မြင့် မောက်ခြင်းလည်း ရှိသည်။

ယာဉ်ရထားတစ်ခုလုံး ထုထည်ကြီးမားသော ပန်းက ဘီးများဖြင့် တပ်ဆင်ထားရာ အလေးချိန်ကလည်း အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



များလေသည်။

ထိုယာဉ်ရထားကို 'ဂျာဂါနသ်' ယာဉ်ဟုခေါ်ကြသည်။ ကျောင်းဆောင်တင်သောယာဉ်ရထားမှာ မူလကပင် အလေး ချိန်များလှပေရာ ထုထည်ကြီးမားသော ပန်းကနူတ်များကိုပါ တင်ထားသောအခါ ပြောဖွယ်မရှိတော့ပေ။

အိမ်ကြီးတစ်ဆောင်တမျှ လေးလံနေတော့သည်။ နံ ဘေးတွင် ကြီးမားကြံ့ခိုင်သော လှည်းဘီးကြီးများတပ်ဆင်ထား ရာ များစွာလေးလံလှသောကြောင့် လူပေါင်းများစွာပြိုင်တူတွန်း မှ ရွေ့လျားနိုင်ပေသည်။

ဂျာဂါနသ်ရထားယာဉ် ဆိုက်ရောက်လာသည်နှင့်. . မြောက်များလှစွာသော ဘုရားဖူးများရောက်လာကြပြီး ရှိခိုးကြ ဆုတောင်းသမှုပြုကြ၊ ဂါထာမန္တန်ရွတ်ဆိုသံများက နားကွဲလု မတတ် ဆူညံနေကြသည်။

ထို့နောက် ရထားယာဉ်စတင်ထွက်ခွာသည်နှင့် အချို့ ရှေ့မှ ဆီးကာထားရာ ရထားယာဉ်တိုက်သဖြင့် လဲကျသေဆုံး သွားခြင်း၊ မြောက်များလှစွာသော လူအုပ်ကြီးများ၏ ခြေထောက် အောက်ရောက်ကာ အသက်ထွက်သွားကြခြင်း၊ အချို့လည်း လှည်းဘီးအောက်သို့ တဖင်ပစ်လှဲကာ လှည်းဘီးအကြိတ်ခံကာ အသေခံကြသည်။

အချို့ကလည်း လှည်းဘီး၌တပ်ဆင်ထားသော ငါးမြား ချိပ်ကဲ့သို့ ချွန်ထက်လှသော သံချိပ်များကို မိမိတို့ကျောပြင်၌ ချိတ်စေလျက် ရထားဘီးလည်သည့်အတိုင်း ချာလပတ်လည်





ကာ တရွတ်ဆွဲ၍ ပါသွားကြသည်။

ကိုယ်ခန္ဓာမှလွင့်စင်လာသော သွေးများနှင့် အပိုင်းအစ များက အခြားဘုရားဖူးများကိုယ်ပေါ်သို့ လာရောက်စွန်းပေ လေသည်။

ဘုရားလှည့်ပွဲကျင်းပရာ ဂျာဂါနသ်ရထားသွားရာလမ်း တလျှောက်တွင် သေဆုံးကျန်ခဲ့သည့် အလောင်းများ၊ ၎င်းတို့ ကိုယ်ခန္ဓာမှထွက်သော သွေးများက မြင်မကောင်းအောင် ရှိလေ သည်။

ဘုရားပွဲတော်ရက်ရောက်လျှင် သေဆုံးရသည့် လူဦး ရေအရေအတွက်က မနည်းလှပါချေ။

အထက်ပါအကြောင်းအရာများမှာ ဟိန္ဒူနတ်ကွန်းသို့ ရောက်သွားသောအခါ မာရီယာက ပြောပြသောအကြောင်းအ ရာများပင် ဖြစ်ပေသည်။

ထိုနေ့က တစ်နေ့လုံး မြို့ထဲအနှံ့လျှောက်ကြည့်ပြီးမှ ညနေစောင်းအချိန်ရောက်မှ တည်းခိုခန်းသို့ ပြန်ကြလေသည်။ ညဦးပိုင်းအချိန်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က မာရီ ယာကိုမှာပြီး အပေါ်ထပ်ဧည့်ခန်း၌တွေ့ကာ သိလိုရာမေးသည်။

"ငါတို့က မနက်ဖြန်ဆိုရင် ဟီဂျလီမြို့ကို ခရီးဆက်ကြ မယ်၊ အဲဒီမှာလည်း စိတ်ဝင်စားစရာနေရာတွေ ရှိတယ်မဟုတ် လား"

"ရှိပါတယ်ရှင်"

"မင်းရောက်ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ဖူးပါတယ်၊ ကျွန်မကဒီအရပ်ဒေသတွေမှာ မွေးဖွားကြီးပြင်းခဲ့တာပါ"

"မင်းဇာတိက ဘယ်နေရာလဲ"

"ကောသမ္ဗီမြို့ကပါ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

သူတို့ခရီးစဉ်၏ အဓိကနေရာမှာ ကောသမ္ဗီမြို့ဖြစ်ကြောင်း. . နယ်မြေကျွမ်းကျင်သော မာရီယာလို နယ်ခံတစ်ယောက်ပါလျှင် ပိုပြီးအဆင်ပြေမည်ဟု တွေးမိသည်။

"မင်းရဲ့အကြောင်းကို နည်းနည်းလောက် ပြောပြပါလား"

"ကျွန်မက ကောသမ္ဗီမြို့မှာ မွေးပြီးကြီးခဲ့တာပါ၊ အခုတော့ မိဘတွေမရှိတော့လို့ အဒေါ်ဆီမှာနေပါတယ်၊ အဒေါ်မိသားစုကဆင်းရဲတော့ တဖက်တလမ်းက ဝင်ငွေရအောင် အလုပ်လုပ်ရင်းက ဒီရောက်နေတာပါရှင်"

ဟုပြောပြသည်၊

မာရီယာ၏ အမူအရာကို ကြည့်ရသည်မှာ အမှန်အတိုင်း ပြောနေသည်ဟုလည်း ထင်မိလေသည်။

"ဒီလိုမေးရတာ တစ်မျိုးတော့မထင်ပါနဲ့၊ မင်းကိုအကူအညီတောင်းစရာရှိလို့ပါ"

"ဘယ်လိုအကူအညီမျိုးလဲဟင်"

"နောက်ထပ်သွားမယ့် နေရာနှစ်နေရာအတွက် မင်းခေါ်သွားချင်တယ်"





"ရှင်"

"ဒီလိုပါ. . ငါတို့သွားမယ့်နေရာက ကောသမ္ဗီမြို့ပါ၊ တစ်ခေါက်မှ မရောက်ဖူးတော့ ဒေသခံဖြစ်တဲ့မင်းပါရင်. . ပိုကောင်းမယ်ထင်တယ်"

ထိုစကားကြားသောအခါ မာရီယာက အတန်ကြာသည်အထိ စဉ်းစားနေသည်။

"ကျွန်မ လိုက်ချင်ပေမယ့် မရဘူးထင်တယ်"

"ဘယ်လိုကြောင့်လဲ"

"မန်နေဂျာပေးထားတဲ့ငွေက မကြေသေးဘူး"

"အတော်များလို့လား၊ ဒီငွေဆပ်ခဲ့ပြီးရင်ကော လိုက်ခွင့်ရမလား"

"ငွေကတော့ သိပ်မများပါဘူး၊ သူ့ဆီကယူထားတဲ့ငွေပြန်ပေးနိုင်ရင်တော့ လိုက်ခဲ့လို့ရပါတယ်"

"ဒီလိုဆိုရင်တော့ စိတ်မပူပါနဲ့၊ ပေးစရာကျန်တဲ့ငွေအပြင် သူ့ကိုပိုပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မလည်းပြန်ချင်နေတာအတော်ကြာပါပြီ၊ ပြန်ခွင့်မရသေးလို့သာ"

"ကဲ. . ဒါဖြင့် အဆင်သင့်သာပြင်ထားပေတော့၊ မနက်ဖြန်သင်းတော့ ငါတို့ခရီးဆက်ကြတာပေါ့"

မာရီယာက ခေါင်းညိတ်ပြသည်။

"ဒီညအတွက် ကျွန်မဒီမှာ နေပေးရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ငါတို့က မင်းကိုအလိုရှိတာ ခရီးသွားဖို့အတွက် လမ်းပြပေးရုံပါပဲ၊ ကျန်တာတွေအတွက် မဟုတ်ပါဘူး"

ဟု ပြောလိုက်တော့မှ ဒေါက်တာမင်းထင်ကျော်အား လက်အုပ်ချီကာ အရိုအသေပေးပြီး အောက်ထပ်သို့ ပြန်ဆင်းသွားလေတော့သည်။





## အခန်း (၅)

# ဆောက်ါးကျွန်းမှ ငါးမန်းစာကျွေးသူများ

မမျှော်လင့်ပဲ သူတို့ခရီးသွားအဖွဲ့၌ လူတစ်ယောက် ထပ်တိုးလာသည်။ မာရီယာပင်ဖြစ်သည်။ မာရီယာပါလာခြင်းက သူတို့အတွက် ကံကောင်းစေခြင်းပေလော မပြောတတ်ပေ။

တည်းခိုခန်း မန်နေဂျာကတော့ ရုပ်ရည်လည်းချော၊ သွက်လက်ချက်ချာပြီး ဘာသာစကား အတော်များများ တတ်ကျွမ်းနားလည်သော မာရီယာကို မပြန်စေလိုပေ။ သို့သော်လည်း ၄င်းပေးထားသောငွေအပြင် နောက်ထပ် ငွေပိုငွေလျှ



www.burmeseclassic.com

www.burmeseclassic.com



မြိုးမြိုးမြက်မြက်ရသောကြောင့် လိုက်ခွင့်ပေးလိုက်ရခြင်းဖြစ်ပေသည်။

မာရီယာကတော့ မမျှော်လင့်ဘဲ သူမနေရပ်သို့ ပြန်ခွင့်ရခဲ့သောကြောင့် ပေါ့ပါးပျော်ရွှင်နေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း ကောသမ္ဘီမြို့သို့မရောက်မချင်း အာယုသိဒ္ဓိကျွန်းအကြောင်းကို မပြောကြပေ။

ဟူးဂလီမြို့မှ ကမ်းရိုးတန်းသွားသင်္ဘောနှင့်ပင် ဟီဂျလီမြို့သို့ ခရီးဆက်ကြလေသည်။

ဒေသခံ၊ နယ်ခံတစ်ဦးဖြစ်သော မာရီယာ ပါလာသောကြောင့် လူအများနှင့် ဆက်ဆံရသည့် နေရာမှာသော်လည်းကောင်း၊ ခရီးစဉ်များ စီစဉ်ရာ၌သော်လည်းကောင်း စမ်းတဝါးဝါး မဖြစ်တော့ဘဲ များစွာအဆင်ပြေနေတော့သည်။

"ကျုပ်တို့ခရီးစဉ် အဆင်ပြေချင်တော့ လမ်းပြပေးမည့်သူကလည်း အဆင်သင့်ပါပဲလားဗျ"

ဆရာကြီး သူရဒွန္တကပြောသည်။

"ဒါပေါ့ ဆရာကြီးရယ်၊ သူတော်ကောင်း နတ်ကောင်းမဆိုတာ ဒါမျိုးဖြစ်မှာပေါ့"

ဦးဗန်ကောင်းကပါ ဝင်ပြောသည်။

"သူတော်ကောင်း နတ်ကောင်းမဆိုတာထက် စေတနာကောင်းရင် ကံကောင်းတယ် ဆိုတဲ့စကားကပိုပြီးဆီလျော်တယ်ဗျ။ မောင်ထင်ကျော်က ဘယ်သူ့အပေါ်မှာမဆို စေတနာဖြူဖြူနဲ့ အကူအညီပေးတတ်တော့. . သူမှာအခက်အခဲရှိတော့လည်း အကူအညီပေးမယ့်သူ ပေါ်လာတာပဲပေါ့ဗျာ"





ထိုစကားကိုတော့ ကျော်စွာကပါ ဝင်ရောက်ထောက်ခံလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ သူ့အကြောင်းကိုပြောနေကြသောကြောင့် ပြုံးရုံသာပြုံးနေပြီး ဘာမှဝင်မပြောပေ။ ထိုအချိန်က မာရီယာမှာ သူမအခန်းထဲမှာပင် ရှိနေလေသည်။

"ဆရာကြီးပြောတာ အတော်မှန်တယ်၊ ဆရာက စေတနာကောင်းတော့ အခုဆိုရင် မဂိုကုလားမလေးက သူ့အနားပဲကပ်နေတော့တာပဲ"

ထိုစကားကြားတော့ ဦးဗန်ကောင်းက. . .

"ဒါကတော့ ကုလားမလေးက သူနဲ့စပြီး သိကြတဲ့အပြင် အစစအရာရာ သူကပဲ ဆောင်ရွက်ပေးနေတော့ သူကိုခင်ပြီး အနားကပ်နေတာပါ။ ဘာလဲ မင်းက မနာလိုဖြစ်နေလို့လား"

ဟု ဝင်မေးလိုက်ရာ ကျော်စွာမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ. . .

"မဟုတ်ပါဘူး အဘရာ"

ဟု ကဗျာကရာ ငြင်းသဖြင့် အားလုံးက သဘောကျစွာရယ်လိုက်ကြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ဝင်ပြောသည်။

"ဒီမိန်းကလေးက ကျွန်တော်သိရသလောက်တော့ ဘဝကံ သိပ်မကောင်းလှပါဘူး၊ မိဘတွေမရှိတော့ ဆွေမျိုးတွေဆီမှာ နေရပြန်တော့လည်း အခြေအနေမကောင်းလို့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းက ဝင်ငွေရအောင် ရတဲ့အလုပ် လုပ်နေတာပါ. .”

အားလုံးက ဘာမှပြန်မပြောကြပေ. .။

“ဒါကြောင့် ကျွန်တော်တို့လည်း အဆင်ပြေ၊ သူလည်း အလုပ်ရအောင် ခေါ်လာတာပါ”

“ကျွန်တော်တို့ ပြန်ရင်ကော”

“သူ့အတွက် ရင်းနှီးစားသောက်လို့ရအောင် ပေးထားခဲ့မယ်လို့တော့ စိတ်ကူးထားပါတယ်’

“ကောင်းပါတယ် မောင်ထင်ကျော်ရယ်၊ ငွေပေါတဲ့သူက ငွေတစ်ရာ၊ နှစ်ရာက အကြောင်းမဟုတ်ပေမယ့်၊ တစ်ပြားမှမရှိအောင် ဆင်းရဲနေသူအတွက်ကတော့ ထီပေါက်သလိုပါပဲ”

“ဒီလိုစေတနာကောင်းနေလို့ ကံကောင်းတယ်ဆိုတာ ခင်ဗျားတို့ လက်တွေ့ပဲမဟုတ်လား”

“မှန်ပါတယ် ဆရာကြီး”

အချင်းချင်း ထိုသို့ပြောဆိုနေကြလေသည်။

ထို့နောက်မှာတော့ ဒုတိယ ခရီးတစ်ထောက်နားရမည့် အီဂျလီမြို့သို့ ရောက်ကြလေသည်။

ထိုမြို့မှာလည်း ဟူးဂလီမြို့နှင့် များစွာမကွာခြားလှပေ၊ လူမျိုးပေါင်းစုံ ရှုတ်ထွေးခြင်းနှင့် ဘာသာရေး အဆောက်အဦးများ ပေါများခြင်းကတော့ အတူတူပြစ်သည်။

ထိုမြို့ရောက်တော့လည်း မာရီယာကပင် ဦးဆောင်ပြီး ထူးခြားသောနေရာများကို လိုက်ပို့ပေးသည်။

ထိုနေရာများထဲတွင် အီဂျလီမြို့နှင့် မျက်နှာချင်းဆိုင်





နေရာ၌ရှိသော ဆောဂါး(Saungr)ကျွန်းလည်း အပါအဝင် ဖြစ်ပေသည်။

ထိုကျွန်းရောက်တော့ ပြိုပျက်နေသော ဟိန္ဒူနတ်ကွန်းအများအပြားနှင့် အချို့မပြိုပျက်သေးပဲ ကျန်ရှိနေသေးသော ဟိန္ဒူနတ်ဘုရားကျောင်းအတော်များများကို မြင်တွေ့ကြရသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအချိန်၌မှာတွင် ပင်လယ်ကမ်းခြေနှင့် မဝေးလှသောနေရာ၌ရှိသော ဟိန္ဒူနတ်ကွန်းတစ်ခု၌ ဘုရားပွဲပြုလုပ်နေသည်နှင့် ကြုံကြိုက်နေသည်။

“ဒီကျွန်းမှာလည်း ဘုရားပွဲတွေလုပ်ကြတယ်၊ ဒီကျွန်းမှာက နတ်ကွန်းတွေ ပိုများတယ်နော်”

“ဟုတ်တယ်ဆရာ၊ ရှေးတုန်းကဆိုရင် ဒီကျွန်းပေါ်မှာ ဟိန္ဒူနတ်ကွန်းတွေက လက်ညှိုးထိုးမလွဲလောက်အောင် နေရာအနှံ့မှာရှိနေကြတယ်၊ အခုပြိုပျက်သွားတာတွေများလို့ ဒီလောက်ပဲကျန်တော့တာ”

“ရှေးကအကြောင်းတွေကို မင်းသိသမျှပြောပြပါဦး”

ထိုအခါ မာရီယာက သူမလေ့လာမှတ်သားထားသော အကြောင်းအရာများကို ပြောပြလေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ကျော်အချိန်ခန့်က ဆောဂါးကျွန်း၌ ဟိန္ဒူနတ်ကွန်းများမှ နေရာမလပ်အောင် ဖွေးဖွေးလှုပ်မျှ တည်ရှိခဲ့ကြသည်။ (ဥပမာ. . ရှေးပြေရလျှင် ပုဂံတွင် စေတီပုထိုးများ ပေါများသကဲ့သို့ပင် ဖြစ်ပေလိမ့်မည်)



www.burmeseclassic.com

www.burmeseclassic.com



ဟိန္ဒူနတ်ကွန်းများပေါ်သလို နေထိုင်ကြသူများလည်းရှိကြသည်။ သို့သော်လည်း ဒီယင်းဂါးမြို့မှ ပေါ်တူဂီပင်လယ်ဓားမြများက မကြာခဏ လာရောက်တိုက်ခိုက်ကာ လုယက်ကြသည်။

လူများကိုဖမ်းဆီးခေါ်ဆောင်သွားပြီး ကျေးကျွန်အဖြစ်ရောင်းချကြသဖြင့် နေထိုင်သူမရှိတော့ပဲ ရွှေ့ပြောင်းသွားကြရာ ကျွန်းပေါ်တွင် နတ်ကွန်းများချည်းသာ ကျန်ခဲ့လေတော့သည်။

ကာလကြာမြင့်ကာ ပြုပြင်မည့်သူမရှိသောအခါ လေဒဏ်မိုးဒဏ် ရာသီဥတုဆိုးဝါးမှုဒဏ်များကြောင့် နတ်ကွန်းအတော်များများမှာ ပြိုကျပျက်စီးခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း ဘုရားပွဲတော်ရက်ကျရောက်လျှင်တော့ ရပ်ဝေးမှာနေကြသော ဘုရားဖူးပရိသတ်များ စုပေါင်းရောက်ရှိလာကြကာ ထုံးတမ်းစဉ်လာအတိုင်း ဘုရားပွဲတော် ကျင်းပလေ့ရှိကြသည်။

ပွဲတော်မရှိသောရက်များ၌ ကျွန်းပေါ်တွင် လူသူကင်းမဲ့ပြီး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း ဘုရားပွဲတော်ကျင်းပသည့် ရက်ရောက်လျှင်တော့ စည်ကားလာတတ်ပေသည်။

ထိုသို့ဘုရားပွဲတော် ကျင်းပနေသောရက်များတွင် ၎င်းတို့ထံသို့ ပင်လယ်ဓားပြများ ရောက်လာပြီး ဖမ်းဆီးနှိပ်စက်မည်ကိုလည်း မကြောက်ရွံ့ကြပေ။

ထိုအချိန်မျိုးတွင် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးကြဘဲရှိရော ပင်လယ်ဓားပြများကိုလည်း ကြောက်ရွံ့ကြတော့





ည်မဟုတ်ပါချေ။

ပင်လယ်ဓားပြများကလည်း ဘုရားပွဲတော် ကျင်းပနေသောရက်များတွင် ရောက်လာလေ့မရှိကြပေ။

ဘုရားပွဲတော် ကျင်းပသောရက်တွင် ထိုကျွန်းပေါ်သို့ရောက်လာကြသော ဘုရားဖူးဧည့်သည်တို့သည် ယိုယွင်းပျက်စီးနေသော ဘုရားကျောင်းများသို့ ရောက်လာကြပြီး ဦးစွာ မိမိတို့ကိုယ်ပေါ်မှာရှိသော ဆံပင်၊ မုတ်ဆိတ်တို့ကို ရိတ်ဖြတ်သုတ်သင်ကြသည်။

ထို့နောက် နတ်ကွန်းထဲက ရေကန်၌ ရေမိုးချိုးသန့်စင်ကြပြီး တစ်ကိုယ်လုံး ဆီနှင့်လိမ်းသုတ် ပွတ်နယ်ကြသည်။

ယင်းသို့ ကိုယ်လက်သန့်စင်ကြပြီးနောက် ယောကျ်ားရော မိန်းမပါ. . ဟိန္ဒူနတ်ရုပ်ထားသော အခန်းတွင်းသို့ ဝင်ရောက်ကြသည်။

သူတို့သည် မလင်းတလင်းမီးရောင်အောက်တွင် နတ်ကွန်းယဇ်ပလ္လင်ခြေရင်း၌ နေရာယူကြလေသည်။

ထိုအချိန်၌ မွှေးကြိုင်သော ပန်းရနံ့များသည်၎င်း၊ နှဲသံ၊ ခွက်သံ၊ ဗုံသံ၊ မောင်းသံ၊ ခရုသင်းသံမှစ၍ တီးမှုတ်မျိုးငါးပါးတို့၏အသံများသည်၎င်း၊ မိုးမွှန်အောင် လွှမ်းမိုးသွားလေတော့သည်။

သူတို့မှာလည်း စုန်းပယောကပူးကပ် နေဘိသကဲ့သို့မိမိတို့ ခန္ဓာကိုယ်ကို ဘုရားသို့ လှူဒါန်းဆက်သကာ ယခုပင်ဘုရားသခင်က ခေါ်ဆောင်သွားတော့မတတ် မိမိတို့ စိတ်အာရုံကို ကောင်းကင်ဘုံသို့ ပို့ထားလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူးကိုမြေတွင် ကပ်လျက် မိမိတို့အသက်ကို ဘုရားသခင်အား ဆက်သလှူဒါန်းရာ၌ ဘုရားသခင်က ကြည်ဖြူစွာ လက်သင့်ခံပါမည့်အကြောင်း မျက်ရည်အသွယ်သွယ်ကျဆင်းအောင် ငိုယိုတောင်းပန်နေကြကုန်၏။

နောက်ဆုံး၌ ဘုရားသခင်က မိမိကိုလက်ခံပြီဟု မိမိအာရုံထဲတွင် ထင်မြင်လာပြီးနောက် ဝမ်းမြောက်ဝမ်းသာနေရာမှ ထလျက် သောင်ပြင်သို့ ပြေးဆင်းသွားလေတော့သည်။

သောင်စပ်ရှိ ပင်လယ်ရေထဲတွင်မူ ငါးမန်းကြီးငယ်တို့က အဆင်သင့်စောင့်မျှော်လျက်ရှိကြသည်။

အဆိုပါ ယောက်ျားမိန်းမတို့သည် ငါးမန်းတို့၏ ဘေးရန်ကို ပမာဏမထားဘဲ ရေထဲသို့ ရဲရဲဝံ့ဝံ့ဆင်း၍ ရေနက်သည့်ဘက်သို့ တောက်လျှောက်သာ သွားနေကြလေသည်။

ထိုအခါ ငါးမန်းတို့သည် ထိုလူအုပ်ကြီးအကြားမှ ဘွားခနဲရေပေါ်သို့ပေါ်ထွက်လာပြီး တွေ့ရာလူကို ဖမ်းယူစားသောက်လေတော့၏။

ငါးမန်းတို့သည် စားနေကျဖြစ်၍ လူသား၏အရသာကို သိနေကြသည့်အတိုင်း အာသာငမ်းငမ်းစားလိုစိတ် ပြင်းထန်နေကြပြီးလျှင် လူရိပ်ကိုမြင်ရုံနှင့် ခုန်၍ဟပ်ကြတော့သည်။

ဤမြင်ကွင်းမှာ. . . အလွန်တရာ အသည်းထိတ်စရာကောင်းလှသည်။

သို့ရာတွင် တစ်ခါတစ်ရံတွင် မည်သို့မျှ ကြောက်စရာမကောင်းသကဲ့သို့ ရှိပြန်သည်။





ပွဲတော်ပြီးခါနီးလာသောအခါ ငါးမန်းတို့မှာ ဗိုက်ပြည့်ဝနေပြီဖြစ်၍ ကမ်းစပ်တွင် အစာကို စောင့်မျှော်နေခြင်းမရှိတော့ဘဲ ရေထဲ၌ ဟိုမှဒီမှ ပျင်းရိဖွယ်ရာ ကူးသန်းသွားလာနေကြတော့သည်။

ငါးမန်းများ စားပါစေတော့ဟု လူကိုယ်တိုင် အနီးသို့ အတင်းကပ်သွားသည်ကိုပင် လူကို နှာခေါင်းနှင့်ထိုး၍ တွန်းဖယ်ပစ်ကြတော့သည်။

ထိုသူများသည် ငါးမန်းများက သူတို့ကို မကိုက်မစားဘဲ တွန်းဖယ်ပစ်ခြင်းခံရသည့်အခါ သူတို့ကို ဘုရားသခင်က ငြင်းပယ်သည်ဟုယူဆရာ ဝမ်းနည်းကြေကွဲစွာ ငိုယိုလျက် ရေထဲက တက်လာကြတော့၏။

သူတို့ကို ဘုရားသခင်က ငြင်းပယ်လိုက်သည်ဖြစ်၍ သူတို့ဘယ်ကိုသွားသွား အားကိုးစရာမရှိတော့ဟု ယူဆသွားကြသည်။ သူတို့သည် လောကအတွင်း၌ အချီးအနှီးအထီးကျန်လျက်ရှိသည်ဟု ယုံမှတ်သွားကြသည်။

လူ့ဘဝတွင် ထိုသူတို့အနေဖြင့် ငဲ့ညှာစရာဟူ၍လည်း မြည်သည့်အရာမျှ မရှိတော့ပေ။

တကယ်တော့ အထက်ပါ ပြုလုပ်ချက်များမှာ မိမိကိုယ်ခန္ဓာအား ဘီလူးစာကျွေးသကဲ့သို့ အစွန်းရောက် ယုံကြည်ကိုးကွယ်မှုများဖြစ်သည်ဆိုပါက မှားမည်မထင်ပါချေ။

ထိုအကြောင်းများမှာ မာရီယာ ပြန်ပြောပြသော ရှေးက ပြုလုပ်ခဲ့သော အကြောင်းအရာများပင် ဖြစ်ကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ဟိဂျလိမြို့သို့ ရောက်နေသောရက်မှာ တိုက်တိုက်ဆိုင်ဆိုင် 'ဆောဂါးကျွန်း' ပေါ်တွင် ဘုရားပွဲတော် ကျင်းပမည့်ရက်နှင့် ဆုံနေပေသည်။

"မနက်ဖြန်ဆိုရင် ဆော်ဂါးကျွန်းပေါ်မှာ ဘုရားပွဲတော်တွေ ကျင်းပပြုလုပ်ကြတော့မယ်၊ ရပ်ဝေးက ဘုရားဖူးပရိသတ်တွေအများကြီး ရောက်လာကြမယ်၊ ဆရာတို့ ကြုံကြိုက်တုန်း သွားပြီးလေ့လာကြည့်ပါလား"

မာရီယာက ပြောသည်။

"စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်၊ ဒါပေမယ် အရင်တုန်းကလို ပင်လယ်ထဲဆင်းပြီး ငမန်းစာကျွေးတဲ့ လူမျိုးတွေရှိကြသေးသလား"

"ရှိသေးတယ်၊ အဲ့ဒီနေရာရောက်ရင် ပင်ကိုယ်အသိစိတ်ပျောက်ပြီး ရေထဲဆင်းသွားကြတဲ့သူမျိုးတွေ ရှိကြသေးတယ်၊ နောက်ပြီး. . ."

မာရိယာက စကားမဆက်တော့ဘဲ ရပ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"နောက်ပြီး ဘာဖြစ်သလဲ ဆက်ပြောပါဦး"

"ဆရာတို့ လက်မခံမှာစိုးလို့ ဆက်မပြောတာပါ"

"ဘယ်လို အကြောင်းအရာမို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဘုရားပွဲတော်ရက်ရောက်ရင် အနယ်နယ်အရပ်ရပ်ကလူတွေ အများကြီးလာကြတယ်. . အဲဒီအထဲမှာ ထူးဆန်းတဲ့လူတွေ ပါလာတတ်တယ်"





"ဘယ်လိုထူးခြားတာလဲ"

"ကိုယ်ကတော့ လူခန္ဓာကိုယ်ပါပဲ၊ ဒါပေမယ့် ဦးခေါင်းတွေကတော့ လူနဲ့မတူကြဘူး"

"ဘယ်လိုဖြစ်နေလို့လဲ"

"ကျွန်မတော့ သေသေချာချာ မမြင်ဖူးသေးဘူး၊ မြင်ဖူးတဲ့လူတွေပြောတာကတော့ တချို့ကနွားခေါင်း၊ တချို့ကဆိတ်ခေါင်း၊ တချို့ငါးခေါင်းနဲ့ လူတွေတောင် လာကြတယ်လို့ပြောတယ်"

"ထူးဆန်းလှပါလား၊ အဲ့ဒီလိုလူတွေက ဘယ်ကလာကြသလဲ"

"လူကြီးတွေ ပြောတာတော့ အာယုသိဒ္ဓိကျွန်းက လာတယ်လို့ပြောတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်မှာ မတိုင်ပင်ရဘဲနှင့် တစ်ယောက်မျက်နှာတစ်ချက် ကြည့်လိုက်ကြလေသည်။

မာရီယာ၏ ဟန်အမူအရာကြည့်တော့လည်း အမှန်ပြောနေသည်ဟု ထင်မြင်ယူဆကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ယောဂီကြီး ကုမာရပြောလိုက်သော အာယုသိဒ္ဓိကျွန်း၏ သဲလွန်စကို စတင်တွေ့ရပြီဖြစ်သဖြင့် စိတ်ထဲ၌ ကျေနပ်သွားလေသည်။

"အာယုသိဒ္ဓိကျွန်းနဲ့ ပတ်သက်ပြီး မင်းသိထားတာ ဘာတွေရှိသေးသလဲ ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ဘာမှမသိပါဘူး"

"ဒါဖြင့် သိတဲ့လူ ဘယ်သူရှိသလဲ"

"ကျွန်မအဘိုးတော့ ရှိပါတယ်၊ သူက ကောသမ္ဗီမြို့ နေပါတယ်၊ ဆရာစိတ်ဝင်စားရင် ဟိုရောက်တော့ ကျွန်မ ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွာ. ."

"ဆရာက အာယုသိဒ္ဓကျွန်းကို စိတ်ဝင်စားလို့လား၊ အဘိုးပြောတာတော့ အန္တရာယ်သိပ်များပြီး ရောက်သွားပြီး ပြန်လာလို့ မရဘူးလို့ပြောပါတယ်"

"ကိစ္စမရှိပါဘူး. . ငါတို့က မကြောက်တတ်ပါဘူး ရောက်ရင်သာ မင်းအဘိုးနဲ့ တွေ့ပေးပါ"

"စိတ်ချပါဆရာ တွေ့ပေးပါ့မယ်"

"ဒါဖြင့် ကြံ့ကြိုက်တုန်းမှာ ဆောဂါးကျွန်းမှာ ကျ မယ့်ဘုရားပွဲ သွားကြည့်ဖို့ စီစဉ်ကြသေးတာပေါ့"

ဟု ဒေါက်တာမင်းထင်ကျော်ကပြောရာ. . . ကျန် ယောက်ကလည်း သဘောတူကြလေသည်။

သူတို့အတွက်ကတော့ နောက်ထပ်ဆန်းကြယ်မှုတ တွေ့ရမည့်ခရီးစဉ်တစ်ခုပင် ဖြစ်ပေသည်။





အခန်း (၆)

# လူခန္ဓာကိုယ်ငါးဦးခေါင်းနှင့် အစာလာတောင်းသူ

ဆောဂါးကျွန်းရှိသောနေရာမှာ ဟီဂျလိမြို့ရှိသော နေ ရာနှင့် ဝေးလှသည်တော့မဟုတ်ပေ။

ကမ်းစပ်မှလှမ်းကြည့်လျှင် လှမ်းမြင်နေရသော အနေ အထားမျိုးတော့ရှိသည်။

သို့သော် ပင်လယ်တို့၏ သဘောသဘာဝအရ အမြင် း၍ ခရီးဝေးသည့်တောင်. . ဆိုသကဲ့သို့ မြင်ပင်မြင်နေရသော် သည်း တကယ်သွားသောအခါမှာတော့ တော်တော်နှင့်မရောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ဝေးလှသည်။

ဒေါက်တာမင်းထင်ကျော်တို့ ဟီဂျလိမြို့သို့ရောက်သွ သောအချိန်မှာ မှတ်မှတ်ရရ (၁၉၃၅)ခု နိုဝင်ဘာလဖြစ်ရာ ဘုရားပွဲတော်ကျင်းပသောရက်နှင့် တိုက်ဆိုင်နေလေသည်။

ဟိမဝန္တာတောင်တန်းကြီးများနှင့် နီးသောအရပ်ဖြ သဖြင့် နံနက်ပိုင်းအချိန်ဆိုပါက နှင်းများကျပြီး အအေးဓာတ် များလေသည်။

မာရီယာအပါအဝင် ဒေါက်တာမင်းထင်ကျော်တို့ ယောက်မှာ နံနက်စောစောကတည်းက နံနက်စာစားသောက် ကမ်းခြေဘက်သို့ ဆင်းလာကြလေသည်။

နံနက်ပိုင်းအချိန် နှင်းမကွဲသေးသော်လည်း မြို့ထဲမှ တော့ လူသွားလူလာများ ရှုပ်ထွေးနေသည်။

အဝတ်အစားအသစ်များ ဝတ်ဆင်ထားသော လူ သည် တစ်နေရာမှတစ်နေရာ ပျားပန်းခပ်တမျှသွားလာနေ သည်ကို တွေ့ရသည်။

အများအားဖြင့်တော့ ဟိန္ဒူဘာသာဝင်များဖြစ်သည် ဆောဂါးကျွန်းပေါ်တွင် ဘုရားပွဲရှိသောကြောင့် မိသားစုလို သော်လည်းကောင်း၊ ကိုယ့်အစုနှင့်ကိုယ်သော်လည်းကောင်း ဆောဂါးကျွန်းဘက်သို့ကူးရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

နံနက်စောစောအချိန်ပင် ဖြစ်သော်လည်း မြို့ပေါ် လမ်းများပေါ်၌ လူတိုးမပေါက်အောင် ရှိလေသည်။

လူအုပ်ကြီးများ သွားလာနေကြသည်မှ ရေစီးကြော





ဆစ်ခုသဖွယ် ရွေ့လျားနေကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုလူအုပ်ကြီးများ နှင့်ရောနှောကာ ဆိပ်ကမ်းရှိရာဘက်သို့ ဆင်းလာကြသည်။

"လူတွေကလည်းများလိုက်တာ ခြတောင်ပို့ ဖြိုချလိုက် သလိုပဲ"

ကျော်စွာကပြောလိုက်သည်။

"ခြတောင်ပို့ဖြိုလို့ ထွက်လာတယ်ဆိုရင်တော့ တော် သေးတာပေါ့ မောင်ကျော်စွာရယ် ပဆန်ပျားအုံကို တုတ်နဲ့ထိုးမိ လို့ ပျားတွေထွက်တုပ်တာမျိုးဆိုရင်တော့ ပြေးစရာတောင် နေ ရာရှိမယ်မထင်ဘူး"

ဦးဗန်ကောင်းစကားကြားသောအခါ အားလုံးက သ ဘောကျစွာ ပြုံးလိုက်ကြသည်။

ကမ်းခြေဘက်ရောက်လာတော့ လူပိုများသည်။

ကျွန်းဘက်သို့ကူးရန် ကြိုးစားနေကြသောလူအုပ်ကြီး များကို နေရာအနှံ့မြင်တွေ့ရသည်။

ကမ်းစပ်တလျှောက်မှာလည်း လှေများ၊ စက်လှေများ ရှိနေကြသည်။

ဆောဂါးကျွန်းရောက်အောင် ထိုလှေများ၊ စက်လှေများ သဘောများကို ငှားပြီး ကူးကြရမည်ဖြစ်သည်။

အချို့လည်းလှေစင်းလုံးငှားရန် မတတ်နိုင်ကြသဖြင့် ဘူးတိုသဖွယ် ပြေးဆွဲနေသော လှေများသဘောများဖြင့် သွား ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးတို့သမား၊ လှေသမားတို့မှာ. . နံနက်စောစောကတည်းက မနားရအောင်ရှိနေကြရာ ထိုရက်မျိုးတွင် သူတို့အတွက် ဝင်ငွေကောင်းကြလေသည်။

လှိုင်းအနည်းသာရှိသော ပင်လယ်ရေပြင်ပေါ်မှာတော့ ကူးသန်းသွားလာနေကြသော လှေနှင့်သင်္ဘောအများအပြားကို လှမ်းမြင်ကြရသည်။

ရေကန်တစ်ကန်ထဲသို့ ပန်းပွင့်များစွာကြဲချထားသည်နှင့်ပင် တူနေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ လူများလှသော ကူးတို့လှေများနှင့် မသွားလိုသောကြောင့် သီးခြားအငှားလိုက်သော စပိဘုတ်တစ်စင်းကို အသွားအပြန်ငှားရမ်းကာ ကူးသွားကြလေသည်။

စပိဘုတ်ပေါ်မှာ သင်္ဘောသားနှစ်ယောက်ပါရာ. . လူခုနစ်ယောက်သာရှိသဖြင့် ချောင်ချောင်ချိချိရှိလေသည်။

ပင်လယ်ရေပြင်ပေါ်တွင် အခြားသွားလာနေသော ကူးတို့လှေများ၊ သင်္ဘောများ ရှုပ်ထွေးနေသောကြောင့် စပိဘုတ်မောင်းသူက အန္တရာယ်ကင်းစေရန် ထိုသူများနှင့် ဝေးသောနေရာမှသွားလေသည်။

နံနက်စောစောအချိန်ဖြစ်သောကြောင့် ပင်လယ်ရေပြင်ပေါ်တွင် မြူနှင်းများကရှိနေသေးသည်။

အချို့နေရာများတွင် အတော်ဝေးဝေးသို့မမြင်ရဘဲရှိရာ သတိထားပြီး မောင်းကြရသည်။





ရာသီဥတုသာယာသောအချိန်တွင် ဟီဂျလိမြို့ကမ်းစပ်မှမျှော်ကြည့်လျှင် ဆောဂါးကျွန်းကို ခပ်ရေးရေးလှမ်းမြင်နိုင်သည်။

ယခုလို နှင်းမကွဲသေးသောအချိန်မှာတော့ မမြင်ရသဖြင့် တောင်ဘက်အရပ်သို့ဦးတည်ကာ မှန်းမောင်းရလေသည်။

မြို့ထဲမှာရှိနေစဉ်က ရှုပ်ထွေးလှသောမြင်ကွင်းများကြောင့် စိတ်မသာမယာရှိနေကြရာ ပင်လယ်ပြင်ရောက်တော့မှ လွတ်လပ်သွားသကဲ့သို့ဖြစ်ကာ စိတ်ထဲမှာကြည်လင်လာကြလေသည်။

အခြားကူးတို့လှေများ၊ သင်္ဘောများမှာ လူများတင်ဆောင်ထားသောကြောင့် အတော်ပင်လေးနေရာ. . ထင်သလိုမောင်း၍ဘဲ လှိုင်းအခြေအနေကြည့်ပြီး ဖြေးဖြေးချင်းသာ သွားနေကြရသဖြင့် ဟီဂျလိဆိပ်ကမ်းမှ ဆောဂါးကျွန်းသို့ ရောက်သည်အထိ တစ်နာရီခန့် အချိန်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို တင်ဆောင်သွားသော စပိဘုတ်ကတော့ လွတ်လွတ်လပ်လပ်ပင် မောင်းကြရသဖြင့် နာရီဝက်အချိန်အတွင်းမှာပင် ကျွန်းသို့ရောက်သွားလေသည်။

ကျွန်းသို့ရောက်သောအခါ စပိဘုတ်သမားကို တစ်နေရာမှာ စောင့်ခိုင်းထားပြီး ကျွန်းပေါ်သို့ တက်ကြလေသည်။

ကျွန်းမှာ အတော်ပင်ကြီးသည်။

ကမ်းခြေတစ်လျှောက်မှာ ကျောက်ဆောင်နှင့် သောင်ပြင်သောင်တန်းများရှိသည်။ ပင်လယ်ပြင်မှလာသော လှိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



က သောင်ပြင်များပေါ်သို့ တက်လိုက်ဆင်းလိုက် ရှိနေကြသည်။

သောင်ပြင်များ၏ အချို့နေရာများမှာလည်း လူများ ရောက်နေကြသည်။

ကျွန်းပေါ်မှာတော့ လူနေအိမ်ခြေမရှိဘဲ နတ်ကွန်းများ သစ်ပင်များသာရှိသည်။ အချို့နေရာများမှာ တောင်ကုန်းတောင် တန်းများ ရှိနေကြသည်။

ဟိန္ဒူနတ်ကွန်းများကတော့ လယ်ကွင်းများထဲတွင် မိုးဦးကျအချိန် မှိုပွင့်များပွင့်နေသကဲ့သို့ နေရာအနှံ့မှာ ရှိနေကြ သည်။

အချို့မှာ. . အကောင်းပကတိအတိုင်း ရှိနေကြသော် လည်း အချို့မှာ ပြိုပျက်နေကြလေပြီ. .။

ဘုရားဖူးဧည့်သည်များကတော့ နေရာအနှံ့တွင် ဖွေး ဖွေးလှုပ်နေကြသည်။

အချို့နတ်ကွန်းများမှာ လူမများသော်လည်း ဘုရားပွဲ ပြုလုပ်နေသော နတ်ကွန်းများမှာတော့ ကြိတ်ကြိတ်တိုးလျှက် ရှိနေကြသည်။

အများအားဖြင့်တော့ ဟိန္ဒူနတ်ရုပ်များရှိသော ဘုရား ကျောင်းများတွင် ဘုရားပွဲကျင်းပကြသည်။

ဘုရားဖူးများက ထုံးစံမပျက်ပင် ဘုရားကျောင်းရောက် တော့မှ ဆံပင်၊ မုတ်ဆိတ်ကျင်စွယ်များ ပယ်ဖြတ်ခြင်း၊ နတ်ကွန်း အတွင်း၌ရှိသောရေကန်၌ ကိုယ်လက်သန့်စင်ကြခြင်း၊ တစ်ကိုယ် လုံးရေမိုးချိုးကြပြီးနောက် ဆီများဖြင့် ပွတ်လိမ်းဆုပ်နယ်ကြ





သည်။

ထိုကဲ့သို့ ကိုယ်လက်သန့်စင်ပြီးမှ ယောကျ်ားရော မိန်းမ များပါ ဟိန္ဒူနတ်ရုပ်ထားသော အခန်းတွင်းသို့ ဝင်ကြရသည်။

နတ်ရုပ်ရှေ့နှင့် ဝန်းကျင်မှာတော့. . အမွှေးနံ့သာတိုင် ဆီမီးတိုင်၊ ဆီးမီးခွက်များ ထွန်းထားသောကြောင့် အလင်းရောင် ရနေလေသည်။

အမွှေးနံ့သာရနံ့များကတော့ အခန်းထဲမှာ လှိုင်နေ တော့သည်။ အသင့်ယူလာသော ပန်းများဖြင့် ဟိန္ဒူနတ်ရုပ်အား ပူဇော်ထားရာ များလှသောကြောင့် ပန်းပုံကြီးကဲ့သို့ ဖြစ်နေလေ တော့သည်။

ထို့ပြင် ဟိန္ဒူနတ်ကွန်းထဲတွင် နှဲသံ၊ ပြွေသံ၊ ဗုံသံ၊ မောင်း သံ၊ ခရုသင်းမှုတ်သံ စသော တူရိယာငါးမျိုးဖြင့် ပူဇော်သော အသံများလည်း ရှိနေကြသည်။

ထိုကဲ့သို့ တီးမှုတ်နေသော တူရိယာသံများကြားရသော အခါ နတ်ကွန်းထဲရောက်နေကြသူတို့၏ စိတ်မှာလည်း မူလ အခြေအနေမရှိတော့ဘဲ ပြောင်းလဲသွားကြလေသည်။

နတ်ဘုရားရုပ်ထုပလ္လင်ခြေရင်းတွင် နေရာယူထားကြ သော ယောကျ်ားမိန်းမတို့သည် ထိုနေရာရောက်ပြီး မကြာမီမှ ပင် လူစိတ်ပျောက်သကဲ့သို့ဖြစ်ကာ ကတုံကယင်ဖြစ်လာကြ သည်။

နတ်ပူး၊ စုန်းပူးကပ်ခံရသကဲ့သို့ ဖြစ်လာသည်။ ရှေ့ အခန်း၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ထိုကဲ့သို့ပင် ပင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ် ပျောက်သွားသောအခါ မိမိတို့ကိုယ်နှင့်အသက်ကို နတ်ဘုရားထံ အပ်နှံလှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရင်းနှင့် နတ်ဘုရားက သူတို့လှူဒါန်းသည်ကို လက်ခံလိုက်သည်ဟု ယုံကြည်သူများက နတ်ဘုရားကျောင်းထဲမှ အပြင်သို့ ပြန်ထွက်လာကြလေသည်။

သူတို့မျက်နှာအမူအရာများမှာလည်း များစွာကျေနပ်ဝမ်းသာသော အမူအရာများပေါ်လွင်နေသည်။

"သူတို့ဘယ်လိုဖြစ်သွားတာလဲ"

"ဒါ အစွန်းရောက် ယုံကြည်မှုလို့ခေါ်တယ်၊ ဒီအချိန်မှာ ဘာမဆိုလုပ်ဖို့ အဆင်သင့်ပဲ၊ ဥပမာ ရှေ့မှာ သူတို့ကိုသတ်ဖို့ စောင့်နေရင်လည်း ကြောက်ရွံ့တော့မှာ မဟုတ်ဘူး"

ဆရာကြီး သူရဇ္ဇကပြောသည်။

"သူတို့ဘယ်သွားကြတာလဲ"

"ပင်လယ်ကမ်းဘက်ကိုသွားကြတာ"

မာရီယာကပြောသဖြင့် သူတို့ငါးယောက်မှာ ပင်လယ်ကမ်းခြေဘက်ဆင်းသွားကြသူများနောက်မှ လိုက်သွားကြသည်။

ပင်လယ်ကမ်းခြေမှာလည်း လူများစွာရောက်နေကြသည်။ အချို့က ရေထဲရောက်နေကြသည်။

အချို့ကတော့ ပေါ်သေးသော်လည်း . အချို့က မြုပ်ချည်ပေါ်ချည် ဖြစ်နေကြသည်။ ထိုနေရာသို့ ပင်လယ်ရေနက်ပိုင်းမှာနေကြသော သားစားငါးမန်းများရောက်လာပြီး ရေနက်ပိုင်းရောက်နေသူများကို ဝင်ကိုက်ကြသည်။





ဝင်ဆွဲကြရာ နေရာအနှံ့မှာ သွေးကွက်ကြီးများ ပေါ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ စာအုပ်များထဲမှာသာ ဖတ်ဖူးပြီး တစ်သက်တစ်ကိုယ် မြင်ရခဲ့သော ကြောက်စရာ၊ ထိတ်လန့်စရာကောင်းသော မြင်ကွင်းများကို မျက်ဝါးထင်ထင် မြင်တွေ့ရသောအခါ အသက်ရှူရန်ပင် မေ့နေလောက်အောင် . အံ့ဩနေကြသည်။

ရေနက်ထဲမှာ ငါးမန်းအကိုက်ခံရသူများထံမှလည်း အော်သံဟစ်သံများ မကြားရပေ။ တစ်ယောက်ပြီးတစ်ယောက်သာ ရေနက်ထဲဆင်းနေကြသည်။

သွေးနံ့များက တဖြည်းဖြည်းများလာရာ သွေးနံ့ကြိုက်သော သားစားငါးမန်းအုပ်များလည်း ပိုမိုများပြားလာပြီး ရေထဲဆင်းသမျှလူကို ဝိုင်းကိုက်ကြလေသည်။

ပင်လယ်လှိုင်းများက သောင်ပြင်များပေါ်တက်လာသောအခါ သွေးကွက်များ၊ လူတို့၏ ကိုယ်ခန္ဓာအပိုင်းအပြတ်များ၊ အဝတ်အစားအသုံးအဆောင် အစုတ်များပါ ပါလာလေသည်။

လှိုင်းပုတ်ရာတွင်ပါလာသော ခြေပြတ်၊ လက်ပြတ်၊ ဦးခေါင်းပြတ်၊ ခန္ဓာကိုယ်အပိုင်းအပြတ်တို့ကို မြင်ရသောအခါ များစွာထိတ်လန့်ဖွယ်ရာဖြစ်ပေသည်။

သို့သော် ဘုရားဖူးအချို့ကတော့ ထိုအနိဋ္ဌာရုံမြင်ကွင်းများအား လုံးဝဂရုမစိုက်ဘဲ မျက်စိမှိတ်၊ ပါးစပ်မှ တတွတ်တွတ်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဆိုနေလျက် ပင်လယ်ထဲသို့ ဆက်ဆင်းနေကြလေသည်။

"ဒါဟာ ဘာသာရေးပွဲမဟုတ်တော့ဘူး၊ ဥပဒေမရှိတော့တဲ့ လူသတ်ပွဲကြီးဖြစ်နေပြီ"

ဟု ဦးဇန်ကောင်းက စိတ်မချမ်းမသာသော အမူအရာဖြင့် ရေရွတ်ပြောဆိုလိုက်သည်။

"မှန်တာပေါ့ ဦးဇန်ကောင်းရယ်၊ သူတို့က ကုသိုလ်လိုချင်လို့ ဒီလိုလုပ်ကြပေမယ့် အကုသိုလ်ဖြစ်နေတာတော့ သူတို့ကိုယ်တိုင် သိကြပုံမရတော့ဘူး"

"အစွန်းရောက်လွန်းတဲ့ ယုံကြည်ကိုးကွယ်မှုတွေဟာ ကောင်းကျိုးထက် မကောင်းကျိုးကို ပိုပြီးဖြစ်စေတယ်၊ ဒီဘဝမှာ မကောင်းသလို နောင်တမလွန် ဘဝမှာလည်း ကောင်းဖို့ မသေခြာဘူး"

ဟု အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆိုနေကြသည်။ ထို့နောက် အနိဋ္ဌာရုံမြင်ကွင်းများကို ဆက်မကြည့်လိုတော့သဖြင့် ထိုနေရာမှ ပြန်တက်လာခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်က မိမိလူများနှင့်ခွဲပြီး ထွက်လာသောအခါ မာရီယာကလည်း နောက်မှလိုက်လာလေသည်။

ခေါင်းထဲမှာ နောက်ကျိလာသောကြောင့် လူများနှင့်ဝေးသော ကျောက်ဆောင်များရှိရာဘက်သို့ လျှောက်လာကြသည်။

သူတို့လျှောက်လာသောဘက်မှာ ဟိန္ဒူနတ်ကွန်းလည်း မရှိသဖြင့် ဘုရားဖူးညှော်သည်လည်း မရှိပေ။





"လူတွေက အတော့်ကိုများတာပဲနော်"

ကျောက်ဆောင်များရှိသော ကမ်းစပ်ဘက်ရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ဟုတ်တယ်ဆရာ ဒါတောင် မကုန်သေးဘူး၊ ဘုရားပွဲတော်မပြီးမချင်း လာနေသေးတယ်"

"ဒီလူတွေအများကြီးထဲမှာ မာရီယာပြောပြခဲ့တဲ့ ထူးဆန်းတဲ့လူတွေလည်း ပါမှာပေါ့နော်"

"ပါမှာပေါ့ ဆရာ၊ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး သတိမထားမိကြတော့ မသိကြဘူးပေါ့"

"တော်တော်အံ့ဩစရာကောင်းတဲ့ မြင်ကွင်းတွေပါပဲ၊ ဒီနေရာတွေရောက်အောင် တကူးတကလိုက်ပို့ပေးတဲ့ မင်းကိုလည်း ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူး ဆရာရယ်၊ ဆရာရဲ့ ကျေးဇူးတွေလည်း ကျွန်မအပေါ်မှာ အများကြီးရှိပါတယ်၊ အခု အခြေအနေမှာတော့ ကျွန်မကို ထားရာနေ၊ စေရာသွားဘဝနဲ့ အလိုရှိရာ အသုံးပြုနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်သည်။

"ငါတို့က မင်းကိုခေါ်လာတာ ကျွန်တစ်ယောက်လို ခိုင်းစေဖို့ ခေါ်လာတာမဟုတ်ပါဘူး၊ လိုအပ်တဲ့အကူအညီအတွက် အသုံးပြုဖို့ တမင်ခေါ်လာခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် ဆရာ. ."

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရာ ကမ်းစပ်မှာရှိသော ကျောက်ဆောင်များရှိရာသို့ လျှောက်လာကြသည်။

ထိုနေရာမှာတော့ လှုသံသူသံများနှင့် ဝေးသော်လည်း ဒီရေလှိုင်းများက ကျောက်ဆောင်များကို လာရောက်ပုတ်ခတ်နေသော ဆူဆူညံ့ညံ့အသံများကတော့ ရှိနေသည်။

ကမ်းခြေနှင့် မနီးမဝေးနေရာရောက်လာသောအခါ. . လှိုင်းလုံများကြားတွင် တစ်စုံတစ်ခုမျောပါလာသည်ကို လှမ်းမြင်ရသည်။

အနည်းငယ်ဝေးနေသေးသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ငါးမန်းစာကျွေးနေသော နေရာများဘက်မှ သေဆုံးနေသော အလောင်းတစ်လောင်း ထိုနေရာဘက်သို့ ရောက်လာသည်ဟု ထင်မိလေသည်။

ကမ်းစပ်နှင့်နီးလာတော့ စောစောကမျောပါလာသော မည်းမည်းသဏ္ဌာန်က ပြန်မြုပ်သွားသည်။

အမှုမဲ့အမှတ်တမဲ့ရှိနေစဉ်မှာပင် သူတို့ရပ်နေသော နေရာနှင့် မနီးမဝေးနေရာ လှိုင်းလုံးများထဲမှ လူတစ်ယောက် ပေါ်လာသည်။

"ဟင်. . ."

မြင်ရသောမြင်ကွင်းက မယုံကြည်စရာပင်ဖြစ်သည်။

လှိုင်းလုံးများကြားမှထလာသောသူက လူတစ်ယောက်တော့ဖြစ်သည်။





သို့သော် ခန္ဓာကိုယ်ကလူတစ်ယောက်ခန္ဓာမျိုးဖြစ်သော်လည်း ဦးခေါင်းက ငါးတစ်ကောင်၏ ဦးခေါင်းမျိုးဖြစ်နေသည်။

ပထမတော့ ဦးခေါင်းမှာ တစ်ခုခုစွပ်ထားသကဲ့သို့ ထင်မိသော်လည်း မဟုတ်ပေ။

ခန္ဓာကိုယ်နှင့် တဆက်တည်းဖြစ်နေသော ငါးဦးခေါင်းကြီးက လူတစ်ယောက်ကဲ့သို့ပင် စကားပြောနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့နှစ်ယောက်က တအံ့တဩကြည့်နေစဉ်မှာ လှိုင်းများကြားမှ ခါးလောက်ပေါ်သည်အထိ တက်လာသည်။

ကိုယ်ပေါ်မှာတော့ မည်သည့်အဝတ်အစားမှ မပါပေ။

"ခင်ဗျား လူလား၊ ငါးလား"

ဒေါက်တာမင်းထင်ကျော်ကမေးလိုက်သည်။

"လူဆိုရင်လည်း ဟုတ်တယ်၊ ငါးလို့ပြောရင်လည်း ဟုတ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်မေးသည်ကို နားလည်သဖြင့် ပြန်ပြောလေသည်။

"ဘယ်မှာနေတာလဲ"

"ရေထဲမှာပဲ အနေများပါတယ်"

ငါးခေါင်း၊ ငါးမျက်လုံး၊ ငါးပါးစပ်မှ လူစကားပြောနေသည်ကို ကြားရသောအခါ လောကတွင် သာမန်ထူးဆန်းမှုများထက် ပိုပြီးဆန်းကြယ်သော ထူးဆန်းသော အကြောင်းအရာများ ရှိနေသည်ကိုတော့ လက်ခံရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာကလာတာလဲ"

"ကျုပ်တို့နေတဲ့နေရာက "အာယုသိဒ္ဓိကျွန်း"လို့ ခေါ်ပါတယ်၊ ရေအောက်ကသွားရင်မဝေးလှပါဘူး"

"အခုဘာကိစ္စနဲ့ ဒီနေရာရောက်လာတာလဲ"

"ကျုပ်ကို အစားကျွေးပါ"

ဟုပြောကာ လက်ဖြန့်တောင်းလေသည်။

ယခုမှခက်တော့သည်။

ယခုလောလောဆယ်ဆယ်တွင် သူတို့နှစ်ယောက်စလုံးတွင် စားသောက်စရာ ဘာမှမပါလာကြပေ. .။

သို့ကြောင့် ကျွေးစရာ၊ ပေးစရာဘာမှမရှိပေ. .။

"စိတ်မကောင်းစရာပဲ၊ ကျွန်တော်တို့မှာ စားစရာ ဘာမှမပါဘူးဗျာ. ."

"ရှိပါစေတော့ ဝင်္ကြွေး မကုန်မချင်တော့ ဘာမှ စားရမှာလည်းမဟုတ်ဘူး၊ ကျုပ်ဘဝကံကိုက ဆိုးပါတယ်ဗျာ. ."

ဟု ညည်းညူပြောဆိုကာ ရေထဲသို့ ပြန်ငုပ်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်တို့က တစ်နေရာတွင် နောက်တစ်ကြိမ်ပေါ်လာလေမလားဟု စောင့်ကြည့်နေကြသော်လည်း အစအနမျှပင် မတွေ့ရတော့ပါချေ. . .။





## အခန်း (၇)

# အာယုသိဒ္ဓိကျွန်းသို့ရောက်ခဲ့ရသူ

ဟီဂျလိမြို့တွင် ထိုကဲ့သို့ ထူးဆန်းမှုများကြုံတွေ့ရပြီးနောက် သူတို့သွားရောက်ရမည့် ကောသမ္ဗီမြို့သို့ ခရီးဆက်ကြလေသည်။

ကောသမ္ဗီမြို့မှာ မာရီယာ၏ နယ်ခံမြို့ဖြစ်လေရာ သူမပါလာသောကြောင့် ခရီးသွားရသည်မှာ နှောင့်နှေးမှုမရှိဘဲ ချောမွေ့ကြလေသည်။

ခရီးအတူသွားကြသည်မှာ ရက်အတော်ကြာခဲ့ပြီဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တစ်ယောက်အကြောင်းတစ်ယောက် သိကြရပြီဖြစ်ရာ မာရီ ယာအနေနှင့်လည်း ရှေ့ကနှင့်မတူတော့ပဲ သူတို့အားလုံးအပေါ်မှာ ယုံကြည်အားကိုးမှု ရှိလာခဲ့လေသည်။

ကောသမ္ဗီမြို့သို့ သွားရာမှာလည်း ရေလမ်းခရီးမှပင် ကုန်တင်သင်္ဘောများဖြင့် သွားကြရသည်။

ကောသမ္ဗီမြို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက နှ နေခဲ့သော ရှေးဟောင်းမြို့တစ်မြို့လည်း ဖြစ်သည်။

ခရစ်သက္ကရာဇ် (၇)ရာစုအတွင်းလောက်က တရုတ် ရဟန်းတော် ဟီယွန်ဆင် ရောက်ခဲ့သောနေရာဖြစ်သည်။

အလ္လဟာဗမ်မြို့နယ်ထဲမှာပါဝင်သော ကောသမ္ဗီမြို့ တော်မှာ ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့ဆုံရာတွင် တည်ရှိပြီး ဟိန္ဒူ ဘာသာဝင်တို့၏ အချက်အခြာကျသော မြို့တော်တစ်ခုလည်း ဖြစ်ပေသည်။

ရှေးအခါကတော့ ဗုဒ္ဓဘာသာဝင်များအတွက် ထင်ရှား ပြီးအချက်အခြာကျသော နေရာတစ်ခုဖြစ်ခဲ့သည်။

ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့ ပေါင်းဆုံရာနေရာတွင် တည် ရှိသည်ကတစ်ကြောင်း၊

ဝေသာလီ၊ ဗာရာဏသီ၊ ပါဋလိပုတ်၊ ရာဇဂြိုလ်၊ နလန္ဒာ စသော ဗုဒ္ဓဘာသာဝင်များနှင့် သက်ဆိုင်သော မြို့များနှင့် ဆ ဆက်တစပ်တည်းရှိသောကြောင့်လည်း ထင်ရှားလေသည်။

ကောသမ္ဗီနှင့် အနီးဆုံးမှာ ဗာရာဏသီဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်စဉ်များနှင့် ပတ်သက်သော





နေရာများတွင် ကောသမ္ဗီလည်း တစ်နေရာပါဝင်ခဲ့လေသည်။

မြတ်စွာဘုရား ဖွားမြင်ရာဒေသမှာ 'လုမ္ဗိနီ'ဖြစ်သည်။ ဘလေးဘဝမှအသက်(၂၉)နှစ် အိမ်ရှေ့စံဘဝတွင် 'ကပိလဝတ်' (ကပိလဝတ္ထု)၌နေသည်။

ထိုမှ မြတ်စွာဘုရားအဖြစ်သို့ တက်လှမ်းရာတွင်. . . 'ရာဇဂြိုလ်'၌ တောထွက်ကာစ ပထမဆုံးရောက်ပြီး ဒုတိယ ဝါဆိုသည်။

'နရုဝေလတောတန်း'သည် ဒုက္ကရစရိယ ကျင့်ရာနှင့် ဗုဒ္ဓအဖြစ်သို့ရောက်ပြီး သတ္တဋ္ဌာနစံရာဖြစ်သည်။

'ဗာရာဏသီ'၌ရှိသော မိဂဒါဝုန်၌ ဥရုဝေလကုန်း ရှသေ့ညီနောင် ရှင်တစ်ထောင်ချွတ်ရာနေရာ၊

ဓမ္မစကြာတရားဦး ဟောရာနေရာ၊ ပထမဝါဆိုရာနေ ရာ၊ ရဟန္တာအဖြစ်သို့ရောက်သော ရဟန်းတော်(၆၀)တို့ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ရာနေရာဖြစ်သည်။

'ကောသမ္ဗီ (အလာဟာဗာဒ်)သည် ရဟန်းများကြောင့် မြတ်စွာဘုရားတစ်ပါးတည်း သတင်းသုံးခဲ့သောနေရာ ဖြစ်သည်။

(သံဃာအား ဘုရားမဆန်သာ ဟူသောစကား ဖြစ်ပေါ် ရာ နေရာဖြစ်ပေသည်။

(သာဝတ္ထိ၊ ဇေတဝန်ကျောင်းတော်၌ (၂၄)ဝါတိုင် ဝါဆို တော်မူသည်။

ဝေသာလီသည် ပရိနိဗ္ဗာန်ပြုကာနီး နောက်ဆုံးကြည့် သော နေရာဖြစ်ခဲ့ပြီး "ကုသိနာရုံ"သည် ပရိနိဗ္ဗာန်ပြုရာ အရပ်



www.burmeseclassic.com

www.burmeseclassic.com



ဒေသများဖြစ်ခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခဲ့ပြီးသည့်နောက်ပိုင်းတွင် ဟိန္ဒူဘာသာဝင်များ ဝင်ရောက်လာခဲ့ပြီး ၎င်းတို့အတွက် အ ချက်အခြာကျသော မြို့တော်တစ်ခုဖြစ်လာခဲ့ပေသည်။

ခရစ်သက္ကရာဇ် (၇)ရာစုနှစ်လောက်တွင် တရုတ်ရဟန်း တော် 'ဟီယွန်ဆင်'သည် နလန္ဒတက္ကသိုလ်တွင် ဗုဒ္ဓစာပေကျမ်း ဂန်တို့ကို လေ့လာသင်ကြားနေစဉ်ကာလမှာပင် ကောသမ္ဗီမြို့သို့ ဘုရားဖူးရန်အတွက် ရောက်ရှိသွားခဲ့ဘူးလေသည်။

၎င်းရောက်သွားသောအချိန်ကပင် ကောသမ္ဗီအပါအ ဝင် ဗုဒ္ဓဝါဒသည် အိန္ဒိယနိုင်ငံအဝှမ်းလုံးတွင် အရှိန်လျော့စပြုနေ ခဲ့လေသည်။

ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော နေရာများ၊ အဆောက် အဦးများ မတွေ့ရသလောက် နည်းနေပြီး ဟိန္ဒူဘာသာဝင်တို့ အတွက် အမြတ်ထားရာ နေရာတစ်ခုဖြစ်နေခဲ့ပေပြီ။

ကောသမ္ဗီမြို့သို့ ဟိန္ဒူဘာသာဝင်များ ရောက်ရှိလာ သောအခါ ၎င်းတို့၏ အယူဝါဒတို့လည်း နေရာအနှံ့မှာ ပေါ် ပေါက်လာခဲ့လေသည်။

မြစ်ထဲတွင် (ဂင်္ဂါမြစ်၊ ယမုံနာမြစ်အပါအဝင်) ကမ္ဗည်းန် တိုင် (Sacred River Poles) များစိုက်ထူထားလေသည်။

တိုင်ထိပ်နားမှာ ငုတ်တစ်ခုလည်း ရိုက်ထားလေသည်။ ဘုရားတရားကြည်ညိုလိုသူတို့သည် နံနက်အရုဏ်တက်သော အချိန်တွင် တိုင်များပေါ်သို့ တိုင်ထိပ်ရောက်အောင် ပေါင်တံထိုး





ပြီးတက်သွားကြသည်။

တိုင်ထိပ်ပေါ်ရောက်သောအခါ အဆင်သင့်ရိုက်ထား သော ငုတ်ပေါ်တွင် ခြေတစ်ဖက်နင်းကာ လက်တစ်ဖက်က တိုင် ထိပ်ကို ကိုင်ထားရသည်။

လွတ်နေသော ခြေတစ်ဖက်နှင့် လက်တစ်ဖက်တို့ကို နံဘေးသို့ ဆန့်တန်းထားလျက် နေထွက်ရာဘက်သို့ မျက်နှာမူ ကာ နေထွက်သည်မှ နေဝင်ချိန်ရောက်သည်အထိ တစ်နေ့လုံး (၁၂နာရီကြာအောင်) နေသွားရာဘက်သို့ မျက်နှာမူနေကြသည်။

နေဝင်သွားတော့မှ တိုင်ထိပ်ပေါ်မှ ပြန်ဆင်းပြီး အစား အသောက်စားရင်း နားကြသည်။

တစ်ညလုံး ထိုနေရာမှာပင် နေကြပြီး နောက်တစ်နေ့ အရုဏ်တက်ချိန်ရောက်ပြန်သောအခါ တိုင်ထိပ်ပေါ်သို့ တစ်ဖန် တက်ကာ တစ်နေ့ကုန်နေကြပြန်သည်။

၎င်းတို့ကတော့ နေကသိုဏ်းရှူရင်း ကမ္ဗည်းန်းထိုင်သည် ဟု ပြောသည်။

ဟိန္ဒူဘာသာဝင်တို့သည် ထိုကဲ့သို့ ခက်ခဲပင်ပန်းသော အလုပ်များဖြင့် ဘုရား၊ တရားကို ပူဇော်ကြသည့်အခါ များစွာ အကျိုးကျေးဇူးရသည်ဟုလည်း ယုံကြည်မှုရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ရေလမ်း၊ ကုန်းလမ်း ခရီးများဖြင့် သွားကြရာ. . နောက်ဆုံးမှာတော့ ကောသမ္ဗီမြို့သို့ ရောက်သွားကြသည်။

မြို့မှာ အတော်ကျယ်ဝန်းပြီး ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံရာ၌ တည်ရှိသောကြောင့်လည်း စည်ကားလေသည်။

ထိုမြို့မှာနေထိုင်ကြသူတို့မှာ အများအားဖြင့်တော့ ဟိန္ဒူ ဘာသာဝင်များပြီး အခြားလူမျိုးအချို့လည်း ရောထွေးနေကြ လေသည်။

ထိုမြို့သို့ရောက်တော့. . သင့်တော်သော တည်းခိုခန်း တစ်ခုမှာ ဝင်ရောက်တည်းခိုပြီးနားကြသည်။

ထိုမြို့သို့ရောက်ပြီး သူတို့ကိုနေရာချပေးပြီးသောအခါ မာရီယာက သူမဆွေမျိုးသားချင်းများရှိသောနေရာသို့ ပြန်သွား လေသည်။

"ကောသမ္ဗီတော့ ရောက်ကြပြီ၊ ဘယ်လိုခရီးဆက်ကြမ လဲ မောင်ထင်ကျော်"

"ဒီနေရာကနေ တဆင့်သွားရင် အာယုသိဒ္ဓိကျွန်းကို ရောက်နိုင်တယ်လို့တော့ ပြောတယ်"

"ဟိုမိန်းကလေး ဘယ်သွားတာလဲ"

"သူရဲ့ဆွေမျိုးသားချင်းတွေနေတဲ့ နေရာကို ခဏပြန် သွားတာပါ"

"သူပြန်လာဦးမှာလား"

"သူ့အဘိုးကိုခေါ်ပြီး ပြန်လာခဲ့မယ်လို့ မှာသွားတယ် မာရီယာရဲ့အဘိုးက အာယုသိဒ္ဓိကျွန်းကို ရောက်ဖူးခဲ့ပုံရတယ်"

ဒေါက်တာမင်းထင်ကျော်က ထိုသို့ပြောလိုက်သောအ ခါ ကျန်သုံးယောက်က ဘာမှထပ်မပြောကြတော့ပေ။

တည်းခိုခန်းမှာပင် အေးအေးဆေးဆေး နားနေကြစဉ်





ညနေပိုင်းအချိန်အထိ မာရီယာတစ်ယောက် ပြန်မရောက်လာ သဖြင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာပင် ပူပန်လာမိလေ သည်။

"သူပြန်မှလာပါတော့မလား"

သို့သော်လည်း အကယ်၍ သူမ ပြန်ရောက်မလာပါက လည်း မိမိတို့အစီအစဉ်ဖြင့်သာ ရှေ့သို့ခရီးဆက်ကြရမည်ဟု ဆုံးဖြတ်ထားလေသည်။

သို့သော် သူထင်သလိုတော့ မဟုတ်ပါချေ။

ညနေပိုင်းအချိန်ရောက်တော့ မာရီယာပြန်ရောက်လာ သည်။ သူမနှင့်အတူ အသက်အရွယ်ကြီးသော ကုလားအဘိုး ကြီးတစ်ယောက်လည်း ပါလာသည်။

အားလုံးကတော့ မာရီယာပြန်ရောက်လာသောကြောင့် ဝမ်းသာသွားကြသည်။

"ကျွန်မနောက်ကျသွားတာ ခွင့်လွှတ်ပါဆရာ၊ ကျွန်မ အဘိုးကို တစ်ခါတည်းခေါ်ခဲ့ချင်လို့ နည်းနည်းအချိန်ကြာသွား တာပါ"

"ရပါတယ်. . မင်းပြန်လာတာပဲ ကျေနပ်ပါပြီ"

"ကျွန်မက ဆရာတို့ မလိုအပ်တော့တဲ့အခါ ပြန်လွှတ် တော့မှ ပြန်မှာပါ၊ ဆရာတို့ အသုံးလိုနေသေးသမျှ ဆရာတို့နဲ့ပဲ အတူတူလိုက်ခဲ့မှာပါ"

ထိုစကားကြားတော့ အားလုံးက သဘောကျသွားကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မာရီယာက သူမခေါ်လာသော ကုလားအဘိုးကြီးနှင့် မိတ်ဆက်ပေးသည်။

"ဒါ ကျွန်မငယ်ငယ်ကတည်းက စောင့်ရှောက်ပေးခဲ့တဲ့ ကျွန်မအဘိုးပါ . . နာမည်က ကရှရိကာလို့ ခေါ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်တို့က အသီးသီးခေါင်းညိတ်ပြီး အသိအမှတ်ပြုလိုက်ကြသည်။

အဘိုးကြီးမှာ အသက်(၆၀)ကျော်အရွယ်ခန့်ရှိပြီး ဆင်းရဲချို့တဲ့စွာနေရဟန်ဖြင့် ပိန်လှီလှသည်။

"အခုလိုတွေ့ရတာ ဝမ်းသာပါ ရှရိကာ၊ ကျွန်တော်တို့က မာရီယာရဲ့ မိတ်ဆွေတွေပါ၊ ခင်ဗျားဆီက သိချင်တာတွေ ရှိပါတယ်"

ဒေါက်တာမင်းထင်ကျော်ပြောသော စကားများနှင့် ရှရိကာပြောသောစကားတို့ကို ကြားထဲမှ မာရီယာကပင် စကားပြန်လုပ်ပေးသည်။

ထိုသို့ပြောတော့ ရှရိကာက ခေါင်းညိတ်ပြသည်။

"ခင်ဗျားအတွက် အစားအသောက်နဲ့ ဧည့်ခံချင်ပါတယ်၊ မာရီယာကပဲ အားလုံးအတွက် အစားအသောက်တွေ စီစဉ်ပေးပါ"

ဟုစေခိုင်းရာ . . မာရီယာက အစားအသောက်များကို သူမကိုယ်တိုင် စီစဉ်မှာကြားပေးလေသည်။

အများအားဖြင့်တော့ နွားနို့၊ ထောပတ်၊ အသီးအရွက်၊ ပဲ၊ အာလူးစသည်တို့ဖြင့် အမျိုးမျိုးစီမံပြုလုပ်ထားသော အစားအသောက်များပင်ဖြစ်သည်။





ထိုအစားအသောက်များ ရောက်သောအခါ ရှရိကာမှာ အတော်များများပင် စားသောက်လေသည်။

စားသောက်ပြီးသောအခါ အသင့်ပါလာသော ဆေးတံထဲသို့ ဆေးအနည်းငယ်ထည့်ပြီး မီးညှိဖွာနေလေသည်။

"ကျွန်တော်သိချင်တာက ခင်ဗျား အာယုသိဒ္ဓိကျွန်းကို သိသလား"

ခေါင်းညိတ်ပြသည်။

"အဲ့ဒီကျွန်းအကြောင်းကို သိချင်ပါတယ် . . ၊ ခင်ဗျား ရောက်ဖူးသလား"

"ရောက်ဖူးပါတယ်၊ ကျုပ်လူရွယ်ဘဝက ရောက်ခဲ့ဖူးခဲ့ဘာ"

ထိုစကားကြားသောအခါ စိတ်ဝင်စားသွားကြသည်။

စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသော အကြောင်းအရာတစ်ခုလည်း သေချာသွားသကဲ့သို့ ရှိလာသည်။

"အာယုသိဒ္ဓိကျွန်းဆိုတာ လူသူမသွားသင့်တဲ့နေရာမျိုးပါပဲ"

"ဘယ်လိုကြောင့်လဲ"

"အန္တရာယ် အလွန်များတဲ့နေရာမျိုးပါပဲ၊ အဲဒီကျွန်း ရောက်သွားရင် ပြန်လာနိုင်ဖို့ အတော်ခဲယဉ်းတယ်၊ နောက်ပြီး ထူးဆန်းတာတွေလည်း အများကြီးရှိတယ်"

"ဘယ်လို ထူးဆန်းမှုမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကျွန်းရဲ့ တစ်နေရာမှာ ထူးဆန်းတဲ့ရေကန်တစ် ကန် ရှိတယ်၊ ကန်ထဲမှာရှိတဲ့ရေတွေက သတ္တုအရောင်တွေလို တောက်ပနေကြတယ်"

"ခင်ဗျားရောက်ခဲ့ဖူးသလား"

"ရောက်ခဲ့တယ်"

"အဲဒီရေကန်က ဘယ်လိုထူးခြားမှုတွေရှိသလဲ"

"ရောဂါနဲ့ ဒဏ်ရာတွေကို ချက်ချင်းပျောက်ကင်းစေနိုင် တယ်၊ ထက်ပိုင်းပြတ်နေတဲ့ ငါးတစ်ကောင်ကို အဲဒီရေကန်ထဲ ချလိုက်ရင် ချက်ချင်းအတောင်းပြန်ဖြစ်သွားတယ်"

"ဟင် . . ထူးဆန်းလှပါလား"

"ဦးခေါင်းပြတ်နေတဲ့ တိရစ္ဆာန်တစ်ကောင်ကို အဲဒီကန် ရေထဲပစ်ချလိုက်ရင် အကောင်းအတိုင်းပြန်ဖြစ်လာပြီး အသက် ပြန်ရှင်လာတယ်"

"အတော်ထူးဆန်းတယ်၊ နတ်ရေကန်များ ဖြစ်နေရော့ သလား"

"ဒါပေမယ့် အဲဒီရေကန်ကို ရောက်ဖို့မလွယ်ဘူး၊ သွား ဖို့ကြိုးစားရင်လည်း သေတာပဲ"

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိသလဲ"

"အန္တရာယ်တွေကတော့ အမျိုးမျိုးပဲ၊ မြင်ရတဲ့အန္တရာယ် တွေရော . . မမြင်ရတဲ့အန္တရာယ်တွေပါ အများကြီးရှိတယ်"

"အဲ့ဒီကျွန်းမှာ လူတွေရှိသလား"

"ရှိတယ်၊ ဘုရင်မ တစ်ဦးက အုပ်ချုပ်နေတယ်၊ သူ့ကို





အာယုသိဒ္ဓိကျွန်းသခင်မလို့ ခေါ်ကြတယ်၊ အသက်အားလုံးရဲ့ အရှင်သခင်မလို့လည်း ခေါ်ကြတယ်၊ သူစေခိုင်းထားတဲ့လူတွေ က အမျိုးမျိုးပဲ"

"ပြောပါဦး"

ရှရီကာက ဆေးတစ်ဖွာဖွာပြီးမှ စကားပြန်ဆက်ဟန် ပြင်သည်။

သူ့အမူအရာမှာ စောစောကနှင့် မတူတော့ပေ။

ဝမ်းပြည့်အောင် အစားအသောက်စားလိုက်ရသဖြင့် ရွှင်လန်းတက်ကြွလာဟန်ရှိသည်။

ညော့်သည်များရှေ့တွင် သူသိသောအကြောင်းအရာတို့ ကို ပြန်ပြောခွင့်ရနေသောကြောင့်လည်း တက်ကြွနေခြင်းဖြစ် သည်။

"အဲ့ဒီကျွန်းပေါ်မှာ ရှိနေတဲ့လူတွေ အတော်များများက လူကိုယ်နဲ့ တိရစ္ဆာန်ဦးခေါင်းတွေ ဖြစ်နေကြတယ်၊ ကျွဲခေါင်း၊ နွားခေါင်း၊ ဆိတ်ခေါင်း၊ ကျားခေါင်း၊ ငါးခေါင်း စုံနေတာပဲ"

"ဘယ်လိုလုပ်ထားတာလဲ"

"အခြားဒေသတွေက အာယုသိဒ္ဓိရေကန်အကြောင်း ကို သတင်းကြားလို့ ရောက်လာသူတွေကိုဖမ်းပြီး ခေါင်းဖြတ်ပစ် တယ်၊ ပြီးရင် ကျန်တာတွေ မမှတ်မိအောင် တိရစ္ဆာန်ဦးခေါင်း တွေနဲ့ ပြောင်းတပ်ပစ်လိုက်တယ်"

"ဒါဖြင့် လူခေါင်းတွေက ဘယ်မှာသုံးသလဲ"

"တိရစ္ဆာန်တွေရဲ့ကိုယ်မှာ ပြန်တပ်ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ရက်စက်ယုတ်မာတာပဲ"

"ဟုတ်တယ်၊ ဒါကြောင့် အဲ့ဒီနေရာမျိုးက ဘယ်တော့မှ မသွားသင့်ဘူး"

"အခြားဘယ်လို ထူးခြားတာတွေ ရှိသလဲ"

"အာယုသိဒ္ဓိကျွန်းနဲ့ တဆက်တည်းမှာ အခြားနေရာတွေလည်းရှိတယ်၊ အဲ့ဒီကျွန်းတွေမှာ ကပ္ပလီလူရိုင်းတွေ ရှိကြတယ်၊ သူတို့ကလည်း လူတွေကိုဖမ်းမိရင် ပြန်မလွှတ်ဘူး၊ အဲ့ဒီနေရာတွေကတော့ တခြားလူတွေ မသွားပါဘူး၊ ပင်လယ်ဓားပြတွေလောက်ပဲ သွားကြတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း မမျှော်လင့်ပဲ ရှုရီကာထံမှ သူတို့သိလိုသောအကြောင်းများကို သိကြရသဖြင့် များစွာကျေနပ်သွားကြလေသည်။

မာရီယာအပေါ်မှာလည်း ကျေးဇူးတင်မိကြသည်။

"ခင်ဗျားက အဲ့ဒီနေရာကို. . . ဘယ်လိုအကြောင်းနဲ့ ရောက်သွားရတာလဲ"

"လူရွယ်ဘဝတုန်းကတော့ နတ်ရေကန်ထဲ ဆင်းရရင် ဟန်ကျမှာပဲလို့တွေးပြီး အဖော်တွေနဲ့စုပြီး သွားကြတာပါပဲ၊ ဟိုရောက်တော့မှသာ နတ်ရေကန်မရောက်ဘဲ အန္တရာယ်တွေနဲ့ တွေ့ပြီး သေခဲ့ကြတာပါ၊ ကျုပ်တစ်ယောက်တောင် ကံကောင်းထောက်မလို့ အသက်မသေဘဲ ဒီပြန်ရောက်ခဲ့တာပါ"

"ဒါထက် ခင်ဗျားကတော့ အသက်ကြီးလှပါပြီ၊ အဲ့ဒီနေ





ရာအကြောင်းကိုသိတဲ့ တခြားတစ်ယောက်များ ရှိသေးသလား"

ထိုသို့မေးသောအခါ ရှုရီကာက အတော်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ. . .၊

"တစ်ယောက်တော့ရှိတယ်၊ သူ့နာမည်က 'ဒီပက'လို့ ခေါ်တယ်၊ သူကတော့ အဲ့ဒီနေရာဒေသတွေအကြောင်း အတော်ကလေးသိတယ်"

ဟုပြောသည်။

"ကျွန်တော်တို့ သူနဲ့တွေ့ချင်တယ်၊ သူကဘယ်နေရာမှာ နေတာလဲ"

"ဟိန္ဒူနတ်ကွန်းကြီးနဲ့ မနီးမဝေးမှာ သူနေတယ်"

"သူနဲ့တွေ့ရအောင် ခင်ဗျားကပဲ စီစဉ်ပေးပါ"

"ဒါထက်မေးပါရစေ၊ ခင်ဗျားတို့က အဲ့ဒီကျွန်းကိုသွားဖို့ လာကြတာလား"

"မှန်ပါတယ်"

"ဒီလောက် အန္တရာယ်များတဲ့နေရာကို ဘာကြောင့်သွားချင်ကြတာလဲ၊ တားပါရစေ. . ."

"ခင်ဗျားရဲ့ စေတနာကို သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့အတွက် စိတ်မပူပါနဲ့၊ အာယုသိဒ္ဓိကျွန်းရဲ့ ဝင်ခွင့်လက်မှတ် ပါပါတယ်"

ဒေါက်တာမင်းထင်ကျော်က ယောဂီကြီးကုမာရ ပေးထားခဲ့သော ရွှေပြားကိုရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ ရှရီကာနှင့် မာရီယာတို့မှာ များစွာအံ့ဩသွားကြဟန်ရှိသည်။

"အံ့ဩစရာပါပဲ၊ ခင်ဗျားတို့ သွားချင်တယ်ဆိုရင် ကျုပ် ဗိုပကနဲ့တွေ့ဖို့ စီစဉ်ပေးပါ့မယ်"

ဟုပြောဆိုရာ ကျေးဇူးတင်ကြောင်းပြောပြီး ဒေါက်တာမင်းထင်ကျော်က ငွေဒင်္ဂါးအချို့ကို ပေးလိုက်လေသည်။ ရှရီကာက ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောကာ သူတို့ကို နှုတ်ဆက်ပြီးနောက် ပြန်သွားလေသည်။

မာရီယာကတော့ ပြန်လိုက်မသွားဘဲ သူတို့နှင့်ပင် နေခဲ့လေသည်။





# အခန်း (၈)

# လူမျက်နှာနှင့် မျောက်ကိုယ်ခန္ဓာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့. . လေးယောက်သား မာရီယာကိုပါ တပါတည်းခေါ်ကာ ကောသမ္ဗီမြို့အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ထိုမြို့တစ်မြို့လုံးမှာလည်း ဟိန္ဒူဘာသာဝင်တို့နှင့် ပတ်သက်သည့် ဟိန္ဒူနတ်ကွန်းများ၊ နတ်ဘုရားကျောင်း အဆောက်အအုံတို့မှာ နေရာတိုင်းလိုလိုတွင် လက်ညှိုးထိုးမလွဲအောင် ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် . . အခြားဘာသာရေးနှင့်ပတ်သက်ပြီး ထူးထူးခြားခြား ကျင်းပပြုလုပ်သော နေရာအချို့လည်း ရှိပေသည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ ထိုနေရာများအား နောက်မှကြည့်ရှုမည် စိတ်ကူးသဖြင့် လှည့်လည်မကြည့်တော့ဘဲ ဆိပ်ကမ်းဘက်သို့ ဆင်းလာကြသည်။

ထူးထူးခြားခြားနေရာတစ်ခုကို ကြည့်ရှုလိုသောကြောင့်ဖြစ်သည်။ ထိုနေရာမှာ အခြားမဟုတ်ပေ။

ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့ ပေါင်းဆုံသောနေရာသို့ ကြည့်ရှုလိုသောကြောင့်ဖြစ်သည်။

အနောက်တောင်ဘက်မှ အရှေ့ဘက်သို့ ဦးတည်စီးဆင်းလာကြသော ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်နှစ်သွယ်တို့မှာ မုတ္တာနယ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်လာကြပြီး ကောသမ္ဗီမြို့အနောက်ဘက်တစ်နေရာသို့ ရောက်သောအခါ ပေါင်းဆုံသွားပြီးနောက် ကောသမ္ဗီကိုဖြတ်ကာ အရှေ့ဘက်သို့ စီးဆင်းသွားကြလေသည်။

ထိုမှတဆင့် ဆက်လက်စီးဆင်းသွားလေရာ . . အရှေ့ဘက် ပြဂ္ဂပုတ္တရမြစ်သို့ တိုင်သည်။

ကောသမ္ဗီမြို့မရောက်မီ အထက်ပိုင်းမှာတော့ ၎င်းမြစ်နှစ်စင်းမှ မျဉ်းပြိုင်အနေအထားမျိုးဖြင့် စီဆင်းလာကြရာ . . ထိုမြစ်ဝှမ်းတလျှောက်မှာ နေထိုင်ကြသူများမှာ မိမိတို့နေထိုင်ရာမြစ်များကို များစွာတန်ဖိုးထားကြသည်။

ဟိမဝန္တာတောင်တန်းကြီးအား ရေဝေမြစ်ဖျားခံလျက်





စီးဆင်းလာသော မြစ်နှစ်စင်းမှမြစ်ရေတို့မှာ သာမန်နှင့်မတူဆေးရည်များသဖွယ် ဖြစ်နေတော့သည်။

ထိုမြစ်ရေတို့တွင် လူကိုအန္တရာယ်ပေးသော ပိုးမွှားများမပါဝင်ပေ။

ဟိမဝန္တာတောင်တန်းကြီးပေါ်မှာ မရေမတွက်နိုင်သောဆေးပင်များ၊ ဂမုန်းပင်များ၊ သိဒ္ဓိဝင်ကျောက်များစွာတို့ ရှိနေကြရာ ထိုဆေးပင်များပေါ်မှ ဖြတ်သန်းစီးဆင်းလာသော ရေတို့မှာသည်း ဆေးရေများဖြစ်နေသည်မှာ မဆန်းပေ။

ထို့ကြောင့် ဂင်္ဂါမြစ်ရေ၊ ယမုံမြစ်ရေတို့တွင် ရေချိုးကြလျှင် ရောဂါကင်းသည်ဟု အယူရှိကြသည်။ ထိုမြစ်ရေတို့မှာ ပရိတ်ရေ၊ ဆေးရေကဲ့သို့ သိဒ္ဓိရှိသည်ဟုလည်း ယုံကြည်ကြသည်။

နောက်ပိုင်း အိန္ဒိယနေရာ အနှံ့အပြားမှာ လူဦးရေ မြောက်များစွာ တိုးပွားလာပြီးနောက်တွင် စည်းကမ်းမဲ့စွာ (မြစ်ကမ်းတွင် ကျွဲနွားကျောင်းခြင်း၊ ရေချခြင်း၊ အဝတ်လျှော်ခြင်း၊ အမှိုက်နှင့်အညစ်ကြေးများ စွန့်ပစ်သောကြောင့်) အသုံးပြုခဲ့ကြသောကြောင့် ဂင်္ဂါမြစ်ရေအပါအဝင် မြစ်ရေတို့မှာ နောက်ကျိပျက်စီးခဲ့လေသည်။

ထို့ကြောင့် ထိုမြစ်ရေတို့ကို ချိုးသူတို့မှာ ဂင်္ဂါမြစ်ရေပင်ဖြစ်လင့်ကစား ဆေးမဖြစ်တော့ဘဲ ဘေးအန္တရာယ်ဖြစ်ကြရလေတော့သည်။

ရှေးအခါကတော့ ဂင်္ဂါမြစ်ရေနှင့် ယမုံနာမြစ်ရေတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အမြစ်များဆေးကြောသန့်စင်ရာမြစ်ရေကို ဆေးအဖြစ် အသုံး ပြုခဲ့သော မြစ်များဖြစ်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်တို့သည် ထိုမြစ်နှစ်စင်း ပေါင်း ဆုံရာနေရာသို့ ရောက်သည်အထိ သွားကြည့်ကြသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ရောက်သော အခါ မေခနှင့် မေလိခပေါင်းဆုံရာ ဧရာဝတီမြစ်ဆုံသို့ တကူး တကသွားရောက် ကြည့်ရှုခဲ့ကြခြင်းမျိုးပင်ဖြစ်သည်။

"ဒီမြစ်ကြီးနှစ်စင်းက နာမည်လည်းလှသလို မြစ်နှစ်စင်း ကလည်း အတော်လှပေတာပဲ"

ဆရာကြီး သူရဇ္ဇကပြောသည်။

"ဟုတ်တယ် ဆရာကြီး၊ မြန်မာနိုင်ငံက မေခ မေလိခ မြစ်နှစ်စင်းလိုပဲ မြစ်တွေကလှသလို. . ပေးထားတဲ့ အမည်တွေ ကပါ လှတယ်"

"ဒီမှာရှိတဲ့ မြစ်တွေကိုလည်း ပေးထားတဲ့နာမည်တွေက အတော်လှပြီး အဓိပ္ပါယ်လည်းရှိပါတယ်"

အိန္ဒိယမှာရှိတဲ့ တောင်တွေထဲမှာ ဟိမဝန္တာတောင်တန်း ကြီးဟာ နာမည်လှသလို လူသိလည်းများတယ်"

"ဟုတ်ပါတယ်"

"ဒီမှာရှိတဲ့မြစ်တွေရဲ့ အမည်တွေဆိုရင်လည်း နာမည် လှလို့ မြန်မာပြည်သားတွေတောင် အသိများကြပါတယ်"

"ဘယ်မြစ်တွေလည်း ဆရာကြီး"

"ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ မိဂသမ္ဗဒါမြစ်၊ နေရဉ္စရာမြစ်၊





ဗြဟ္မပုတ္တရမြစ် စတဲ့မြစ်အမည်တွေဟာ ပေးထားတဲ့အမည်တွေ လှသလို. . မြစ်တွေရဲ့ စီးဆင်းပုံကလည်းလှတယ်"

"ဒါကြောင့် ထင်ပါရဲ့၊ စာရေးဆရာတွေက ဒီမြစ်တွေရဲ့ အမည်တွေကိုတင်စားပြီး စာရေးသားကြတယ်"

"ကျုပ်တို့မိတ်ဆွေကြီး စာရေးဆရာအောင်မင်းအောင် လည်း ဒီအကြောင်းတွေကို မကြာခဏရေးတာပါပဲ. . ဒီတစ် ခေါက် သူမပါတာတော့ နာတာပဲ"

"ဒါပေမယ့် အချက်အလက်တွေကို မှတ်သားစုဆောင်း ထားပြီး သူ့လက်ထဲထည့်ပေးလိုက်ရင် သူ့စိတ်ကူးနဲ့ ဖန်တီးရေး သားပေါ့"

ဟုပြောဆိုနေကြလေသည်။

ထို့နောက်မှာတော့ ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်နှစ်စင်းပေါင်း ဆုံရာနေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုပြီး ညနေပိုင်းအချိန် ရောက်သောအခါမှ ပြန်ရန်ပြင်ကြလေသည်။

ထိုအခါ လိုက်ပို့သော စက်လှေသမားက ပြောသည်။

"ဆရာတို့ နေလက်စနဲ့ နေကြပါဦးလား"

"ဘာကြောင့်လဲ"

"နေဝင်ကာနီးဆည်းဆာချိန်ရောက်ရင်း ဂင်္ဂါမြစ်နဲ့ ယမုံ နာမြစ်ထဲမှာ ရှုခင်းတွေကသိပ်လှတာ ဆရာရဲ့၊ တချို့ခရီးသွား တွေဆိုရင် ဒီအချိန်မျိုးကို တကူးတက လာကြည့်ကြရတယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ ငါတို့က တခြားသွားစရာ ရှိ ားတွေရှိသေးလို့ ခုတစ်ခေါက်တော့ မကြည့်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့မှ စက်လှေသမားက ကမ်းခြေဘက်သို့ ပြန်ပို့ပေးလေသည်။

ကမ်းခြေသို့ပြန်ရောက်သောအခါ မှောင်စပျိုးနေ ပြီ။ ဆောင်းရာသီရောက်ပြီဖြစ်သောကြောင့် နေဝင်သွားသည် နှင့် မြူနှင်းများက မှိုင်းလာလေသည်။

"ဘယ်သွားကြမလဲ မာရီယာ"

"အဘိုးက ဆရာတို့တွေ့ချင်တဲ့လူနဲ့ တွေ့ပေးဖို့ ဟိန္ဒူ နတ်ကွန်းရှိတဲ့နေရာက စောင့်နေလိမ့်မယ်၊ ကျွန်မတို့ အဲ့ဒီနေရာ ကိုသွားကြရမယ်"

"နတ်ကွန်းက ဘယ်နေရာမှာလဲ"

"မြို့ပြင်ဘက်မှာပါ၊ အဲ့ဒီနေရာကို ကျွန်မသိပါတယ်"

ဟုပြောသဖြင့် ကမ်းခြေတစ်ဝိုက်မှာပင် အသင့်တွေ့ သော သုံးဘီးယာဉ်တစ်စင်းကို ငှားရမ်းပြီးသွားကြရာ ညဉ့်ဦးပိုင်း အချိန်လောက်တွင် ထိုနေရာသို့ ရောက်သွားကြလေသည်။

ဟိန္ဒူနတ်ကွန်းရှိသော နေရာတစ်ဝိုက်မှာ လူသူနေထိုင် ခြင်းမရှိသောကြောင့် မီးရောင်မရှိပေ။

ထို့ပြင် ချောက်ချားစရာကောင်းလောက်အောင် တိတ် ဆိတ်ငြိမ်သက်နေသည်။

နတ်ကွန်းရှိသော ပရိဝုန်မှာ အတော်ပင်ကျယ်ဝန်းဟန် ရှိလေသည်။

သူတို့ရောက်သောအခါ ပရိဝုန်ထဲမှ လူတစ်ယောက် အပြင် ရှုရီကာ ထွက်လာသည်။





ရှုရီကာပင်ဖြစ်သည်။

"ကျုပ် ခင်ဗျားတို့ကို စောင့်နေတာ. . "

"ခင်ဗျားပြောတဲ့ ဒီပကကို ဘယ်နေရာမှာ သွားတွေ့ရ မလဲ"

"သူက သူတောင်းစားတစ်ယောက်ပဲ၊ တစ်နေကုန်း မြို့ ထဲမှာလှည့်တောင်းပြီး ဒီအချိန်ရောက်မှ သူနေတဲ့နေရာ ပြန်လာ လေ့ရှိတယ်"

ဟုပြောကာ ရှုရီကာက ရှေ့မှပင် ဦးဆောင်ခေါ်သွားသ ဖြင့် နောက်မှလိုက်သွားကြသည်။

"ဒီနေရာက ဒီအချိန်မျိုးရောက်ရင် လူတွေမလာဝံ့ကြ တော့ဘူး"

"ဘာကြောင့်လဲ"

"သရဲခြောက်တယ်"

"နတ်ကွန်းနားမှာ သရဲရှိသလား"

"ဒီနတ်ကွန်းမှာ သေသွားတဲ့လူတွေက နည်းတာမှမ ဟုတ်တာ၊ ဘုရားသခင်က အားလုံးကို ဘယ်ခေါ်သွားနိုင်ပါ့မလဲ၊ ဒါကြောင့် ကျန်တဲ့သူတွေလည်း ကျန်မှာပေါ့၊ အဲ့ဒီဝိညာဉ်တွေက ခြောက်လှန့်ကြတာ. . ."

ရှုရီကာ စကားကြားသောအခါ ဒေါက်တာမင်းထင် ကျော်တို့က မသိမသာ ပြုံးလိုက်ကြသည်။

"ဒီနတ်ကွန်းကြီးက တွေ့ခဲ့ဖူးသမျှတော့ အကြီးဆုံးပဲ"

"ဟုတ်တယ် ပွဲတော်ရက်ရောက်ရင် ဒီနတ်ကွန်းမှာ လူ



www.burmeseclassic.com

www.burmeseclassic.com



တွေအများကြီး လာကြတယ်၊ ဒီပကက ဒီနေရာမှာ နေတာဆို တော့. . သူက ဒီနတ်ကွန်းအကြောင်း ပိုသိတယ်”

ဟုပြောဆိုပြီး နတ်ကွန်းနှင့် မနီးမဝေး နေရာမှာရှိသော တဲစုများရှိရာဘက်သို့ ထွက်လာကြသည်။

ထိုနေရာတစ်ဝိုက်ရောက်သောအခါ ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်သဖြင့် အတော်မှောင်နေပေပြီ။

သို့သော် ကောင်းကင်မှာရှိသော အလင်းရောင်အချို့ ကြောင့် ပတ်ဝန်းကျင်သို့ အတန်အသင့် မြင်နိုင်ကြသည်။

အမှောင်ထဲမှာပင် တဖြည်းဖြည်းလျှောက်ကြရာ. . . မကြာမီ တဲတန်းများရှိသော နေရာဘက်သို့ ရောက်လာကြ သည်။ ထိုနေရာရောက်တော့ မီးရောင်အချို့ကို မြင်ရပြီး လူသံ သူသံအချို့ကို ကြားလာရသည်။

ရှရီကာက တဲတန်းများ၏ အစွန်ဘက်၌ရှိသော တဲ တစ်လုံးအနီးသို့ ရောက်သောအခါ ရပ်ပြီးအသံပြုလိုက်သည်။

“ဒီပက ပြန်ရောက်နေပြီလား”

ထိုသို့ အသံပေးလိုက်သောအခါ. . တဲအတွင်းမှ အသံ မကြားရသေးခင်မှာပင် သူတို့နေရာသို့ လူများဝိုင်းလာကြလေ သည်။ အခြားမဟုတ်ပေ။

ထိုနေရာတစ်ဝိုက်မှာရှိသော တဲများမှာ နေကြသူများ မှာ သူတောင်းစားများဖြစ်ကြပြီး လူသံများကြားသဖြင့် တဲများ အတွင်းမှ ထွက်လာကြခြင်းဖြစ်သည်။

သူတို့သည် ဒေါက်တာမင်းထင်ကျော်တို့ကို ဝိုင်းထား





ပြီး ပိုက်ဆံတောင်းကြသည်။

ထိုအသံများကြောင့် တဲအတွင်းမှ လူတစ်ယောက်ထွက် လာလေသည်။

သူတောင်းစားများ ဝိုင်းထားသော လူတစ်စုကို မြင် သောအခါ အံ့ဩသွားဟန်ဖြင့် မေးလိုက်သည်။

“ခင်ဗျားတို့က ဘယ်သူတွေလဲ”

“ငါတို့က မင်းနဲ့တွေ့ဖို့လာကြတာ”

ရှရီကာက ပြန်ပြောလိုက်သည်။

“အံ့ဩစရာပါလား၊ ကျုပ်လိုသူတောင်းစားတစ်ယောက် ကို တကူးတကလာတွေ့ကြတယ်ဆိုတော့ မယုံနိုင်စရာပဲ ဘာ ကိစ္စရှိလို့လဲ”

“မင်းနဲ့ပြောစရာရှိလို့. . ငါတို့နဲ့ လိုက်ခဲ့ပါ”

ဟု ရှရီကာက ပြောလိုက်သောအခါ ဒီပကက အနားမှာ ဝိုင်းနေသော သူတောင်းစားအုပ်စုများကို အော်ထုတ်လိုက်ရာ ထိုအခါမှ ပြန်ထွက်သွားကြလေသည်။

ထို့နောက်တွင် ဒီပကအား နတ်ကွန်းရှိရာသို့ ပြန်ခေါ် လာပြီး သင့်တော်သော နေရာမှာထိုင်ကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။

ဒီပကမှာ ထိုစကားကြားတော့ အံ့ဩနေဟန်ရှိသည်။

ဒီပကမှာ တစ်ကိုယ်လုံး အဝတ်ဟောင်းကြီးတစ်ထည် ဖြင့် ပတ်ခြုံထားလေသည်။

အမှောင်ထဲမှာမို့ သူ၏ပုံပန်းသဏ္ဌာန်မည်သို့ရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရပေ။

"ခင်ဗျားတို့က အဲ့ဒီနေရာသွားချင်တယ်ဆိုတော့ အဲ့ဒီနေရာနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဘယ်လောက်သိထားကြလို့လဲ"

"သိသင့်သလောက်တော့ သိထားပြီးပါပြီ"

"ကမ္ဘာပေါ်မှာ ကြောက်စရာကောင်းတဲ့နေရာတွေ အတော်များများရှိပါတယ်၊ ဒါပေမယ့် . . . ခင်ဗျားတို့သွားချင်တဲ့ အာယုသိဒ္ဓိကျွန်းလောက်တော့ ကြောက်ဖို့ကောင်းမယ် မထင်ဘူး"

"ဘယ်လိုကြောက်စရာမျိုးတွေလည်း ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်က မေးသောအခါ ဒီပကာက ၄င်းကိုယ်ပေါ်မှာ လွှမ်းခြုံထားသော အဝတ်မည်းကြီးကို ဖယ်ပြလိုက်သည်။

"ဒီမှာကြည့်ပါ"

"ဟင် . . ."

"ဟာ . . ဘယ်လိုဖြစ်နေတာလဲ"

မီးရောင်မှိန်မှိန်ဖြင့် မြင်နေရသော ဒီပကာ၏ ခန္ဓာကိုယ်မှာ ကြောက်စရာ ကောင်းလှသည်။

တစ်ကိုယ်လုံး အမွှေးများရှိနေပြီး ကိုယ်ပေါ်မှာ ခွဲစိပ်ထားသောဒဏ်ရာများက ပြည့်နေသည်။

အကြီးဆုံးဒဏ်ရာကတော့ လည်ပင်းတစ်ဝိုက်မှာဖြစ်သည်။





လည်ပင်းမှာ ဖြတ်ထားပြီးမှ ပြန်ဆက်ထားသော ပုံသဏ္ဍာန်မျိုးဖြစ်နေသည်။

ကိုယ်ပေါ်မှာလည်း အမွှေးရှည်များကိုရိတ်ကာ ခွဲစိပ်ပြီးမှ ပြန်ချုပ်ထားသည့် ဒဏ်ရာများရှိနေသည်။

"ဒီဒဏ်ရာတွေက ဘယ်လိုဖြစ်ပြီး ရတာလဲ"

"သူတို့လက်ချက်ပေါ့ဗျာ၊ လူစင်စစ်ကနေ တိရစ္ဆာန်တစ်ပိုင်း၊ လူတစ်ပိုင်းဖြစ်အောင်လုပ်ခဲ့တာပေါ့"

"ဘယ်လိုလုပ်တာလဲ၊ သေချာအောင်ပြောပြပါဦး"

"မျက်နှာနဲ့ ဦးခေါင်းကတော့ ကျုပ်ရဲ့ဦးခေါင်းပါပဲ၊ ခန္ဓာကိုယ်ကတော့ ကျုပ်ရဲ့ခန္ဓာကိုယ် မဟုတ်တော့ပါဘူး၊ လူတစ်ပိုင်းမျောက်တစ်ပိုင်းဖြစ်နေသူရဲ့ ခန္ဓာကိုယ်ကို တပ်ပေးထားတာပါ"

"ဒီလိုလုပ်တော့ အသက်မသေဘူးလား"

"သူတို့ဆီမှာ အာယုသိဒ္ဓိကုန်လို့ခေါ်တဲ့ နတ်ရေကန်တစ်ကန်ရှိတယ်၊ ဒဏ်ရာရနေတဲ့သူတွေ လည်ပင်းပြတ်နေရင်တောင် အသက်ပြန်ရှင်လာစေနိုင်တယ်"

"ဒါတွေကို ဘယ်သူက လုပ်နေတာလဲ"

"အဲဒီကျွန်းကို ပိုင်ဆိုင်အုပ်ချုပ်နေတာက အသက်တို့ရဲ့သခင်မပဲ၊ ကမ္ဘာပေါ်မှာရုပ်အဆိုးဆုံး မိန်းမတစ်ယောက်ပါပဲ၊ သူ့ဘေးမှာ အာယုသစ်ဆိုတဲ့ ဆေးဆရာကြီးတစ်ယောက်ရှိတယ်၊ ဘီလူးသဘက်လို ရက်စက်တတ်တဲ့လူပါပဲ"

ဒီပကာက မကျေမနပ်ဖြင့် ပြောပြနေသည်။

"ကျွန်တော်တို့က အဲဒီနေရာကို သွားကြမယ်၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့နိုင်မလား"

ထိုသို့မေးသောအခါ. . ဒီပကဆိုသူက အတော်ကြာအောင် စဉ်းစားနေပြီးမှ. . ၊

"ကျုပ်လည်းအဲဒီနေရာကို တစ်ခေါက်ပြန်သွားချင်ပါသေးတယ်"

ဟု ပြောသည်။

"ဘယ်လိုကြောင့်လဲ"

"ဖြစ်နိုင်ရင် ဒီပုံမကျပန်းမကျ ကိုယ်ခန္ဓာကြီးနဲ့ လူကိုယ်ခန္ဓာတစ်ခုခုနဲ့ ပြန်လဲယူချင်လို့ပါ"

ထိုစကားကြားတော့ အားလုံးသက်ပြင်းချလိုက်ကြသည်။

"အခြေအနေပေးရင်တော့ လဲခွင့်ရမှာပါ၊ ဒါဖြင့် ကျွန်တော်တို့နဲ့လိုက်ခဲ့ဖို့ သဘောတူသလား"

ဒီပကက ဦးခေါင်းညိတ်ပြသဖြင့် ဒေါက်တာမင်းထင်ကျော်က သူ့အားငွေဒင်္ဂါးအချို့ပေးထားခဲ့ပြီးနောက် နတ်ကွန်းပရိဂုဏ်အတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။





## အခန်း (၄)

# ကောသမ္ဗီမှမယ်မှူးဇော်သောသစ်ပင်

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ နံနက်စာစားသောက်ကြပြီးသည်နှင့် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်မြို့ထဲထွက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့ နှစ်ယောက်ကတော့ ညကရောက်ခဲ့သော ဟိန္ဒူနတ်ကွန်းကြီးရှိရာဘက်သို့ တစ်ခေါက်ပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနီးတစ်ဝိုက်မှာရှိသော တဲတန်းများရှိနေရာသို့ တစ်ခေါက်သွားကြည့်သောအခါ လူတစ်ယောက်မှ မတွေ့ရတော့ပေ။

ညက ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမသံများဖြင့် ဆူညံနေသော တဲတန်းကြီးတစ်ခုလုံးမှာ ယခုတော့ လူသူမရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဒီပက နေသောနေရာသို့သွားကြည့်တော့လည်း မတွေ့ရတော့ပေ။

"ဒီလို မနက်စောစောအချိန်မျိုးမှာ ဈေးတစ်ဝိုက်မှာ လူစည်တော့ သူတို့ထွက်တောင်းကြတယ်၊ ဒါကြောင့် လူတွေမရှိတော့တာ"

ဟု မာရီယာက ပြောပြသည်။

ထိုသို့ပြောရင်းနှင့် လျှောက်လာကြရာ ဟိန္ဒူနတ်ကွန်းကြီးရှိရာသို့ ရောက်လာကြလေသည်။

ထိုနတ်ကွန်းကြီးမှာ ကောသမ္ဗီမြို့တွင် အကြီးဆုံးနတ်ကွန်းကြီးတစ်ဆောင်ဖြစ်ပြီး ဘုရားပွဲတော်ရက်ရောက်သောအခါ လူပေါင်းများစွာ လာရောက်ပူဇော်ကြသည့် နေရာလည်းဖြစ်သည်။

ထို့အပြင် အခြားအကြောင်းများကြောင့်လည်း နာမည်ကြီးလူသိများလေသည်။

ရှေးအခါက နတ်ဘုရားကျောင်း၌ ဘုရားပွဲတော် ကျင်းပသည့်ရက်ရောက်လျှင် လူပေါင်းမြောက်များစွာက ရောက်လေ့





ရှိကြသည်။

လာရောက်သူများမှာ နတ်ကွန်းရှိသော ပရိဝုဏ်အတွင်းသို့ ဝင်သွားပါက ပြန်ထွက်လာနိုင်သူ အတော်ပင်နည်းလှပေသည်။

နတ်ကွန်း၏ ပရိဝုဏ်အတွင်း အဆောက်အအုံ၏ အရှေ့မျက်နှာစာတွင် အလုံးအထည်ကြီးမားပြီး မြင့်မားသော သစ်ပင်ကြီးတစ်ပင်ရှိသည်။

ထိုသစ်ပင်ကြီး၏ ဝဲယာနှစ်ဘက် သစ်ပင်ခြေရင်းတွင် လူအရိုးစုများ စုပုံလျက်ရှိနေကြသည်။

ထိုအရိုးစုများရှိနေခြင်းမှာ အခြားမဟုတ်ပေ။

နတ်ပူဇော်ရန်လာရောက်ကြသူတို့သည် ထိုသစ်ပင်ကြီးပေါ်သို့တက်ကာ ဆုတောင်းပတ္ထနာပြုပြီးနောက် သစ်ပင်ပေါ်မှ အောက်သို့ခုန်ချကာ မိမိကိုယ်ကို အဆုံးစီရင်သွားကြခြင်းကြောင့် ဖြစ်သည်။

ထိုအယူအဆမှာ ပင်လယ်ထဲမှာ မိမိခန္ဓာကိုယ်အား ငါးမန်းစာကျွေးသော အယူအဆနှင့် အတူတူပင်ဖြစ်သည်။

နတ်ကွန်းရှိသောနေရာမှာ ထူးကဲမွန်မြတ်သော နေရာဖြစ်ပြီး ထိုမြေပေါ်၌ မိမိကိုယ်နှင့်အသက်ကို စတေးပြီး လှူဒါန်းပူဇော်ခြင်းမှာ များစွာထူးကဲသော အလှူဖြစ်ပြီး။

ထိုကုသိုလ်ကောင်းမှုကြောင့် သံသရာဘေးမှ ကင်းဝေးကာ အေးချမ်းသော ထာဝရဘုရားသခင်ရှိသော ဘုံဗိမာန်သို့ ရောက်ကြရမည်ဟု ယုံကြည်မှုကြောင့်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းနှင့် ပတ်သက်ပြီး ဆရာကြီးဦးလှခင် မြန်မာပြန်ခဲ့သော "ရတနာရွှေမြေ" စာအုပ်၌ ဖေါ်ပြထားသော ဟီယွန်ဆင်၏ ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

(ဟီယွန်ဆင်သည်. . နတ်ကွန်းပရဝုဏ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

နတ်ကွန်းတာဝန်ခံ ဟိန္ဒူဘုန်းကြီး တစ်ပါးရှိသည်။

ထိုနေရာသို့ ဟီယွန်ဆင်ရောက်သွားသောအခါ ထိုအယူသည်းမှုကို လူသိရှင်ကြား ပြောဟောဖော်ပြလိုသော. . . ဗြဟ္မဏ အဘိဓမ္မာဆရာကြီးတစ်ဦးနှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါ ဗြဟ္မဏဆရာကြီးသည် အမျိုးမြတ်သည်ဆိုသော ဗြဟ္မဏမျိုးမှ ဆင်းသက်လာသော အဘိဓမ္မာဆရာတစ်ဦးဖြစ်မည်မှာ သံသယဖြစ်ဖွယ်မရှိချေ။

သူသည် နတ်ကွန်းပရဝုဏ်အတွင်းသို့ အဖော်များ ခြံရံ၍ ဝင်လာခဲ့လေသည်။

ထိုနတ်ကွန်းတာဝန်ခံ ဟိန္ဒူဘုန်းကြီးတစ်ပါးသည် သူ့ကို ခရီးဦးကြိုပြုကာ ထိုသစ်ပင်ကြီး၏ခြေရင်းသို့ ပို့ဆောင်ပေးလေသည်။

ထိုနောက် ဦးခေါင်းမှ ဆံပင်များကိုရိတ်ပြီး နဖူး၌ ဆေးရည်များဖြင့် မှန်ကူ သုတ်လိမ်းပေးကြသည်။

၎င်းတို့ မိမိဘာသာဆုတောင်း ပထနာ သစ္စာဓိဋ္ဌာန်ပြုသည်ကို ပြီးအောင်စောင့်နေကြသည်။





ပြီးလျှင်. . ဗြဟ္မဏအဘိဓမ္မာဆရာကြီးသည် အခြားဘုရားဖူး ပရိသတ်တို့အား မိန့်ခွန်းစကားအနည်းငယ် ပြောကြားလေတော့၏။

ထိုအချိန်၌ ရသေ့ယောဂီများ၊ ဆာဒူးများ၊ ဘုရားဖူးများ၊ သူတောင်းစားများနှင့် ထိုသစ်ပင်၌ နတ်များရှိသည်ဟု ယုံကြည်နေသူများ စုဝေးရောက်လာကြပြီး ကြီးမားသော လူထုလူအုပ်ကြီးဖြင့် ပြည့်နှက်နေလေတော့သည်။

လူများစွာရောက်ရှိနေသည့်အနက် ထိုသစ်ပင်ကနတ်များ စကားပြောသံကြားရသူသည် သစ်ပင်ပေါ်သို့တက်၍ မြေသို့ခုန်ချပြီး သတ်သေရလေသည်။ ထိုအခါ နတ်များက ၎င်းဝိညာဉ်ကို ကောင်းကင်ဘုံသို့ ယူဆောင်သွားကြသည်ဟု ယုံကြည်မှုရှိကြသည်။

ထိုဗြဟ္မဏကြီးသည် လူများဝိုင်းအုံလာသောအခါ သူသည် နတ်များကို မယုံကြည်ဖို့ စတင်ပြောဟောလေတော့သည်။

နတ်များသည် လူကိုကောင်းကျိုးမပေး၊ လူတွေကို သေတုန်အောင် လိမ်လည်သွေးဆောင်နေကြကြောင်း စသည်ဖြင့် အပြစ်များကို အမျိုးမျိုးဖော်ထုတ်ပြောပြနေစဉ် အသံတဖြည်းဖြည်း တုန်လာပြီး ပြောနေသောစကားလုံးများ မပြီးမသ ဖြစ်လာကာ ဝူးဝူးဝါးဝါးနှင့် တစ်ကိုယ်လုံး တုန်ရီလာလေတော့သည်။

ထိုအခါ သူ၏အဖော်များက သူ့ကို ပရဝုဏ်ပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထုတ်သွားရန် ကြိုးစားကြသည်။

ဘုန်းကြီးများနှင့် ဘုရားဖူးတို့လည်း တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြလေသည်။

သို့သော် အဘိဓမ္မာဆရာကြီးသည် အဖော်များလက်ထဲမှ ရုတ်တရက် ရုန်းထွက်ကာ လျင်မြန်စွာပြေး၍ သစ်ပင်ပေါ်သို့ ထိပ်ဖျားအထိ တက်သွားလေတော့သည်။

သစ်ပင်ထိပ်ဖျားသို့ ရောက်လျှင် သူသည် အောက်က ကြည့်နေသော လူအုပ်ကြီးဆီသို့ လှမ်းပြောလိုက်သည်။

"နတ်တွေ ပြောတဲ့စကားကို ကျွန်ုပ်ကြားရတယ်၊ တီးသံမှုတ်သံတွေကိုလည်း ကျွန်ုပ်ကြားရတယ်၊ သူတို့ကျွန်ုပ်ကို နတ်ပြည်သို့ခေါ်နေကြပြီ၊ သူတို့ ကျွန်ုပ်အနီးတွင် ရစ်ဝဲနေကြပြီ၊ စောစောက ကျွန်ုပ်ပြောခဲ့တဲ့စကားတွေဟာ မမှန်ဘူး လိမ်ပြောတာ၊ ယခုနတ်တွေ ဒီမှာရောက်နေကြပြီ၊ ကျွန်ုပ် ရာဇဝတ်ပြစ်မှုဖြစ်စေမည့် ယုံတမ်းစကားကို ပြောနေခြင်းမဟုတ်၊ ဤသစ်ပင်ကြီးဟာ ကောင်းကင်ဘုံ၏ တံခါးဝမှာရှိနေတာ အမှန်ဘဲ၊ မည်သူမဆို ဒီနေရာရောက်ရင် ကောင်းကင်ဘုံကို ဝင်သွားရုံ ရှိတော့တယ်၊ အို. . နတ်တစ်ယောက် ကျွန်ုပ်ကို တိုးတိုးစကား လာပြောနေပြန်ပြီ၊ သူပြောတာက လူ့ကိုယ်တွင်းမှဝိညာဉ် သန့်ရှင်းပျော်ရွှင်ရေးတွေအကြောင်း လာပြောနေတယ်၊ ဘဝကို ကယ်တင်ရေးတွေ လာပြောနေတယ်"

အဘိဓမ္မာဆရာကြီးသည် ဤသို့ကယောင်ချောက်ချားတောင်စဉ်ရေမရ စကားများကို လျှောက်ပြောနေပေသည်။





ရသေ့ယောဂီများ၊ ဆာဒူးများ၊ ဘုရားဖူးများနှင့် သူတောင်းစားတို့လည်း အသီးသီး မြေတွင်ဖင်ချထိုင်ပြီး မျက်နှာကို သစ်ပင်ပေါ်မော့၍ သူပြောသမျှ ယုံကြည်ကာ စောင့်ကြည့်နေကြလေသည်။

သို့သော်. . . ထိုဗြဟ္မဏ၏ အဖော်တို့သည် မိမိတို့၏ အပေါ်ဝတ်ကုတ်အင်္ကျီများကိုချွတ်ပြီး မြေတွင် စုပုံပေးကြသည်။

သစ်ပင်ပေါ်မှထိုသူလည်း အဝတ်ပုံပေါ်သို့ ခုန်ချလိုက်တော့သည်။ ထိုသူသည် တစ်စုံတစ်ရာ ထိခိုက်နာကျင်ခြင်းမရှိ အကောင်းပကတိပင်ဖြစ်နေတော့သည်။)

အထက်ပါ ရေးသားဖော်ပြခဲ့သော အကြောင်းအရာတို့ ဆရာကြီး ဦးလှဒင် မြန်မာပြန်သော ရတနာရွှေမြေစာအုပ်မှ ကိုယ်ပွန်ဆင်၏ ကိုယ်တွေ့မြင်ကွင်းများပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုနတ်ကွန်း ပရိဝုဏ်အတွင်းသို့ရောက်သော် ထူးဆန်းသော ပုံပန်းသဏ္ဌာန်ဖြင့် ပြုလုပ်ထားသည့် ဟိန္ဒူနတ်ကွန်းအားလည်းကောင်း၊

အတွင်းမှာရှိသော နတ်ဘုရားရုပ်တုအားလည်းကောင်း သေသေချာချာကြည့်ရှုလေသည်။

ထို့နောက်မှ အပြင်သို့ ပြန်ထွက်လာပြီးနောက် လူများသစ်ပင်ပေါ်မှ ခုန်ချခဲ့သော သစ်ပင်ကြီးရှိရာသို့ သွားရောက်ကြည့်ရှုလေသည်။

ယဇ်ပူဇော်သည့်နေရာဟု ဆိုနိုင်သော အထိကရသစ်ပင်ကြီးရှိသောနေရာမှာ ဟိန္ဒူနတ်ကွန်း၏ မျက်နှာစာရှေ့တည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်မှာပင်ဖြစ်သည်။

ထိုသစ်ပင်မှာ သစ်ပုတ်ပင်ကြီးဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သောကြောင့် ပင်စည်လုံးပတ်က ကြီးသလို. . အပင်ကလည်း မြင့်သည်။

အပေါ်ပိုင်း၌ သစ်ကိုင်းများရှိပြီး အောက်ခြေ၌ရှိသော အဖုအထစ်များသာရှိသည်။

ထိုအဖုအထစ်များက ခြေနင်းရန် လှေခါးထစ်များသ ဖွယ် ဖြစ်နေသည်။

ထို့ပြင် အချို့နေရာများ၌ ပင်စည်တွင် လက်ကိုင်သံ ကွင်းကလေးများ တပ်ထားသည်ကို တွေ့မြင်ရသည်။

သဘောကတော့ သစ်ပင်ပေါ်သို့ တက်လိုသူအတွက် အလွယ်တကူ တက်နိုင်ပြီး သစ်ပင်ပေါ်ရောက်စေရန် ကြိုတင် ပြုလုပ်ထားဟန်ရှိသည်။

ပြောရလျှင်တော့ လူတစ်ယောက်သတ်သေရန် အ လွယ်တကူဖြစ်စေအောင် ကြိုတင်ပြင်ဆင်ထားပေးခြင်းမျိုးဖြစ် သည်။

လည်ပင်လှီးလိုသူအတွက် ဓားချပေးထားသလို. . .

ကြိုးဆွဲချသေလိုသူအတွက် ကြိုးကွင်းအဆင်သင့် ပြ လုပ်ထားပေးသလို. . .

သစ်ပင်ပေါ်တက်ပြီး ခုန်ချလိုသူအတွက် သစ်ပင်ပေါ် အလွယ်တကူ တက်နိုင်စေရန် သံကွင်းများ တပ်ဆင်ပေးထာ ဟန် ရှိလေသည်။





သစ်ပင်ခြေရင်းတစ်ဝိုက်မှာ နှစ်ပေါင်းများစွာကတည်း က ရှိနေခဲ့သော လူရိုးစုများကို ဒီအတိုင်းပင်ထားလေသည်။

နတ်ကွန်းတစ်ဆောင်၏ ရှေ့မျက်နှာစာတွင် ထိုကဲ့သို့ လူအရိုးစုများ တောင်ပုံရာပုံရှိနေခြင်းကပင် ဂုဏ်ယူစရာကိစ္စဟု ထင်နေသလော မပြောတတ်ပေ။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ လူမြင်ကွင်း ရှေ့မှောက်တွင် ပေါ်ပေါ်ထင်ထင် လူ့အသက်ဖြင့် စတေးကာ ယဇ်ပူဇော်သည့်နေရာတစ်ခုဟုသာ ထင်မြင်ယူဆမိလေသည်။

ထို့နောက်မှာတော့ နှစ်ယောက်သား နတ်ကွန်းပရိဝုဏ် အတွင်းမှ အပြင်သို့ပြန်ထွက်ခဲ့ကြလေသည်။

တစ်နေရာရောက် စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်နား ကြလေသည်။ ထိုနေရာရောက်တော့မှ. . ဒေါက်တာမင်းထင် ကျော်က ပွင့်ပွင့်လင်းလင်း ပြောပြသည်။

"ငါတို့ကို အခုလောက်အထိလိုက်ပြီး အကူအညီပေး တဲ့အတွက် မင်းကို အများကြီးကျေးဇူးတင်ပါတယ် မာရီယာ"

မာရီယာကတော့ ဘာမှပြန်မပြောဘဲ ကြည့်နေလေ သည်။

"လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူစုဆောင်းပြီးရင် အခု တစ်ရက်နှစ်ရက်မှာပဲ ငါတို့ ခရီးဆက်တော့မယ်၊ ငါတို့ အခြေ အနေက ဘာမှသေသေချာချာ ပြောလို့မရဘူး၊ အန္တရာယ်များတဲ့ ခရီးမျိုးသွားကြတာဆိုတော့ အသက်သေမယ် ရှင်မယ်ဆိုတာ ပြောလို့မရဘူး နောက်တစ်ခုက. . "



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဆရာ. ."

"ဒီနေရာက ထွက်သွားပြီးရင် ဒီနေရာကို နောက်တစ်ခေါက် ပြန်ရောက်လာမယ်၊ မလာဘူးဆိုတာ သေသေချာချာ ပြောလို့မရဘူး၊ ဒီတော့. . မင်းလည်း အခုလို ကိုယ့်ဆွေမျိုးသားချင်းတွေရှိတဲ့အရပ်ကို ပြန်ရောက်နေတုန်း နေခဲ့စေချင်တယ်၊ ဒါကလည်း မင်းအတွက်ပြောတာပါ. ."

ထိုစကားကြားသောအခါ မာရီယာက သောက်လက်စ ဖျော်ရည်ဖန်ခွက်ကို ပြန်ချလိုက်ပြီး တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြန်ပြောသည်။

"ဆရာကိုလည်း တစ်ခုလောက်တော့ မေးချင်ပါတယ်"

"မေးပါ"

"ဆရာသဘောက ယောကျ်ားတွေချည်းသွားတဲ့ ခရီးမျိုးမှာ ကျွန်မပါနေရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ နေခဲ့စေချင်တာလား"

"ဒီသဘောမျိုးတော့ မဟုတ်ပါဘူး၊ မင်းကို အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

"ကျွန်မဘဝကတော့. . ဒီနေရာပြန်ရောက်လာတော့လည်း ပြာပူထဲဆင်းရတဲ့ ဘဝမျိုးထက်တော့ မပိုပါဘူး၊ ဆင်းရဲတွင်းထဲပြန်ရောက်ပြီး ဘဝကိုပြန်စရမှာပါပဲ"

ဒေါက်တာမင်းထင်ကျော်အနေဖြင့်လည်း. . . ထိုအကြောင်းများကို သိသင့်သလောက် သိရသောကြောင့် ခေါင်းညိတ်ပြလိုက်သည်။





"ဒီတော့ ကျွန်မဆန္ဒကတော့ ဒီမှာမနေခဲ့ချင်ပါဘူး၊ ဖြစ်နိုင်ရင် ဆရာတို့နဲ့ အတူလိုက်ခဲ့ပါရစေ"

ဟု ခွင့်တောင်းလေသည်။

"ငါက မင်းအတွက် အန္တရာယ်ဖြစ်မှာစိုးလို့ မလိုက်ခဲ့စေချင်တာပါ၊ တကယ်လို့ မင်းကိုယ်တိုင်က လိုက်ချင်တဲ့ဆန္ဒရှိနေရင်တော့လည်း မတားပါဘူး"

"ဝမ်းသာလိုက်တာ ဆရာရယ်"

"တကယ်လို့ ငါတို့က ဒီနေရာဘက်ပြန်မရောက်တော့ဘဲ ဗမာပြည်ဘက် ပြန်သွားရင်ကော ဘယ်လိုလုပ်မလဲ"

"ကျွန်မလိုက်ပါ့မယ်၊ ဟိုရောက်ရင်လည်း ဆရာခိုင်းသမျှ လုပ်ပြီးနေပါ့မယ်"

"ကောင်းပြီလေ၊ မင်းပါလာတော့ ငါတို့အတွက် အစစအရာရာ အထောက်အကူရပါတယ်၊ ဒီတော့. . လိုက်ခဲ့မယ်လို့ဆုံးဖြတ်ရင် ဒီရက်ထဲမှာပဲ မင်းစီစဉ်စရာတွေ စီစဉ်ပြီး လိုအပ်တာတွေသာ ဝယ်ထားပေတော့"

"ကျွန်မဖြင့် ရင်တမမဖြစ်နေတာ အခုမှပဲ ဘဝင်ကျသွားတော့တယ်၊ ကျေးဇူးတင်ပါတယ်ဆရာရယ်"

ဟုပြောလေသည်။ ထို့နောက်. . နှစ်ယောက်သား စားသောက်ဆိုင်မှ ပြန်ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

# ဂျူရိုင်းကျွန်းသို့ရောက်ကြခြင်း

ဒေါက်တာမင်းထင်ကျော်တို့ ခရီးသွားအဖွဲ့မှာ တဖြည်းဖြည်းနှင့် လူဦးရေများလာသည်။ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇ ဦးဗန်ကောင်း၊ ကျော်စွာတို့အပြင် မာရီယာနှင့် ဒီပကတို့နှစ်ယောက်ပါ ထပ်တိုးလာလေသည်။

၄င်းတို့အတွက်လိုအပ်သော. . ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးနှင့်လက်နက်များကို ကောသမ္ဗီမှဝင် ပြည့်စုံအောင်ဝယ်ယူသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်ကတော့ ကောသမ္ဗီမှ အနောက်တောင်ဘက်သို့ ခွဲထွက်သွားသော မြစ်ကြောင်းအတိုင်း ခရီးဆက်ရန် ပြင်ဆင်ထားသည်။ ထိုအတွက်. . သင်္ဘောငယ်တစ်စင်းကိုပင် ငှားရမ်းထားပြီးပေပြီ။

ညအချိန်ရောက်တော့ ရှုရိကာနှင့် ထပ်တွေ့ပြီးနောက် မာရီယာကိုပါ ခေါ်သွားမည်ဖြစ်ကြောင်း အသိပေးသောအခါ ကောင်းစွာ ခွင့်ပြုပေးလေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က သူယူလာသော ငွေများထဲမှ ငွေအချို့ကိုထပ်ပေးသောအခါ. . . ကျေးဇူးတင်ကြောင်းပြောပြီး ပြန်သွားလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ သူတို့တည်းခိုနေသော နေရာသို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။

ယောဂီကြီးတစ်ဦးပင်ဖြစ်သည်။ ထိုယောဂီကြီးမှာလည်း သူနှင့်သိဖူးကျွမ်းဖူးသော ယောဂီကြီးပင်ဖြစ်သည်။

အခြားမဟုတ်ပေ။

ရန်ကုန်မြို့ ဘူတာရုံလမ်းမှ ဘုရားကျောင်းတွင် တွေ့ခဲ့ရသော ယောဂီကြီး ကုမာရပင်ဖြစ်သည်။

ဒီလိုနေရာမျိုးတွင် ယောဂီကြီး ကုမာရနှင့် ပြန်တွေ့ရသဖြင့် အံ့ဩခြင်းတော့ မဖြစ်မိတော့ပါချေ. . ။

အဘယ်ကြောင့်ဆိုသော်. . .

သိဒ္ဓိရှိသော ယောဂီကြီးများမှာ ၎င်းတို့သွားလိုသော နေရာများကို အချိန်တိုအတွင်း၌ပင် ရောက်အောင်သွားနိုင်





သောကြောင့်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ခရီးထွက်ကာနီးတွင် ယခုလိုယောဂီကြီးနှင့် ပြန်တွေ့ရခြင်းအတွက် များစွာဝမ်းသာသွားလေသည်။ ဒေါက်တာမင်းထင်ကျော်က အရိုအသေပေးလိုက်ပြီး. . .

"သံသရာ စက်ဝန်းထဲမှာရှိနေကြသေးတော့ ခင်ဗျားနဲ့ကျွန်တော် ပြန်တွေ့ကြရပြီ"

ဟု ပြောလိုက်သည်။

"မှန်ပါတယ်၊ သင်ရဲ့ကြိုးစားဆောင်ရွက်မှုတွေ မှန်ကန်တဲ့အတွက် လာပြောတာပါ။ သင့်ဆီမှာ ကျွန်ုပ်ပေးထားခဲ့တဲ့ ရွှေပြား ရှိပါသေးသလား"

"ရှိပါသေးတယ်"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာ အမြဲထည့်ထားသော ရွှေပြားချပ်ကလေးကို ထုတ်ပြလိုက်သည်။

ယောဂီကြီးက တစ်ချက်ကြည့်ပြီး. . . ။

"ဒီရွှေပြားချပ်ကလေးက သင်သွားမယ့် ခရီးလမ်းတလျှောက်မှာ များစွာအထောက်အကူပေးပါလိမ့်မယ်၊ သင်တို့သွားမယ့်ခရီးစဉ် အောင်မြင်ဖို့လည်း ကျွန်ုပ်ဆုတောင်းပေးပါတယ်"

ဟုပြောဆိုပြီးနောက် ပြန်သွားလေတော့သည်။

ကျန်အဖွဲ့သားများကတော့ ယခုလို ယောဂီကြီးကုမာရ ရောက်လာသည်ကို တွေ့ရသဖြင့် ပထမတော့ အံ့ဩနေကြသည်။ နောက်တော့ ဝမ်းသာသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောအချိန်မှာတော့ ပစ္စည်းများရော လူများပါတင်ဆောင်နိုင်သော ကားတစ်စင်းငှားပြီး ကမ်းစပ်သို့ ဆင်းကြလေသည်။

ကမ်းစပ်ရောက်တော့ အသင့်ငှားထားသော သင်္ဘောပေါ်သို့ ပစ္စည်းများပြောင်းတင်ပြီးနောက် မြစ်ကြောင်းအတိုင်း အနောက်တောင်ဘက်သို့ဦးတည်ကာ ခရီးဆက်ကြလေသည်။

ကောသမ္ဘီမြို့မှထွက်လာပြီး နေ့လည်ဘက်အချိန်သို့ ရောက်သောအခါ မြစ်ဆုံတစ်နေရာသို့ ရောက်သွားကြသည်။

မြစ်တစ်စင်းက တောင်ဘက်သို့ စီးဆင်းသွားပြီး ကျန်မြစ်တစ်စင်းက အနောက်တောင်ဘက်သို့ ခွဲထွက်စီးဆင်းသွားရာ သင်္ဘောက အနောက်တောင်ဘက် ခရီးလမ်းအတိုင်း သွားလေသည်။

ခရီးသွားလာခြင်းများတွင် ရေလမ်းခရီးဖြင့် သင်္ဘောဖြင့်သွားလာခြင်းမှာ လူသက်သာသော်လည်း အချိန်ကြာမြင့်လှသဖြင့် ပျင်းစရာကောင်းလှသည်။

မြစ်လေတဖြူးဖြူး တိုက်နေသည်ကတစ်ကြောင်း၊ သင်္ဘောစက်သံကို 'တဒီးဒီး' နှင့်ကြားနေရသည်ကတစ်ကြောင်း၊ အိပ်ငိုက်လာသဖြင့် တစ်ရေးတစ်မောအိပ်သူက အိပ်ကြသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်သာ သင်္ဘောမောင်းနေသူအနီး၌ရှိနေကာ ခရီးလမ်းတလျှောက် တွေ့မြင်ရသော နေရာများနှင့် ခရီးစဉ်တို့ကို စာရွက်များဖြင့် မှတ်သားနေကြသည်။





မသိတာရှိလျှင်လည်း သင်္ဘောမောင်းနေသူကိုမေးရသည်။ ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ ထိုခရီးလမ်းမှာ ပထမဆုံးအတွေ့အကြုံဖြစ်သောကြောင့် တွေ့သမျှမြင်သမျှ အသစ်အဆန်းဖြစ်နေတော့သည်။

"ဆရာ၊ မာရီယာက ဒီလောက်ခရီးကြမ်းကို မနေခဲ့ဘဲ ဘာကြောင့် လိုက်လာတာလဲ"

"ဘယ်သိပါ့မလဲ ကိုကျော်စွာရယ်၊ သူမနေချင်လို့ ဖြစ်မှာပေါ့"

"ကျွန်တော်အထင်ပြောရရင်တော့ ကျွန်တော်တို့နဲ့ မခွဲချင်လို့ ဖြစ်မယ်ထင်တယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့. ."

"တကယ်လို့ ဗမာပြည်အထိတောက်လျှောက်လိုက်နေရင် ဘယ်နှယ်လုပ်မလဲ"

"ဒီတော့လည်း ခေါ်ထားရုံပဲ ရှိမှာပေါ့"

"တခြားလူတွေကတော့ ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူး၊ ခေါ်ရင်တော့ ဒီတာဝန်ကို ဆရာပဲယူရမယ် ထင်တယ်"

ဟုပြောသောအခါ ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲနှင့် မြစ်ရေပြင်သို့ ငေးကြည့်နေလေသည်။

သူ့ရင်ထဲမှာ မာရီယာနှင့်ပတ်သက်ပြီး တစ်စုံတစ်ခု တွေးတောနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

လမ်းခရီးမှာ တစ်နေ့နှင့်တစ်ညကြာအောင် မောင်းခဲ့သော သင်္ဘောခရီးစဉ်မှာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ ဆုံးသွားလေသည်။

သဘော်သမားက သူတို့အဖွဲ့အား ရွာတစ်ရွာမှာ ချထားပေးခဲ့ပြီး ပြန်သွားလေတော့သည်။

ထိုရွာမှာ မုတ္တာရပြည်နယ် တောင်ဘက်အစွန်းအဖျား၌ရှိသော ရွာပင်ဖြစ်သည်။

ကုလားလူမျိုးများချည်းနေသောရွာဆိုက မများပေ။

ထိုရွာရောက်တော့ လှည့်သုံးစင်းငှားပြီး ပင်လယ်ကမ်းခြေဘက်သို့ ခရီးဆက်ကြရပြန်ရာ တစ်နေ့ခရီးမျှ ကြာလေသည်။ ပင်လယ်ကမ်းခြေဘက်ရောက်အောင် မဝေးလှသော်လည်း . . လမ်းကြမ်းပြီး ဖုံထူသောကြောင့် ခရီးမတွင်လှပေ။

လေတဖြူးဖြူးနှင့် သက်တောင့်သက်သာလိုက်ခဲ့ရသော သဘော်ပေါ်မှအခြေအနေနှင့် ယခုလှည်းပေါ်မှာ လိုက်ရသော အခြေအနေမှာ များစွာကွာခြားသည်။

ဥပမာပြောရလျှင်တော့ ဖန်သားမျက်နှာပြင်ပေါ်မှာ ဖန်ဂေါ်လီလိမ့်သော အခြေအနေမျိုးမှ ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်သော အခြေအနေမျိုး ရောက်ကြရခြင်းဖြစ်သည်။

တစ်ကိုယ်လုံး ဖုံအဖွေးသားနှင့် ဖြစ်နေကြတော့သည်။

နောက်ဆုံးမှာတော့ ကမ်းခြေနှင့် နီးသောနေရာသို့ ရောက်သွားကြသည်။

ထိုရွာမှာလည်း ကုလားလူမျိုးအများစု နေကြသော်လည်း ဘာသာစကားကျွမ်းကျင်သော မာရီယာနှင့် ဒီပကတို့ ပါလာသောကြောင့် များစွာအခက်အခဲမရှိကြပေ။





ရွာခံများကတော့ သူတို့အသွင်အပြင်နှင့် သေနတ်များပါလာသည်ကို မြင်ကတည်းက ကြောက်လန့်နေကြလေသည်။

ရှေးအခါက ပင်လယ်ကမ်းခြေမှာနေကြသော လူများကို ပင်လယ်ဓားပြများက မကြာခဏဝင်ရောက် ဖမ်းဆီးတတ်သောကြောင့် ကြောက်လန့်နေကြခြင်းဖြစ်သည်။

သို့သော်လည်း မာရီယာနှင့် ဒီပကတို့နှစ်ယောက်က ၎င်းတို့ဘာသာစကားဖြင့် ရှင်းပြတော့မှ ကောင်းမွန်စွာလက်ခံကြသည်။

ထိုရွာရောက်တော့ သင့်တော်သောနေရာတွင် စခန်းချကာ . . ရေချိုးခြင်း၊ အုန်းရေသောက်ခြင်း၊ အခြားအစားအသောက်များ ချက်ပြုတ်စားသောက်ကာနားကြရသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ ထိုရွာမှာနေသော လူတစ်ယောက်နှစ်ယောက်ကိုခေါ်ပြီး မေးမြန်းစုံစမ်းကြည့်သောအခါ အောက်ပါအချက်အလက်တို့ကို သိရလေသည်။

သူတို့သွားလိုသော အာယုသိဒ္ဓိကျွန်း(ရွာခံများကတော့ ထိုအမည်မသုံးပဲ 'ငရဲကျွန်း'ဟုခေါ်ကြသည်။) ဆိုတာရှိကြောင်း၊ ထိုကျွန်းနှင့်ဆက်စပ်နေသော နေရာများတွင်လူရိုင်းများနေသောကျွန်းများရှိကြောင်း၊ အကယ်၍ ငရဲကျွန်းသို့သွားလိုပါက အခြားနေရာမှသွား၍မရဘဲ လူရိုင်းများနေသောကျွန်းမှသွားရကြောင်း၊ သို့သော်လည်း ထိုနေရာဘက်သို့သွားသောလမ်းမှာ လျှို့ဝှက်လမ်းဖြစ်သောကြောင့် လူတိုင်းမသိပေ။

ဒေသခံလူရိုင်းများသာသိသော်လည်း ၎င်းတို့ကမသွား



www.burmeseclassic.com

www.burmeseclassic.com



ကြပေ။

လူရိုင်းများကလည်း ၄င်းတို့နေသောနေရာသို့ ပင်လယ်ဓားပြများက လာရောက်တိုက်ခိုက်ပြီး ကျွန်းသားများကို ဖမ်းဆီးခေါ်ဆောင်သွားသောကြောင့် ထိုကျွန်းများသို့ အခြားသူများလာရောက်ခွင့်မပေးကြပေ။

ထိုနေရာဘက်သို့ လှေဖြင့်သွားလျှင် နှစ်ရက်ခန့်ကြာပါကရောက်နိုင်ကြောင်းပြောပြလေသည်။

"မင်းတို့ရွာမှာ လှေရှိသလား"

"လှေတော့ရှိတယ်"

"ငှားချင်တယ်၊ လိုက်ပို့ပေးမလား"

"လှေတော့ ငှားမယ်၊ လူတော့ မလိုက်ဝံ့ဘူး"

ထိုသို့အကြောက်အကန်ငြင်းသည်။

နောက်ဆုံး မာရီယာနှင့် ဒီပကတို့နှစ်ယောက်၏ အပြောအဆို စည်းရုံးပြောဆိုမှုကောင်းသောကြောင့် ကတ္တူလှေတစ်စင်းနှင့် လှေသမား(၄)ယောက်တို့ ငှားရမ်းရလေသည်။

အကယ်၍ ထိုကျွန်းမှပြန်လာပြီး ရွာသို့ပြန်ရောက်ပါကသေနတ်များနှင့် ပါလာသောပစ္စည်းများအပြင်၊ ငွေဒင်္ဂါးများပါပေးမည်ဟုပြောမှ လိုက်ပို့ပေးရန် သဘောတူကြခြင်းဖြစ်လေသည်။

ထိုသို့အဆင်ပြေသွားကြသောကြောင့် နောက်တစ်နေ့တွင် ၄င်းတို့သွားမည့် ကတ္တူလှေကြီးကို ပြင်ဆင်ခြင်း၊ လိုအပ်သောပစ္စည်းများ တပ်ဆင်ခြင်း၊ သောက်ရေထည့်သော သစ်





သားစည်ကြီးများကို တင်ဆောင်ခြင်းများအပြင် ထိုရွာမှာ ရသမျှရိက္ခာများကိုပါ လှေပေါ်တင်ဆောင်ကြသည်။

နိုဝင်ဘာလ ဆောင်းရာသီ ရောက်နေပြီဖြစ်သောကြောင့် မြောက်ပြန်လေက မှန်မှန်တိုက်နေသည်။ သို့ကြောင့်တောင်ဘက်သို့ ဦးတည်သွားရသော ခရီးအတွက် ရွက်ကောင်းဖို့လိုသည်။

ရွက်ကောင်းလျှင် စက်ဖြင့်သွားသောသင်္ဘောကဲ့သို့အသွားနှုန်းလျင်မြန်စွာဖြင့် လိုသောနေရာသို့ အချိန်တိုအတွင်းမှာပင် လျင်မြန်စွာရောက်သွားပေလိမ့်မည်။

သို့ကြောင့် ရွက်တိုက်ရန် ဖျင်စများကို အသစ်လဲလှယ်တပ်ဆင်ကြလေသည်။

လှော်ခတ်ရန် ခတ်တက်များနှင့် တက်မတို့ကို ခိုင်ခံ့အောင်လည်း ကြိုးစားပြီး တပ်ဆင်ကြသည်။

ထိုကဲ့သို့ပြုလုပ်သော ကိစ္စများကို တောရွာခံ လှေသမားများက ပြုလုပ်ပေးကြခြင်းဖြစ်သည်။

အားလုံးပြီးသော လှေသမားများက လှေပေါ်သို့ အုန်းသီးအစို၊ အခြောက်တို့ကို အတော်များများတင်ယူနေကြသည်ကိုတွေ့ရသည်။

ပင်လယ်ကမ်းခြေဒေသများမှာ ရှိကြသောရွာများတွင်အုန်းပင်များပေါသလို အုန်းသီးကလည်း များစွာပေါလှသည်။

အုန်းသီးများ လှေပေါ်တင်နေသည်ကို မြင်သောအခါဂျော်စွာက အနားသွားမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်. . အုန်းသီးတွေ အများကြီးတင်ယူနေတာလဲ"

"ပင်လယ်သွားတဲ့လူတွေအတွက် အုန်းသီးက ရိက္ခာပဲ ရေပြတ်သွားရင် အုန်းရေသောက်ပြီး အသက်ရှင်နိုင်တယ်. . ရိက္ခာပြတ်သွားရင် အုန်းသားစားရင် အဆာပြေနိုင်တယ်၊ တကယ်လို့ ပင်လယ်ထဲမှာ လှေမှောက်သွားရင်တောင် အုန်းသီးခြောက်တစ်လုံး၊ နှစ်လုံးရှိနေရင် ရေမနစ်ဘူး၊ အသက်ကယ်ဗောလို သုံးလို့ရတယ်"

ဟုပြောပြတော့မှ သဘောပေါက်လေသည်။

လှေပေါ်သို့ အုန်းသီးခြောက်များအပြင် အဆစ်နှစ်ဘက်ပိတ် ဝါးပိုးဝါးအချို့လည်း တင်ကြသည်။

တစ်လံခန့်အလျားရှည်သော ဝါးပိုးဝါးများမှာ ရေပေါ်၌ လူနှစ်ယောက် သုံးယောက်တွယ်ဖက်ထားလျှင်ပင် မမြုပ်ဘဲ ဗောသဖွယ် အသုံးပြုနိုင်ကြလေသည်။

အားလုံးပြင်ဆင်ပြီးသောအခါ နောက်တစ်နေ့ နံနက်ပိုင်း ပင်လယ်ရေကျသောအချိန်တွင် ခရီးစတင်ထွက်ကြလေသည်။

လှေပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့က(၄) ယောက် မာရီယာနှင့် ဒီပကတို့ပါတော့ (၆)ယောက်ဖြစ်သည်။ လှေသမားက (၄)ယောက်ပါလေရာ စုစုပေါင်း (၁၀)ယောက်ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ခရီးစထွက်ကတည်း





က ခရီးစဉ်များကို မှတ်သားထားလေသည်။

ပင်လယ်ကမ်းခြေရွာမှ စတင်ခရီးထွက်စဉ်က တောင်ဘက်သို့ ဦးတည်ပြီးသွားနေသည်။

မြောက်လေတိုက်နေသောကြောင့် တောင်ဘက်သို့ ဦးတည်သွားရာတွင် ရွက်ကိုအသုံးပြုခွင့်ရသဖြင့် လှေသက်သာပြီး များစွာခရီးတွင်လှသည်။

ထိုအခါ လှေသမားများပင် သီချင်းတညည်းညည်းရှိနေပြီး ဆေးပတ်လိပ်သောက်သူကသောက်ကာ နားခွင့်ရသည်။

တစ်ရက်ခရီးမျှသွားမိသော် စုတ္တာရနယ် တောင်ဘက်ပိုင်း၌ရှိသော ချွန်းအငူသို့ရောက်သွားကြလေသည်။ လှေသမား (၄)ယောက်တို့မှာ နှစ်ယောက်တစ်တွဲစီတွဲလျှက် လှော်ကို ဆက်သွားနေကြသည်။

ခရီးလမ်းကြောင်းတစ်လျှောက်မှာတော့ အမှားအယွင်းမရှိစေရန်. . ထိုခရီးလမ်းကို သွားဖူးလာဖူးသော ဒီပက ကပင်တာဝန်ယူလေသည်။

ဒီပကကို ခေါ်လာစဉ်က ထိုမျှလောက် အားကိုးရပါ့မလားဟု ထင်နေကြရာ ထိုကဲ့သို့ စိတ်ပါလက်ပါနှင့် တက်တက်ကြွကြွလုပ်နေသည်ကို မြင်သောအခါ ကျေနပ်မိကြလေသည်။ လှေသမားလေးယောက်တို့ကလည်း ဒီပကနှင့် အဖွဲ့ကျကာ ခင်မင်နေကြလေသည်။

ပင်လယ်၏ တောင်ဘက်စွန်းသို့ ရောက်သောအခါ အနောက်တောင်ယွန်းယွန်းသို့ ဦးတည်ပြီးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်တွင်းသို့ ရောက်နေပြီဖြစ်သော ညအချိန်ရောက်နေသော်လည်း မနားကြဘဲ အလှည့်ကျတာဝန်ယူကာ ဆက်လက်မောင်းနှင်ကြသည်။

လှေသမားလေးယောက်တို့မှာ နှစ်ယောက်တစ်တွဲစီနားကြသော်လည်း ဒီပကကတော့ မနားဘဲ ဆေးပြင်းလိပ်ကြီးကိုတွင်တွင်ဖွာကာ တက်မကိုင်သူအနီးမှပင် ထိုင်လိုက်လာလေသည်။

ကျန်လူများမှာလည်း ပင်လယ်ပြင်သို့ ကတ္တူလှေဖြင့် ခရီးသွားကြခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်သောကြောင့် လှိုင်းမူးသည့်ဒဏ်ကြောင့် မအိပ်နိုင်ကြပေ။

ဆောင်းရာသီဖြစ်သောကြောင့် ပင်လယ်ပြင်၌ ရာသီဥတုသာယာနေသော်လည်း လှိုင်းအိဟုခေါ်သော သာမန်လှိုင်းမျိုးကတော့ မပြတ်ရှိနေသည်။

ထိုသာမန်လှိုင်းများ ရိုက်ပုတ်မှုကြောင့်ပင် ကတ္တူလှေထဲမှာ လိုက်ပါလာကြသူများ လှိုင်းမူးသည့်ဒဏ် အတော်ပင်ခံကြရသည်။

ယောက်ျားများနှင့်တန်းတူ ခံနိုင်ရည်ရှိသည်ဟုဆိုကာ စွန့်စွန့်စားစားလိုက်လာသော မာရီယာပင် လှိုင်းမူးနေသောကြောင့် မထနိုင်ဘဲရှိလေသည်။

ပင်လယ်လှိုင်းဒဏ်ကို ခံနိုင်ရည်ရှိသူတို့မှာ ဒီပကနှင့်လှေသမားလေးယောက်တို့ပင်ဖြစ်သည်။

၄င်းတို့မှာ သီချင်းတညည်းညည်းနှင့် သက်တောင့်





သက်သာ ရှိနေကြလေသည်။

ဤသို့ဖြင့် တစ်နေ့နှင့်တစ်ည ခရီးဆက်ခဲ့ကြရာ နောက်တစ်နေ့ ညနေပိုင်း အချိန်ရောက်သောအခါ နောက်ဘက်တွင် တောင်မြင့်ကြီးများနှင့် သစ်တောကြီးများရှိသော ကျွန်းတစ်ကျွန်းကို လှမ်းမြင်ကြရလေသည်။

ထိုအခါ ဒီပကက ပြောသည်။

"အခုမြင်နေရတဲ့ကျွန်းက လူရိုင်းတွေနေတဲ့ကျွန်းပဲ. ။ အဲဒီကျွန်းကနေ နောက်ဘက်မှာရှိတဲ့ တောင်မြင့်ကြီးတွေကို ကျော်ဖြတ်သွားရင်. . ဆရာတို့သွားချင်တဲ့ အာယုသိဒ္ဓိကျွန်းကို ရောက်နိုင်တယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အဝေးကြည့်မှန်ပြောင်းဖြင့် လှမ်းကြည့်သောအခါ ကျွန်းပေါ်မှာ တန်းစီရပ်နေသော လူရိုင်းများကို တွေ့ရသည်။

"ကျွန်းပေါ်မှာ လူရိုင်းတွေရှိတယ်"

"ဟုတ်တယ်. . . ချက်ချင်းဝင်ကပ်လို့မရဘူး၊ သူတို့နဲ့ နားလည်မှုယူပြီး ခွင့်ပြုမှ ကမ်းကိုကပ်ရမယ်"

"ဘယ်လိုလုပ်မလဲ"

"ကျုပ်လုပ်ပါ့မယ်"

ဟုပြောကာ ဝါးလုံးတိုင်တစ်တိုင်၏ ထိပ်တွင် အဝတ်ဖြူတစ်စကို အလံသဖွယ်ချည်နေလေသည်။

ထိုအချိန်မှာပင် ကတ္တူလှေက ကျွန်းနှင့်နီးသော ရေလက်ကြားအတွင်းသို့ ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လှေသမားများက ရွက်ကိုချကာ လှေအရှိန် သတ်လိုက်ကြသည်။

ထိုအခါမှပင် ကမ်းစပ်တွင် လက်နက်လေးမြားတို့ကို အဆင်သင့်ကိုင်ကာ ရပ်နေကြသော လူရိုင်းအတော်များများတို့ကို သဲသဲကွဲကွဲ မြင်ကြရသည်။

ထိုအခြေအနေတွင် ဒီပကက လှေဦးသို့ထွက်လာပြီး သူပြုလုပ်ထားသော အလံဖြူတိုင်ကို ဝှေ့ယမ်းပြလေသည်။

ထိုသို့ပြုသော်လည်း ကမ်းပေါ်မှာရှိနေသော လူရိုင်းများက တုန့်ပြန်မှုမရှိဘဲ အခြေအနေ စောင့်ကြည့်နေကြဟန် ရှိလေသည်။

ဒီပကလည်း အလံဖြူတိုင်ကို အဆက်မပြတ် ဝှေ့ယမ်းပြနေလေသည်။

အတန်ကြာတော့မှ လူရိုင်းများရှိနေသော ကမ်းပေါ်မှ အလံတိုင်တစ်တိုင်ပြန်ထောင်ပြလာသည်။

"အခြေအနေကောင်းတယ်၊ လှေကိုကမ်းကပ်ဖို့ သဘောတူလိုက်ပြီ"

ဟုပြောသဖြင့် ၎င်းတို့စီးလာသော ကတ္တူလှေကို ကမ်းခြေသို့တဖြည်းဖြည်း ကပ်သွားကြလေသည်။

အချိန်က ညနေပိုင်း နေဝင်ချိန်သို့ရောက်နေပေပြီ. . ။





# အခန်း (၁၁)

# အချစ်သစ်နှင့်တွေ့ခဲ့ရသူ

လူရိုင်းတို့နေသောကျွန်းမှာ အတော်ကလေး ကျယ်ဝန်းဟန်ရှိသည်။ ကျွန်းတစ်ကျွန်းလုံး သစ်ပင်သစ်တောတို့ဖြင့် ပိတ်ဆီးလျှက်ရှိနေသည်။

လူရိုင်းခေါင်းဆောင်မှာ မာရစ်ဆိုသူဖြစ်ပြီး ကပ္ပလီလူမျိုးတစ်ဦးဖြစ်သည်။

ထိုကျွန်းပေါ်မှာရှိကြသော ယောက်ျားမိန်းမ မှန်သမျှ ကပ္ပလီလူမျိုးများသာ ဖြစ်ကြသည်။ နက်မှောင်သော အသား



www.burmeseclassic.com

www.burmeseclassic.com



အရေနှင့် ကိုယ်ပေါ်၌ တီရှတ်သားရေတို့ဖြင့် အရှက်လုံရုံမျှသာ ဝတ်ဆင်ကြသည်။

ခေါင်းဆောင်လုပ်သူက လည်ပင်းတွင် တီရှတ်အစွယ်ပေါင်းစုံတို့ကို သီဆွဲထားပြီး ဦးခေါင်းပေါ်မှာ ကြီးမားသော အစွယ်နှစ်ချောင်းနှင့် ရောင်စုံငှက်မွေးတောင်များ စိုက်ထားသော ခေါင်းဆောင်းကို ဆောင်းထားလေသည်။

ခါးမှာ ဓားကောက်ကြီးတစ်လက်ကို သားရေအိတ်ဖြင့် ထည့်ကာ ချိတ်ဆွဲထားပြီး လက်ထဲမှာလှံရှည်တစ်ချောင်း ကိုင်ထားလေသည်။

သူတို့ရောက်သွားတော့ လူရိုင်းအတော်များများက ဝိုင်းအုံရောက်လာပြီး ဝိုင်းကြည့်ကြသည်။

ယောကျ်ားမိန်းမ (၅၀)ခန့်ရှိမည်ထင်သည်။

အသယ်ငယ်ရွယ်သော မိန်းမများမှာ ခန္ဓာကိုယ် အထက်ပိုင်း အဝတ်မရှိဘဲ အောက်ပိုင်းမှာသာ သားရေချပ်တို့ကို ပတ်စည်းထားသည်။

၎င်းတို့က. . အသားအရေနှင့် ရုပ်ရည်ခြားနားသော ဒေါက်တာမင်းထင်ကျော်တို့အား ဝိုင်းဝန်းကြည့်ကြလေသည်။

၎င်းတို့ပြောဆိုသောစကားကို ဒီပကနှင့် မာရီယာတို့က ကောင်းစွာနားလည်ကြသဖြင့် အဆင်ပြေကြသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ကျွန်းပေါ်တက်တည်းက ၎င်းတို့မှာပါလာသော အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းအချို့ကို. . . လူရိုင်းခေါင်းဆောင်အား လက်





ဆောင်ပေးရာ များစွာကျေနပ် သဘောကျနေဟန်ရှိသည်။

လူရိုင်းခေါင်းဆောင်နံဘေးမှာ အသက်(၁၈)နှစ်အရွယ်ခန့်ပင်ရှိသေးသော ကပ္ပလီမလေးထိုင်နေရာ မာရီယာက ပါလာသော ရောင်စုံပုတီးနှင့် လက်ကောက်များပေးရာ တပြုံးပြုံးနှင့် သဘောအကျကြီး ကျနေတော့သည်။

၎င်းတို့အား လာရောက်ပြီး ဝိုင်းဝန်းကြည့်နေသူများမှာ ကပ္ပလီများဖြစ်သဖြင့်. . ရုပ်ဆိုးကြသည်ဟုဆိုရမည် ဖြစ်သော်လည်း ထို့ထက်ရုပ်ဆိုးသူ အချို့ကိုပါ တွေ့ရသည်။

လူခန္ဓာကိုယ်နှင့် တီရှတ်ဦးခေါင်း တပ်ထားသကဲ့သို့ ဖြစ်နေသူများ၊

လူဦးခေါင်းဖြစ်သော်လည်း ခန္ဓာကိုယ်က ပုံမကျ ပန်းမကျဖြစ်ကာ တီရှတ်တစ်ကောင်နှင့်တူနေသူများ ပါဝင်နေသည်ကို တွေ့ရသည်။

လူတစ်ယောက်ဆိုလျှင် လူခန္ဓာကိုယ်နှင့် မျောက်ဦးခေါင်းတပ်ထားသကဲ့သို့ဖြစ်ကာ မျောက်တစ်ကောင်ကဲ့သို့ ပြုံးတုံးပြုံတဲ လှမ်းကြည့်နေလေသည်။

သို့သော်လည်း သူတို့နှင့်ပါလာသော ဒီပကမှာလည်း လူတစ်ပိုင်း တီရှတ်တစ်ပိုင်း ဖြစ်နေသောကြောင့် သိပ်တော့ မထူးဆန်းတော့ပါချေ. .။

ဒီပကကိုယ်တိုင်ကလည်း ထိုနေရာရောက်တော့ သူနှင့်ဘဝတူများတွေ့နေရသဖြင့် တက်ကြွနေဟန်ရှိသည်။

"ခင်ဗျားတို့ ဒီကျွန်းကို ဘာအတွက်ရောက်လာကြတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

မာရစ်ကမေးသည်။

"အာယုသိဒ္ဓိကျွန်းကို သွားဖို့လာကြတာပါ"

"ဘာကြောင့်သွားချင်ကြတာလဲ၊ အဲ့ဒီနေရာက အန္တရာယ်များတယ်၊ ရောက်သွားရင် ပြန်လာလို့မရနိုင်ဘူး"

"ဘယ်လို အန္တရာယ်မျိုးတွေရှိတာလဲ"

"လူစိတ်မရှိတော့တဲ့ လူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်းတွေ အများကြီးရှိတယ်၊ ရောက်သွားရင် ပြန်လာလို့မရဘူး"

"အဲဒီနေရာရောက်အောင် ဘယ်လိုသွားရသလဲ"

"တခြားနေရာက သွားလို့မရဘူး၊ ဒီကျွန်းကနေ လျှို့ဝှက်လမ်းကသွားဖို့ တစ်လမ်းပဲရှိတယ်၊ ဒီလမ်းရဲ့လျှို့ဝှက်ချက်တွေကိုလည်း ကျုပ်တို့ပဲသိတယ်၊ လျှို့ဝှက်ချက်တွေကို မသိဘဲနဲ့ သွားရင် သေမှာပဲ "

"ကျုပ်တို့သွားချင်တယ်. . လိုက်ပို့ပေးပါ"

"ဒါက ကျုပ်တစ်ယောက်တည်း ဆုံးဖြတ်လို့မရဘူး၊ ဒီမှာရှိတဲ့လူတွေနဲ့ တိုင်ပင်ရမယ်၊ သူတို့ကသဘောတူရင်တော့ လမ်းပြပေးမယ့်သူ ရွေးရမယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဖြစ်နေသူများကို တစ်ချက်ကြည့်လိုက်သည်။

"သူတို့က အဲဒီနေရာရောက်ခဲ့ဖူးတဲ့ သူတွေလား"

မာရစ်က တစ်ချက်လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။





"ဟုတ်တယ် သူတို့က ငရဲကျွန်းမှာရှိတဲ့ နတ်ရေကန်ကို ရောက်ဖူးတယ်"

ထိုစကားကြားသဖြင့် ဒေါက်တာမင်းထင်ကျော်က ကျေနပ်သွားလေသည်။

ညအချိန်ရောက်သောအခါ ၎င်းတို့နေသောဂူများထဲမှာပင် နေကြရသည်။

ထိုဂူများကိုလည်း နေအိမ်များသဖွယ် ပြုပြင်ထားခြင်းဖြစ်လေသည်။

ညဦးပိုင်းရောက်သောအခါ သူတို့နေသောဂူအတွင်းသို့ လူရိုင်းမလေးတစ်ဦး ရောက်လာလေသည်။

လူရိုင်းခေါင်းဆောင် မာရစ်နံဘေးမှာ ထိုင်နေသည့် လူရိုင်းမလေးပင်ဖြစ်သည်။

သူက ဂူထဲရောက်တော့ ကျော်စွာကိုခေါ်သည်။

"နင် ငါနဲ့လိုက်ခဲ့ပါ"

ထိုသို့လာခေါ်သောအခါ ကျော်စွာမှာ မျက်လုံးပြူးကာ ထိတ်ထိတ်ပြာပြာဖြစ်သွားလေသည်။

၎င်းအား ယဇ်ပူဇော်ရန် လာခေါ်သကဲ့သို့ ထင်သဖြင့် ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်လိုက်သည်။

"နင်ကဘယ်သူလဲ"

"ငါနာမည်က ကင်မရီ လို့ခေါ်တယ်၊ ငါကလူရိုင်းခေါင်းဆောင်ရဲ့သမီးပဲ"

"ငါ့ကို ဘာလုပ်မလို့လာခေါ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့စကားပြောချင်လို့"

ထိုစကားကြားတော့မှ ကျော်စွာလည်း အနည်းငယ်စိတ်သက်သာရာရသွားပြီး လူရိုင်းမလေးခေါ်ရာ နောက်သို့လိုက်သွားလေသည်။

အပြင်ဘက်မှာတော့ လရောင်ရှိသော်လည်း သစ်ပင်ရိပ်များကြောင့် မှောင်နေလေသည်။

ဂူများရှေ့များတွင် မီးပုံအသီးသီးဖိုထားပြီး ထိုမီးဖိုများပေါ်တွင် ကျောက်အိုးများဖြင့် တည်ထားသောရေနွေးအိုးကြီးများ၊ အသားကင်၊ ငါးကင်များချိတ်ဆွဲထားကြလေသည်။

ထိုနေရာဘက်မှ ညှော်နံ့များနှင့် အသားမီးကင်ရာမှ ထွက်လာသော ရနံ့များရနေသည်။

ထို့ပြင်လူရိုင်းများနေသော ဂူပေါက်များအနီးတွင် တောတိရစ္ဆာန်တို့၏ဦးခေါင်းနှင့် သားရေချပ်များချိတ်ဆွဲထားကြလေသည်။

ကင်မရီဆိုသော လူရိုင်းမလေးက ကျော်စွာအား ထိုနေရာများမှ ဖြတ်ခေါ်သွားသည်။

ကင်မရီမှာ(၁၈)နှစ်အရွယ်ခန့်ရှိပြီး အသားညိုသော်လည်း ကိုယ်လုံးကိုယ်ထည်က အရွယ်နှင့်မမျှအောင် ဖွံ့ဖြိုးမှုရှိလေသည်။

မျက်နှာပေါက်မှာလည်း မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ် နှုတ်ခမ်းထူထူနှင့် ဆွဲဆောင်မှုရှိသော ရုပ်ရည်မျိုးဖြစ်သည်။

သူမသည် အအေးဓာတ်ကို ကာကွယ်မှုရစေရန် သား





မွေးအကျီရှည်တစ်ခုကို ကိုယ်ပေါ်မှပတ်ကာ. . ခါးမှကြိုးဖြင့် ခါးပတ်ကဲ့သို့ သိုင်းချည်ထားလေသည်။

ကျွန်းသူကျွန်းသားများနေသော ကမ်းစပ်တစ်နေရာသို့ ရောက်သောအခါ မြက်ခင်းတစ်ခုပေါ်မှာ ထိုင်ချလိုက်သဖြင့် ကျော်စွာကပါ ထိုင်ချလိုက်ရသည်။

ထိုနေရာမှာ လရောင်ရသောနေရာဖြစ်ပြီး ပင်လယ်ပြင်ကိုလှမ်းမြင်ရသော နေရာလည်းဖြစ်သည်။

ကမ်းခြေဘက်မှာရှိသော ကျောက်ဆောင်များကို လှိုင်းပုတ်သောအသံများလည်း ကြားနေရသည်။

ပင်လယ်ပြင်ကို ဖြတ်သန်းလာသော လေကနှင်းများကို သယ်ဆောင်လာသဖြင့် အေးစပြုလာချေပြီ. . ။

"ငါ နင့်ကို မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ"

"နင်တို့ ငရဲကျွန်းကို တကယ်သွားကြမှာလား"

"ဟုတ်တယ်လေ၊ အဲဒီသွားဖို့ ဒီနေရာတောင် ရောက်လာခဲ့ပြီ"

"ဘာအတွက် သွားကြမှာလဲ"

"ဒါတော့ ငါသိပ်မသိဘူး၊ ငါ့ဆရာကြီးတွေက ပိုသိကြတယ်"

"အဲဒီနေရာက မသွားသင့်ဘူး. . အန္တရာယ်များတယ်၊ ရောက်သွားရင် ပြန်လာလို့မရဘူး"

"နင် ရောက်ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေနဲ့ တစ်ခါတော့ရောက်ဖူးတယ်"

"ငါတို့ကမကြောက်ပါဘူး၊ သေနတ်တွေပါတာပဲ ကိုယ့်ကိုရန်မူရင်တော့ ပြန်တိုက်ရမှာပဲ"

"ဒါပေမယ့် အဲဒီနေရာကိုသွားဖို့ တစ်လမ်းပဲရှိတယ်၊ ကျောက်တောင်တွေရဲ့အောက်မှာရှိတဲ့ လှိုဏ်ဂူလမ်းကသွားမှရောက်တယ်၊ အဲဒီလမ်းကိုလည်း ငါတို့ကျွန်းသားတွေပဲသိတယ်"

"နင့် အဖေကလမ်းပြရှာပေးမယ်လို့ ပြောတယ်မဟုတ်လား"

"ဒါပေမယ့် လမ်းပြပေးဝံ့တဲ့သူ ရှိမှာမဟုတ်ဘူး"

ထိုစကားကြားသောအခါ ကျော်စွာမှာ အတော်ပင်စိတ်ပျက်သွားလေသည်။

"လှိုဏ်ဂူလမ်းထဲမှာ ဘာတွေရှိသလဲ"

"အဆိပ်ပြင်းတဲ့မြွေတွေ၊ ကင်းမြီးကောက်တွေရှိတယ်၊ အသားစားတဲ့သတ္တဝါတွေလည်း အများကြီးရှိတယ်၊ နောက်ပြီး ခြေလှမ်းမှားပြီး အောက်ကိုကျွံကျသွားရင် အောက်မှာပွက်ပွက်ဆူနေတဲ့ ချော်ရည်တွင်းတွေရှိတယ်၊ အရင်ကဒီကျွန်းကို ပင်လယ်ဓားပြတွေလာပြီး လူတွေဖမ်းကြတယ်"

ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။

"သူတို့ရောက်လာရင် ငါတို့ကအဲဒီဂူထဲဝင်နေကြတယ်၊ ပင်လယ်ဓားပြတွေ ဝင်လိုက်လာရင် ချော်ရည်ပူတွင်းတွေထဲကျပြီး သေကြတာပဲ၊ နောက်တော့မလာဝံ့ကြတော့ဘူး"

"မီးရောင်နဲ့ဝင်ရင် မရဘူးလား"





"မီးရောင်နဲ့ ဝင်ရင်လမ်းတော့မြင်ချင်မြင်ရမယ်၊ ဒါပေမယ့် ဂူထဲမှာ အလင်းရောင်မကြိုက်တဲ့ မြွေဖြူတွေရှိကြတယ်၊ အလင်းရောင်မြင်တာနဲ့ ထွက်လာပြီး အဆိပ်အခိုးအငွေ့တွေ မှုတ်ထုတ်ကြတယ်"

"ကြောက်စရာပဲ"

"ဂူအောင်းမြွေဖြူတွေရဲ့အဆိပ်က ဘယ်လောက်ပြင်းသလဲဆိုရင် အဆိပ်ငွေ့နဲ့ထိတာနဲ့ သေတာပဲ၊ ဒါကြောင့် မီးရောင်မသုံးဘဲဝင်ရင် လမ်းမှားပြီးချော်ရည်ပူထဲကျမယ်၊ မီးရောင်သုံးပြန်တော့ ဂူအောင်းမြွေဖြူတွေထွက်လာပြီး အဆိပ်ငွေ့တွေနဲ့ မှုတ်တယ်"

"နှစ်ခုစလုံးက အန္တရာယ်တွေချည်းပါလား"

"ဟုတ်တယ်၊ ဒါကြောင့် လမ်းသိတဲ့လူ မပါဘဲ ဂူထဲဝင်သွားရင် ဘယ်လိုနည်းမှမလွတ်ပဲ သေကြရတာပေါ့"

"နင်တို့ကျတော့ ဘယ်လိုသွားသလဲ"

"ငါတို့က သွားနေကျဆိုတော့ လမ်းမှတ်မိနေကြတယ်၊ ဒါကြောင့် အမှောင်ထဲကပဲ သွားတယ်"

"ဂူအောင်းမြွေဖြူတွေက အမှောင်ထဲသွားတဲ့လူတွေကို ...မပြုဘူးလား"

"သူတို့က အလင်းရောင်မရှိရင် ဘာမှမမြင်ရဘူး၊ မှောင်...မှာပဲ ငြိမ်နေကြတယ်၊ မီးအလင်းရောင်တွေ့တော့မှသာ ထွက်...ပြီး အဆိပ်ငွေ့တွေနဲ့ မှုတ်ကြတာ"

"နင်ပြောပုံအရဆိုရင် ဒီဂူလမ်းကိုလမ်းပြမပါဘဲနဲ့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့မလွယ်ဘူး"

ကျော်စွာက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ငါနင့်ကို ခေါ်လာတာ ဒီအကြောင်းပြောချင်လို့ပဲ"

"တခြားလူတွေမခေါ်ဘဲ ငါ့ကိုဘာကြောင့် ရွေးခေါ်လာတာလဲ"

"နင့်ကို ငါသဘောကျလို့ပေါ့"

"ဟင်"

"ကျော်စွာက သူ့နံ့ဘေးမှာထိုင်နေသော ကင်မရီကို တစ်ချက်ကြည့်လိုက်သည်။

ထိုအခါသူမမျက်လုံးရွဲကြီးများနှင့် အကြည့်ချင်းဆုံသွားလေသည်။

"ဒီကျွန်းမှာ ငါ့ကိုလိုချင်တဲ့သူတွေ အများကြီးရှိတယ်၊ ငါဘယ်သူ့ကိုမှ သဘောမကျဘူး၊ နင့်ကိုမြင်တော့ ငါသဘောကျတယ်၊ နင်ငါ့ကိုယူရင် ငါအတူလိုက်ပြီး လမ်းပြပေးမယ်"

ကျော်စွာအတွက် လေ့ကျက်ထားခြင်း မရှိသေးသော ပုစ္ဆာတစ်ခုကို အမေးခံရသကဲ့သို့. . ဘယ်လိုပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားလေသည်။

"ဒီကျွန်းပေါ်မှာနေကြတဲ့ လူတွေအားလုံး လျှို့ဝှက်လမ်းတွေကိုမသိဘူး၊ ငါနဲ့ငါ့အဖေအပါအဝင် လူနည်းနည်းပဲ သိကြတယ်၊ သူတို့ကလည်း နင်တို့ကိုလိုက်ပြပေးချင်မှာမဟုတ်ဘူး"

"ငါကနင့်ကို ယူချင်တယ်ပဲထားပါဦး၊ နင့်အဖေက သဘောတူပါ့မလား"





"ဒီကျွန်းပေါ်မှာ ဘယ်မိန်းမ မဆိုအပျိုဖြစ်ရင် သူလိုချင်တဲ့ယောကျ်ားကို ယူနိုင်တယ်၊ ဘယ်သူမှတားလို့မရဘူး၊ နင်ငါ့ကို သဘောမကျဘူးလား"

ပြောရင်းနှင့် ကင်မရီက သူ့အနီးသို့ တဖြည်းဖြည်းတိုးလာလေသည်။

"ကျ. . ကျပါတယ်"

"နင် ငါ့ကိုယူရင် မနက်လင်းတာနဲ့ နင်တို့သွားချင်တဲ့နေရာကို လမ်းပြပြီး ငါလိုက်ပို့ပေးမယ်"

ဟိုနေရာက ပြန်ရောက်လာတော့ ငါ့ကိုဒီမှာပဲပြန်ထားခဲ့ပေါ့"

"နင်က ငါတို့နဲ့ မလိုက်ခဲ့ဘူးလား"

"ငါကလိုက်ချင်ရင်တောင် နင်တို့က ခေါ်သွားချင်မှာမဟုတ်ဘူး၊ နောက်ပြီး. . ငါလည်း ဒီကျွန်းကလိုက်ခွင့်မရှိဘူး"

ထိုအခါမှ သူမပြောသောအဓိပ္ပာယ်ကို သဘောပေါက်သွားလေတော့သည်။

ထိုအချိန်မှာ လူရိုင်းမလေးကတဖြည်းဖြည်းနှင့် သူ့နံဘေးသို့ ရောက်ရှိနေချေပြီ။

ဆွဲဆောင်မှုရှိသော ရနံ့တစ်မျိုးကနှာခေါင်းထဲသို့ တိုးဝင်လာသည်။

ထို့ကြောင့် သူမကိုယ်ကို ပခုံးမှသိုင်းဖက်ကာရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

သူမကလည်း မရုန်းမဖယ်ဘဲနှင့် သူ့ရင်ခွင်ထဲသို့ တိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

နူးညံ့မှုရှိသော အသားအရေ၏ အထိအတွေ့များက စိတ်ကိုနိုးကြားတက်ကြွလာလေသည်။

ထိုထက်ကြွသော စိတ်ကပင်အချစ်သစ်တစ်ခုကို ဖန်တီးပေးလိုက်လေသည်။

ထိုညအဖို့တော့ ကျော်စွာအတွက် အရာအားလုံးကို မေ့လျော့သွားခဲ့ချေပြီ။





## အခန်း (၁၂)

# အန္တရာယ်လမ်းမှ ဖြတ်သန်းကြရခြင်း

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ခရီးထွက်ရန်ပြင်ဆင်ကြလေသည်။

လှေသမားလေးယောက်ကိုတော့ ထိုကျွန်းမှာပင်ထားခဲ့ပြီး သူတို့ချည်းသွားရန် ပြင်ကြခြင်းဖြစ်သည်။

သို့သော် သူတို့အဖွဲ့ထဲသို့ လူတစ်ယောက်တော့ ထပ်တိုးလာသည်။ ကင်မရီပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကျော်စွာနှင့်ကင်မရီ



www.burmeseclassic.com

www.burmeseclassic.com



တို့အခြေအနေကို အကဲခတ်မိသဖြင့် ဘာမှထွေထွေထူးထူး မ မေးသော်လည်း . . ထိုအကြောင်းများကို မသိရှာသော ဦးဗန် ကောင်းကတော့ ကျော်စွာနားကပ်ကာ တိုးတိုးမေးသည်။

"မောင်ကျော်စွာ၊ ဟိုကပ္ပလီမလေးက မင်းနားကိုကပ် လှချည်လား"

ကျော်စွာက ဘာမှပြန်မပြောပဲ ရယ်နေသည်။

"ညက မင်းပြန်ရောက်မလာတော့ ငါတို့မှာ အတော် ကိုစိတ်ပူကြရတယ်၊ ခေါ်သွားပြီးသတ်ပစ်လိုက်ပြီတောင် ထင် နေကြတာ၊ ပြန်ရောက်လာမှပဲ စိတ်အေးကြရတယ်၊ မင်းတို့ အခြေအနေကိုလည်း ပြောပြပါဦး"

ထိုသို့မေးသဖြင့် ကျော်စွာကညကအဖြစ်ပျက်ခဲ့သော အကြောင်းများကို အတိုချုပ်ပြီး ပြောပြလိုက်သည်။

ကျော်စွာပြောပြသော အကြောင်းကြားတော့ ဦးဗ ကောင်းမှာ မျက်လုံးပြူးသွားလေသည်။

"ဒါဖြင့် မင်း သူ့ကို တကယ်ယူရမှာပေါ့"

"လောလောဆယ်တော့ အဲ့ဒါတွေအထိ ဘာမှမစဉ် စားရသေးဘူးအဘ၊ နောက်မှမီးစင်ကြည့်ကရမှာပဲ လောလော ဆယ်တော့ သူလမ်းပြပေးလိမ့်မယ်"

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"တကယ်လို့ အာယုသိဒ္ဓိကျွန်းက ပြန်လာကြရင်တော မှဒီကျွန်းပြန်ရောက်တော့မှ မင်းကိုပြန်ခွင့်မပေးတော့ဘဲ ထားလိုက်ရင်တော့ အခက်ပဲ"





"ဒီတော့လည်း နေခဲ့ရုံပေါ့ အဘရယ်"

ကျော်စွာကတော့ လောလောဆယ်ဘာမှ လေးလေး က်နက်စဉ်းစားထားခြင်းမျိုး မရှိသေးဘဲ ပေါ့ပေါ့ပင်ပြန်ပြော ိုက်သည်။

မာရစ်ကလည်းဇင်း၏ သမီးဖြစ်သူကင်မရီ လိုက်သွား ည့်ကိစ္စအား ကန့်ကွက်ပြောဆိုခြင်းမရှိပေ။

ထို့ကြောင့်ခရီးစသောအခါ ယောကျ်ား(၅)ယောက်နှင့် ိန်းမ(၂)ယောက်ပါသဖြင့် ခုနှစ်ယောက်ဖြစ်လေသည်။

သူတို့နှင့်အတူ သေနတ်(၄)လက် ယူသွားသည်။

ပြောင်းရှည်နှစ်လက်၊ ပြောင်းတိုနှစ်လက်ဖြစ်သည်။

ထို့ပြင် ကျည်ဆံကတ်များ၊ လက်နှိပ်မီး၊ ဆေးဝါးပတ်တီး း သံလိုက်အိမ်မြှောင်၊ မီးခြစ်၊ ရိက္ခာခြောက်အချို့အပြင် . . ခြားအသုံးလိုလျှင် သုံးရန်အတွက် ပစ္စည်းများကို ကျောပိုး ိတ်တစ်လုံးဖြင့်ထည့်ကာ သယ်ဆောင်ကြသည်။

ထိုခရီးကိုသွားခါနီးတော့ ဒီပကမှာ ထူးထူးခြားခြား က်ကြွနေသည်။

"ဟိုရောက်ရင်ကျုပ်ကို လူခေါင်းနဲ့လူခန္ဓာကိုယ်ပြန်ဖြစ် အောင်လုပ်ပေးပါ"

ဟုလည်းပြောသေးသည်။

အားလုံးပြင်ဆင်ပြီးသောအခါ ဆရာကြီးသူရဋ္ဌကပြော ည်။

"အခုသွားမယ့်ခရီးက ကျုပ်တို့ရည်ရွယ်ထားတဲ့ ခရီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ ကောင်းကျိုးတွေရဖို့သွားကြတယ် ဆိုပေမယ့် . . မ
ကောင်းတာတွေနဲ့လည်း တွေ့နိုင်တယ်၊ ဒါကြောင့် . . ဘယ်
အန္တရာယ်မျိုးနဲ့ပဲကြုံကြုံ၊ အတူတူလက်တွဲပြီး ကျော်ဖြတ်ကြ
ဆုံးဖြတ်ထားကြပါ”

“စိတ်ချပါဆရာကြီး”

ထိုသို့ပြောဆိုပြီးနောက် ခရီးစတင်ထွက်ကြသည်။

မာရစ်အပါအဝင် လူရိုင်းများက ကျောက်တောင်ခြေ
သို့ရောက်သည်အထိ လိုက်ပို့ပေးကြသည်။

၎င်းတို့နေသောနေရာမှ သစ်တောအုပ်တစ်ခုကို ကျော်
ဖြတ်သွားပြီးသည်နှင့် မြင့်မားလှသောကျောက်တောင်ကြီးများ
မြင်တွေ့ရသည်။

ကျောက်တောင်များမှာ လုံးဝန်းသောပုံသဏ္ဌာန်မျိုး
မဟုတ်ပဲ ချွန်ထက်မက်စောက်သော ပုံသဏ္ဌာန်မျိုး ရှိကြသည်
ထိပ်ပိုင်းမှာ မြူနှင်းများ ဝေ့ဆိုင်းရစ်ပတ်နေသောကြောင့် မမြင်
ပေ။

နောက်မှသိရသည်မှာ ထိုကျောက်တောင်ကြီးများ
ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေကြသော မီးတော
ဟောင်းကြီးများပင် ဖြစ်ကြလေသည်။

တောအုပ်အတွင်းမှ ထွက်ပြီး ကျောက်တောင်ကြီးမျ
တောင်ခြေရောက်အောင် အတော်သွားရသေးသည်။

လမ်းခရီးတလျှောက်မှာတော့ မိမိတို့မမြင်ဖူးသေ
သစ်ပင်များ၊ သဘာဝရှုခင်းများနှင့် တောရိုင်းတိရစ္ဆာန်တို့





တွေ့မြင်ရသည်။

မာရစ်တို့မှာ ဧည့်သည်များအား လိုက်ပို့ပေးချိန် ဖြစ်သဖြင့် တောတိရစ္ဆာန်တို့ကို တွေ့သောအခါ ပစ်ခတ်ဖမ်းဆီးခြင်း မပြုကြပေ။

ထိုနေရာ၌ရှိသော ကျောက်တောင်များထဲတွင် အမြင့်ဆုံးကျောက်တောင်ဟု ယူဆရသောကျောက်တောင်ခြေရောက်သောအခါ ရပ်လိုက်ကြသည်။

ထိုနေရာတစ်ဝိုက်မှာတော့ တောင်နံရံများတွင် ဂူပေါက်အများအပြားရှိနေသည်ကို လှမ်းမြင်ရသည်။

ကျောက်တောင်ခြေသို့ ရောက်သောအခါ မာရစ်နှင့်လူရိုင်းအချို့က ၎င်းတို့ဘာသာစကားဖြင့် ခရီးသွားအဖွဲ့အား ဆုတောင်းသမှု ပြုပေးကြသည်။

ထိုပြင် . . မာရစ်က သမီးဖြစ်သူကင်မရီ၏ ဦးခေါင်းကို တိုင်ကာ တတွတ်တွတ်နှင့် ဆုတောင်းခြင်းများ ပြုလုပ်ပေးနေလေသည်။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ၊
အသားမည်းသည်ဖြစ်စေ ဖြူသည်ဖြစ်စေ၊
ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ၊
တောမှာနေသည်ဖြစ်စေ မြို့မှာနေသည်ဖြစ်စေ၊
အဆင့်အတန်းချင်း မတူညီကြသော်လည်း၊
ဘဝအခြေအနေချင်း မတူညီကြသော်လည်း၊
သားသမီးများအပေါ်မှာထားသော မိဘမေတ္တာက



www.burmeseclassic.com

www.burmeseclassic.com



တော့ တူညီမှုရှိကြလေသည်။

ထို့နောက်မှာတော့ မာရစ်နှင့် လူရိုင်းများက နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေတော့သည်။

ယခုတော့ သူတို့အဖွဲ့ကို လမ်းပြခေါ်ဆောင်မည့်သူမှာ လူရိုင်းမလေး ကင်မရီဖြစ်လာပေပြီ။

ကင်မရီက ဂူထဲဝင်ခါနီးတော့ ပြောသည်။

"ဂူထဲရောက်တဲ့အခါ ဘယ်လိုအကြောင်းနဲ့မှ အသံမထွက်ပါနဲ့၊ အကြောင်းရှိရင် ခြေဟန်လက်ဟန်နဲ့ပဲပြပါ"

ခေါင်းညိတ်ပြကြသည်။

"နောက်တစ်ခုက ဂူထဲရောက်တဲ့အခါ မီးရောင်လုံးဝမလင်းပါစေနဲ့၊ မီးရောင်လင်းတာနဲ့ အားလုံးသေမှာပဲ"

"ဘာ့ကြောင့်လဲ"

ဒီပကကမေးလိုက်သည်။

"ဂူထဲမှာ ဂူအောင်းမြွေဖြူတွေရှိတယ်၊ သူတို့အဆိပ်ငွေ့ကအတော်ပြင်းတယ်၊ အငွေ့ထိပြီး ရှူမိတာနဲ့သေနိုင်တယ်၊ ဒီမြွေဖြူတွေက အလင်းရောင်နဲ့မီးရောင်မကြိုက်ဘူး၊ တွေ့တာနဲ့တွင်းတွေထဲကထွက်လာပြီး အဆိပ်ငွေ့နဲ့မှုတ်တော့တာပဲ"

"ကြောက်စရာကောင်းလိုက်တာ"

"နောက်တစ်ခုက ဂူထဲရောက်ရင် ငါသွားတဲ့လမ်းကပဲလိုက်ပါ။ တခြားလမ်းတွေက မလျှောက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"တချို့နေရာတွေမှာ တွင်းပေါက်တွေရှိတယ်၊ အောက်မှာ မီးတောင်ချော်ရည်ပူတွေရှိတယ် အောက်ကိုကျွံကျသွားရင် အသက်ရှင်စရာမရှိဘူး"

"နောက်ထပ်ဘယ်လို အန္တရာယ်မျိုးတွေရှိသေးသလဲ"

"ဂူထဲမှာတော့ အဆိပ်ရှိတဲ့သတ္တဝါတွေ သွေးစုပ်လင်းနို့တွေရှိတယ်၊ ဒါပေမယ့်သူတို့နေရာရောက်သွားမှ အန္တရာယ်ရှိတာပါ"

"ကောင်းပြီလေ. . ဒီခရီးလမ်းက ငါတို့ထက် မင်းကပိုသိတော့ မင်းခေါ်တဲ့လမ်းအတိုင်းပဲ လိုက်ခဲ့ပါ့မယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် ကင်မရီက ရှေ့မှဦးဆောင်ပြီး များစွာသော ဂူပေါက်များရှိနေသည်အနက်မှ အမှတ်အသားပြုလုပ်ထားသည့် ဂူအပေါက်ဝသို့ စတင်ဝင်လေရာ. . အားလုံး စကားတစ်ခွန်းမှ မပြောကြတော့ဘဲ သူမနောက်မှဝင်လိုက်ကြသည်။ ဂူမှာအတော်ကျယ်ဝန်းသည်။

မီးတောင်ဟောင်းကြီးတစ်လုံး ဖြစ်ခဲ့သောကြောင့်. . သဘာဝအတိုင်းရှိနေသော ကျောက်စွန်းကျောက်ချွန်များက အတော်များသည်။

ဂူအတွင်းဝင်စက အလင်းရောင်ရှိနေသေးသော်လည်း ဂူထဲရောက်သောအခါ အနည်းငယ်သာ မြင်ရတော့သည်။ သွားရသောလမ်းများမှာ ကျောက်တုံး၊ ကျောက်ချွန်များကြားမှ ကွေ့လျှောက်ရခြင်း၊ တစ်ခါတရံ ကျောက်တံတားကဲ့သို့ ဖြစ်နေသည့် လူတစ်ယောက်စာသွားသာရုံ လမ်းကလေးများမှ အသည်းတ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဖြင့် လျှောက်ကြရသည်။

ထိုသို့လျှောက်သောအခါ မှောင်နေသဖြင့် အောက်၌ရှိသောချော်ရည်ပူတွင်းများကို မမြင်ရသော်လည်း မီးအပူငွေ့ဟပ်ခြင်းကိုတော့ ခံကြရသည်။

ဂူအတွင်းသို့ ခရီးအတော်ပေါက်လာသည့် အထိတော့ အနှောင့်အယှက် အန္တရာယ်ကြီးကြီးမားမား မတွေ့ကြရဘဲ. . . ကောင်းမွန်စွာ သွားရလေသည်။

တစ်နေရာရောက်သောအခါမှ မိမိသွားမည့်လမ်းရှေ့ဘက်မှ ဆူဆူညံညံအသံများ ပေါ်လာလေသည်။

ထိုအသံများကြားတော့ ကင်မရီက လက်ဖြင့်တားကာ နားစွင့်နေသည်။

ပြီးမှနံဘေးမှာရှိသော ကျောက်နံရံတစ်ခုပေါ်သို့ တက်နေကြရန် လက်ဟန်ဖြင့်ပြသည်။

နောက်မှရှိနေသူများကလည်း ကင်မရီအချက်ပြသည့်အတိုင်း နောက်မှလိုက်ကာ အတန်အသင့်မြင့်သော ကျောက်တောင်နံရံပေါ်သို့ တက်နေကြရလေသည်။

ခဏကြာတော့ အပေါ်ဘက်မှ မည်းမည်းသဏ္ဍာန်များ ရေစီးကြောင်းသဖွယ် စီးကျလာလေသည်။

အနက်ရောင်ရေစီးကြောင်းကြီးက စောစောကသူတို့ရပ်နေသည့်နေရာသို့ ရောက်လာသည်။

လမ်းတလျှောက်လုံး နေရာလပ်မရှိအောင် မည်းနက်နေသည်။ ရေစီးကြောင်းတော့မဟုတ်ပေ။





အနက်ရောင်ကင်းမြီးကောက်များ တစ်နေရာမှတစ်နေရာသို့ ရွှေ့လျားနေကြခြင်းဖြစ်သည်။

အကောင်အရေအတွက် များလှသောကြောင့် ရေစီးကြောင်းသဖွယ် ဖြစ်နေပေတော့သည်။

ကင်းမြီးကောက်များက သူတို့ရှိနေသောနေရာဘက်တော့ တက်မလာကြပေ။

လမ်းကြောင်းအတိုင်း အောက်ဘက်သို့ဆင်းသွားရာ အတန်ကြာတော့ လမ်းပေါ်မှာ ရှင်းသွားသည်။

ထိုအခါမှအောက်သို့ပြန်ဆင်းကာ ရှေ့သို့ဆက်လျှောက်ကြပြန်သည်။

ကျောက်တောင်ကြီးအတွင်း၌ တောက်လျှောက်ပေါက်နေသောအတွင်းလမ်းမှာ အတော်ကလေးရှည်သည်။

အတွင်းဘက်ရောက်လာလေလေ ပိုပြီးမှောင်လာလေလေဖြစ်လာသည်။

သို့သော်. . . လက်တစ်ကမ်း အကွာအဝေး၌ရှိသောလူတစ်ယောက်၏ပုံရိပ်ကိုတော့ ဝိုးတဝါးမြင်နေရသည်။

လမ်းတလျှောက်လုံး တန်းစီပြီးလျှောက်ကြရခြင်းဖြစ်ရာ မိမိရှေ့မှာ လျှောက်နေသူ၏ပုံရိပ်ကို မျက်ခြည်မပြတ်ကြည့်ရင်း လိုက်သွားရခြင်းဖြစ်သည်။

ယခုအချိန်အထိတော့ ကြီးကြီးမားမား အန္တရာယ်မျိုး မတွေ့ကြရသေးပေ။

ဒေါက်တာမင်းထင်ကျော်က အမှောင်ထဲမှာ မြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့်ရာ ဂူထဲရောက်နေသည်မှာ တစ်နာရီကျော်ကျော်ခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

သို့ကြောင့် နှစ်မိုင်၊ သုံးမိုင်ခန့်တော့ ခရီးပေါက်လာပြီဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

တစ်ခုအံ့ဩဖို့ကောင်းသည်က အမှောင်ထဲမှာ လျှောက်နေရစေကာမူ ရှေ့မှသွားနေသော ကင်မရီမှာ တစ်ချက်ကလေးမှလမ်းမမှား၊ ခြေလှမ်းမပျက်ပါဘဲနှင့် ခြေလှမ်းမှန်မှန်ဖြင့် ခရီးဆက်နေခြင်းပင် ဖြစ်သည်။

သူမသည် ရှေ့မှသွားနေရင်းမှ စိတ်မသက်သာသော နေရာများရောက်လျှင် ရပ်တန့်ပြီး နံဘေးမှအခြေအနေတို့ကို ကြည့်သည်။

ထိုသို့ကြည့်ပြီး စိတ်ချလောက်မှ ခရီးဆက်လေသည်။

တစ်နေရာရောက်တော့. . ကျောက်တံတားတစ်ခုကို ဖြတ်ကျော်ကြရလေသည်။

လူတို့ပြုလုပ်ထားသော တံတားမျိုးမဟုတ်ဘဲ သဘာဝအတိုင်းဖြစ်ပေါ်နေသော ကျောက်တန်းတစ်ခုသာဖြစ်သည်။

အောက်၌ချော်ရည်ပူများရှိသည်။

အပူငွေ့များက အပေါ်သို့တက်ဟပ်နေလေသည်။

ကျောက်တံတားရှိနေသော ချောက်ကမ်းပါးအကျယ်မှာ ပေ(၂၀၀)ခန့်ရှိပေလိမ့်မည်။

ကင်မရီက ထိုတံတားပေါ်မှ သတိထားပြီး ကူးကြရန် လက်ဟန်ခြေဟန်ဖြင့်ပြပြီး သူမကအရင်ဖြတ်ကူးသွားသည်။





သူမတစ်ဖက်ကမ်းရောက်သွားတော့မှ တစ်ယောက်ပြီး တစ်ယောက်ကူးသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာကနောက်ဆုံးမှ ကူးသည်။

မာရီယာကကြောက်လန့်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်က သူမလက်တစ်ဖက်ကိုကိုင်ကာ သတိဖြင့်ကူးရလေသည်။

သို့သော်လည်း ထိတ်လန့်ကြောက်ရွံ့နေသောကြောင့် ရှေ့မတိုးဘဲ ယိမ်းယိုင်နေသည်။

သူမကိုတွဲခေါ်နေရသောကြောင့် ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင်သတိထားနေရသည်။

တစ်နေရာရောက်တော့ မာရီယာမှာ ခြေချော်ကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဆွဲထားသောကြောင့်သာ ချော်ရည်ပူတွင်းထဲသို့ ရောက်မသွားခြင်းဖြစ်သည်။

နောက်မှသတိထားကာ တဖြည်းဖြည်းပြန်တက်လေရာ ကျောက်တံတားပေါ် ပြန်ရောက်လာသည်။

နောက်ဆုံးမှာတော့ ကြောက်ရွံ့တုံလှုပ်စွာနှင့်ပင် တစ်ဖက်ကမ်းသို့ ရောက်သွားကြလေတော့သည်။

ထိုအခါမှပင် အားလုံးမှာ သက်ပြင်းချနိုင်ကြလေသည်။

လူစုံသောအခါ ရှေ့သို့ဆက်သွားကြရာ နောက်ထပ် တစ်နာရီလောက် လျှောက်သောအခါမှာတော့ တစ်ဖက်သို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



သော ဂူပေါက်ဝသို့ လှမ်းမြင်ကြရပေပြီ။

အလင်းရောင်များ တိုးဝင်နေသော ဂူပေါက်ဝကိုမြင်ရ သဖြင့် အားလုံးဝမ်းသာသွားကြလေသည်။

သို့သော် . . . ။





အခန်း (၁၃)

# အာယုသိဒ္ဓိကျွန်း အကျဉ်းသား

သို့သော် ဂူပေါက်ဝမှအပြင်ဘက်သို့ ထွက်လိုက်ကြသည်နှင့် အန္တရာယ်များနှင့် စတင်တွေ့ကြရပေတော့သည်။

သူတို့အပြင်ဘက်ထွက်လိုက်သည်နှင့် သစ်ပင်များသစ်တောများအတွင်းမှ ထူးဆန်းသောသတ္တဝါအချို့ ထွက်လာကြလေတော့သည်။

ခွေးအခန္ဓာကိုယ်၊ တောခွေးခန္ဓာကိုယ်၊ ဝံပုလွေခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့တွင် လူမျက်နှာနှင့်တူသော ဦးခေါင်းများပါသော ထူးဆန်းသည့် တိရစ္ဆာန်များဖြစ်သည်။

၎င်းတို့ကကြောက်စရာကောင်းသော ဟန်အမူအရာမျိုးဖြင့် ရှေ့တိုးလာကြလေသည်။

"အဲဒါ လူတွေမဟုတ်ဘူး၊ တိရစ္ဆာန်တွေမှာ လူရဲ့ခေါင်းတွေတပ်ထားတာ"

ကင်မရီက ခပ်တိုးတိုးပြောသည်။

ထိုကဲ့သို့ ခွေးများဝိုင်းလာသောအခါ မျောက်ဝံတစ်ကောင်ကဲ့သို့ခန္ဓာကိုယ်ကြီးမားသော ဒီပကက ရှေ့သို့ထွက်သွားသည်။

ဒီပကမှာ လူမျက်နှာနှင့် မျက်ဝံတစ်ကောင် ခန္ဓာကိုယ်ဖြစ်နေလေသည်။

ဒီပကက တုတ်ရှည်ကြီးတစ်ချောင်းကိုင်ကာ ရှေ့သို့တိုးသွားတော့ တောခွေးအုပ်မှာ နောက်သို့ဆုတ်သွားလေသည်။

သူတို့ကဲ့သို့ လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်းဖြစ်နေသူကိုမြင်သဖြင့် ဇဝေဇဝါဖြစ်ကာ ကြောက်လန့်သွားကြဟန်ရှိသည်။ ဒီပကက ပါးစပ်မှဝက်ဝံတစ်ကောင်ကဲ့သို့ မာန်ဖီကာ တောခွေးများအား တုတ်ဖြင့်လိုက်လံရိုက်ပုတ်လေရာ ထွက်ပြေးကြလေတော့သည်။

အချို့မပြေးနိုင်သော တောခွေးတို့မှာလည်း ဒီပကတုတ်ချက်မိကာ နေရာမှာပင် သေဆုံးသွားကြလေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သောအဖြစ်အပျက် ပေါ်





လာလေသည်။

တောခွေးများကို လိုက်လံရိုက်နေသော ဒီပကအား . . တောင်ကုန်းပေါ်မှ စောင့်နေသော ကျားတစ်ကောင်၊ ကျားသစ်တစ်ကောင်ကခုန်ချလာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

ဒီပကလည်းလက်ထဲမှ တုတ်ရှည်ကြီးဖြင့် ပြန်လှန်တိုက်ခိုက်သော်လည်း တိရစ္ဆာန်နှစ်ကောင်က နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်သောကြောင့် ဒဏ်ရာများရလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က အမဲပစ်သေနတ်ကိုယူပြီး နှစ်ကောင်စလုံးကို ပစ်သတ်လိုက်လေသည်။

အနီးကပ်ပစ်ရခြင်းဖြစ်သောကြောင့် နှစ်ကောင်စလုံးထိကာ သေဆုံးသွားကြလေတော့သည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ သေနတ်သံများကကျယ်လောင်စွာ ထွက်ပေါ်သွားလေတော့သည်။

ထိုကဲ့သို့သေနတ်သံပေါ်ထွက်သွားပြီး မကြာမီမှာပင် ဆူဆူညံညံအသံများ ကြားလာရသည်။

ထိုအသံများက များပြားလှပြီး တဖြည်းဖြည်းနှင့် ပိုမိုနီးကပ်လာလေသည်။

သို့ကြောင့် ၎င်းတို့မှာပါသော သေနတ်များကို အဆင်သင့်ပြင်ထားလိုက်ကြသည်။

အတန်ကြာသောအခါ သူတို့ပတ်ဝန်းကျင်၌ ရှိသောသစ်တောများအတွင်းမှ များလှသော လူတိရစ္ဆာန်မျိုးစုံတို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာကြလေတော့သည်။

လူတိရိစ္ဆာန်ဟုဆိုရာတွင် လူခန္ဓာကိုယ်နှင့် တိရစ္ဆာန်ဦး ခေါင်း၊ လူဦးခေါင်းနှင့် တိရစ္ဆာန်ခန္ဓာကိုယ်တို့ကို အမျိုးမျိုး အဖုံး တပ်ဆင်ထားသောကြောင့်ပင် ဖြစ်ပေသည်။

တိရစ္ဆာန်တို့ကတော့ အမျိုးအမည်စုံလှသည်။

ကျား၊ ကျားသစ်၊ မျောက်ဝံ၊ လူဝံ၊ ဝက်ဝံတို့အပါအဝင် လူကိုအန္တရာယ်ပေးတတ်သော တိရစ္ဆာန်များက အများဆုံးပါဝင် လေသည်။

လူခန္ဓာကိုယ်နှင့် တိရစ္ဆာန်ဦးခေါင်းတပ်ထားသောလူ တိရစ္ဆာန်တို့က လက်ထဲမှာ ဓားလှံလက်နက်များပါသည်။

သူတို့ကို ဝိုင်းထားသည်မှာပင် (၅၀)ထက်မနည်း ရှိပေ လိမ့်မည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ၎င်းတို့ထံမှာပါလာ သောသေနတ်၊ ဓားလှံစသည့်တို့ကိုကိုင်ကာ တိုက်ခိုက်ရန်ပြင် ထားကြသည်။

လူတိရစ္ဆာန်တို့ကလည်း ၎င်းတို့အား ဝိုင်းဝန်းတိုက်ခိုက် ကြရန် တဖြေးဖြေးနှင့် ရှေ့သို့တိုးလာကြသည်။

ထိုအခိုက်မှာပင် သစ်တောအတွင်းမှာ လူတစ်ဦးထွက် လာလေသည်။

အသက်အရွယ်ကြီးလှပြီဖြစ်သော အဖိုးအိုတစ်ဦးပင် ဖြစ်သည်။

အသက်အရွယ်ကြီးနေသော်လည်း သန်မာဖျတ်လတ်





စွာနှင့်လှုပ်ရှားသွားလာနိုင်သူဖြစ်သည်။

အဖြူရောင်ဆံပင် အနည်းငယ်ကို နောက်ဖက်သို့ ဖြန့် ချထားကာ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့က မျက်နှာတစ်ဝက်ခန့်ဖုံးကာ အောက်သို့တွဲကျနေရာ ရင်ဘတ်အ ထိရောက်နေလေသည်။

တစ်ကိုယ်လုံးအနက်ရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ထား ပြီး တောင်ဝှေးရှည်တစ်ချောင်းကို ကိုင်ထားသည်။

တောင်ဝှေးထိပ်နေရာတွင် ကြောက်စရာကောင်းသော ရုပ်ထုတစ်ခုကိုလည်း တပ်ဆင်ထားသည်။

ထိုလူကြီးက ဒေါက်တာမင်းထင်ကျော်တို့ ရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး ဂရုမစိုက်ဘဲ. . သေနတ်ကျည်ဆံထိပြီး သော ကျားနှင့်ကျားသစ်ရှိရာသို့ လျှောက်သွားကာ တောင်ဝှေး ဖြင့် ထိုးကြည့်လိုက်သည်။

အသက်ရှိနေသေးမှန်း သိသောအခါ. .

"ဒီနှစ်ကောင်ကို နတ်ရေကန်ဆီယူသွားပြီး ဒဏ်ရာတွေ ကို ဆေးရေလောင်းထည့်ပေးလိုက်ကြ"

ဟု အမိန့်ပေးလိုက်ရာ လူတိရစ္ဆာန်တို့က ဒဏ်ရာရနေ သော ကျားနှင့်ကျားသစ်တို့ကို သယ်ယူသွားကြလေသည်။

ထိုအခါမှ အဖိုးကြီးက ၎င်းတို့ရှိရာဘက်လျှောက်လာ သည်။

"မင်းတို့က ဘယ်ကလာတာလဲ"

"အရှေ့ဘက်တိုင်းပြည်က လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကို ဘယ်သူမှလာလို့မရဘူး၊ လာခွင့်လည်းမရှိဘူး အခုလိုရောက်လာပြီးရင်လည်း ပြန်လို့မရဘူး".

ထိုသို့ပြောဆိုရင်းနှင့် နံဘေးမှာရပ်နေသော ဒီပကကို သတိပြုမိသွားဟန်ရှိသည်။

"မင်းဒီကနေ ထွက်ပြေးသွားတဲ့လူ မဟုတ်လား"

"ဟုတ်တယ်. . ခင်ဗျားလက်ချက်ကြောင့် လူတစ်ပိုင်း မျောက်ဝံတစ်ပိုင်း ရောက်ခဲ့ရတယ်လေ"

ဒီပကက မကျေမနပ်ဖြင့် ပြန်ပြောလိုက်သည်။

သူ့အသံမှာ မျောက်ဝံတစ်ကောင်အသံမျိုး ဖြစ်လာပြီး ဟန်အမူအရာမှာလည်း ခက်ထန်ကြမ်းတမ်းလာလေသည်။

"ငါက မင်းအသက်ရှင်ခွင့်ရအောင် အခုလိုစီမံပေးလိုက်တာပါကွာ၊ ဒီနေရာကို မင်းလမ်းပြပြီး ခေါ်လာတာမဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားကို ကလဲ့စားချေမလို့ ပြန်လာတာ"

"ဟား. . ဟား. . ဟား. . ဟား"

ဒီပကစကားကြောင့်. . အဖိုးကြီးက တဟားဟားနှင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

"မင်းက ငါ့လက်ခုပ်ထဲရောက်နေတာတောင် ဒီစကားမျိုး ပြောဝံ့သေးသလား".

ဒီပကက အံ့တကြိတ်ကြိတ်ဖြစ်နေလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"





"ငါက ဒီကျွန်းပေါ်မှာ ဘုရင်မပြီးရင် ဩဇာအာဏာအရှိဆုံးဖြစ်တဲ့ မှော်ဆရာကြီး အာယုသန်ပဲ"

ထိုစကားကြားတော့ ဦးဗန်ကောင်းက တိုးတိုးပြောလိုက်သည်။

"နာမည်ကတော့ ကောင်းပါရဲ့၊ လူကတော့တယ်မဟန်လှဘူး"

အဖိုးကြီးက ဦးဗန်ကောင်းကို တစ်ချက်ကြည့်သည်။

"ကျုပ်တို့ ခင်ဗျားတို့ရဲ့ဘုရင်မနဲ့ တွေ့ချင်တယ်"

"ဘုရင်မကို တွေ့ချင်တိုင်း တွေ့လို့မရဘူး"

ထိုသို့ပြောသောအခါ. . ဒေါက်တာမင်းထင်ကျော်က ယောဂီကြီးကုမာရပေးထားခဲ့သော ရွှေပြားချပ်ကလေးကို ထုတ်ကာ အဖိုးကြီးမြင်သာအောင် ပြလိုက်သည်။

"ဟင် ရွှေတံဆိပ်တော်ပါလား၊ ဒါကို မင်းဘယ်ကရလာတာလဲ"

"ခင်ဗျားသိစရာမလိုပါဘူး၊ ကျုပ်တို့ကိုသာ ခင်ဗျား ဘုရင်မနဲ့ တွေ့ဖို့ခေါ်သွားပေးပါ"

ဟုပြောသောအခါ အဖိုးကြီးလည်း နောက်ထပ်ဘာမှ မပြောသာတော့ဘဲ သူတို့ခုနှစ်ယောက်ကို ခေါ်သွားရလေတော့သည်။

၎င်းတို့ကိုခေါ်သွားသော လမ်းတလျှောက်မှာလည်း. . သူတိရစ္ဆာန်တို့ကို တွေ့မြင်ရသည်။

အချို့ကအပြင်၌ ရပ်နေကြသော်လည်း အချို့ကတော့

www.burmeseclassic.com



တိရစ္ဆာန်များပမာ. . သစ်ပင်များကြားမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ချောင်းမြောင်းကြည့်နေကြသည်။

၎င်းတိရစ္ဆာန်များမှာ လူကဲ့သို့ အသွင်အပြင်ပြောင်းထားသော်လည်း တိရစ္ဆာန်ဗီဇက မပျောက်ကြသေးသဖြင့် နေပုံထိုင်ပုံနှင့် ဟန်အမူအရာတို့မှာ တိရစ္ဆာန်တစ်ကောင်၏ ပုံသဏ္ဌာန်မျိုး ဖြစ်နေလေတော့သည်။

အချို့က. . လူရှေ့ရောက်လျှင် လူတစ်ယောက်ကဲ့သို့ သွားလာနေထိုင်သော်လည်း. . တောထဲရောက်သွားသည်နှင့် သဘာဝအတိုင်းပင် သွားလာလှုပ်ရှားကြလေသည်။

လေးဖက်ထောက်လမ်းလျှောက်သူကလျှောက်၊ သစ်ပင်တက်သူကတက်၊ ရေအိုင်တွေ့လျှင် လျှာဖြင့်လျက်သောက်သူကသောက်၊ တောတိရစ္ဆာန်ငယ်ကလေးများတွေ့လျှင် ဖမ်းဆီးကာ သတ်ဖြတ်စားသောက်သူက စားကြလေသည်။

ထိုသို့ပြုရာမှာလည်း စိတ်ချလက်ချတော့ မဟုတ်ပေ။

၎င်းတို့ပြုလုပ်နေသည်ကို အခြားတစ်စုံတစ်ယောက်က တွေ့မြင်သွားမည်စိုးသဖြင့် ပုန်းလျှိုးကွယ်လျှိုး ပြုလုပ်ကြရခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့အား ခေါ်လာသောအခါ အချို့က သစ်ပင်များကြားမှ ချောင်းမြောင်းကြည့်ရှုကြသည်။

အချို့က ပေါ်ပေါ်ထင်ထင်ပင် အပြင်သို့ထွက်ကြည့်ကြသည်။

အချို့က ကြောက်ရွံ့သောဟန်အမူအရာ ရှိကြသည်။





အချို့က ရန်မူလိုသောအမူအရာဖြင့် ကြည့်နေကြသည်။

၎င်းတို့ကို ခေါ်သွားသောနေရာမှာ သဘာဝကျောက်တောင်ကြီးကို ရဲတိုက်ကြီးသဖွယ်မျိုးဖြစ်အောင် ပြုပြင်စီမံထားသောနေရာဖြစ်သည်။

ထူးခြားသည်မှာ သူတို့ရောက်သွားသောနေရာမှာ. . ကျောက်တောင်ထိပ်ကဲ့သို့ ဖြစ်နေပြီး. . အချို့နေရာများမှာ တစ်နေရာနှင့်တစ်နေရာ အဆက်အစပ်မရှိပဲ ချောက်ကမ်းပါးကြီးများသာရှိသည်။

ချောက်ကြီးများမှာ အောက်သို့မမြင်ရလောက်အောင် နက်ရှိုင်းလှသည်။

ရဲတိုက်ကြီးနှင့်တူသော ကျောက်တောင်ကြီး၏ ပတ်ဝန်းကျင်၌လည်း လက်နက်မျိုးစုံကိုင်ထားသော လူတိရစ္ဆာန်များ စောင့်နေကြသည်။

ထို့နောက်တွင် မှော်ဆရာကြီး အာယုသခ်က ၎င်းတို့အား အတွင်းသို့ခေါ်သွားလေသည်။

အတွင်း၌လည်း သလင်းကျောက်တုံးများဖြင့် အလင်းရောင်ရစေရန်ဖန်တီးထားပြီး ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များ ရှိလေသည်။

ထို့ပြင် အချို့နံရံများ၌ ဆီမီးခွက်ကြီးများ ထွန်းထားရာ အလင်းရောင်ရရုံမကပဲ နံ့သာရနံ့များပါ ရနေလေသည်။

အတွင်းဘက်မှာတော့ ကျောက်ပလ္လင်တစ်ခုရှိပြီး ပလ္လင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာတော့ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ထားရုံမက မျက်နှာပေါ်မှာပါ အနက်ရောင်ပုဝါ လွှမ်း ထားသော အမျိုးသမီးတစ်ဦး ရှိနေလေသည်။

တစ်ကိုယ်လုံးအဝတ်များ လွှမ်းခြုံထားသောကြော အသက်အရွယ်နှင့် မျက်နှာပုံပန်းသဏ္ဌာန်ကိုတော့ ခန့်မှန်း၍မ ပေ။

"ကျွန်ုပ်တို့နေရာကို ကျူးကျော်ရောက်လာတဲ့ အကျ သားတွေကို ခေါ်ဆောင်လာပါပြီ သခင်မ"

မှော်ဆရာကြီး အရိုအသေပေးပြီး ပြောလိုက်သည်

"သင်တို့ ဘယ်အရပ်က လာခဲ့တာလဲ"

"အရှေ့ဘက်တိုင်းပြည်ပါ"

"လူဖြူတွေနေတဲ့ နေရပ်လား"

"မှန်ပါတယ်"

"ဒီနေရာကို ဘယ်လိုသိပြီး ဘာအတွက်ရောက် တာလဲ"

"နတ်ရေကန်ရှိတဲ့နေရာကို သိချင်လို့ လာခဲ့တာ

"ဘယ်သူက လမ်းညွှန်ပေးခဲ့တာလဲ"

ဒေါက်တာမင်းထင်ကျော်က ရွှေပြားချပ်ကလေး ထုတ်ပြသောအခါ. . မှော်ဆရာကယူပြီး သခင်မလက်သို့ လိုက်လေသည်။

သခင်မက မှော်ဆရာယူပေးသော ရွှေပြားကိုယူ သေအခြာကြည့်နေသည်။





"ဒီရွှေပြားဟာ ကျွန်ုပ်တို့တံဆိပ်တော် ဖြစ်ပေတယ်၊ ဒီနေရာကိုရောက်လာသော ယောဂီကြီးတစ်ဦးကို ပေးခဲ့ခြင်းဖြစ်တယ်၊ သင်ဘယ်ကရခဲ့တာလဲ"

"ယောဂီကြီး ကုမရပေးလိုက်တာပါ"

ထိုစကားကြားသောအခါ. . သခင်မကအတော်ကြာအောင်စဉ်းစားနေဟန်ရှိသည်။

ပြီးမှ. . . ၊

"ကောင်းပြီလေ၊ ဒီနေရာက ပြင်ပလောကနဲ့ သီးခြားဖြစ်နေတဲ့နေရာပဲ. . ပြင်ပမှလူတွေကိုလည်း ဝင်ခွင့်မပြုခဲ့ဘူး၊ တကယ်လို့ ရောက်လာရင်လည်း ပြန်ထွက်ခွင့်မပေးတဲ့နေရာ ဖြစ်ပေတယ်"

ဟု တည်ငြိမ်သောအသံဖြင့်ပြောသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဘာမှမပြောဘဲနှင့် နားထောင်နေကြလေသည်။

"သင်တို့ကတော့ ယောဂီကြီးပေးလိုက်တဲ့ ရွှေပြားတံဆိပ်တော် ပါလာတဲ့အတွက် သီးခြားအနေနဲ့ လက်ခံပေးမယ်၊ သို့သော် ဒီနေရာကနေ ကျွန်ုပ်တို့သဘောမတူပဲနှင့် ပြန်ထွက်ခွင့် မရဘူးဆိုတာတော့ သိထားကြပါ၊ တကယ်လို့ကျွန်ုပ်တို့ ခွင့်ပြု ချက်မရှိဘဲ သွားခဲ့ရင် အသက်အန္တရာယ် ရောက်လာပေလိမ့် မယ်၊ သူတို့ကို သင့်တော်သောနေရာမှာ နေရာချပေးလိုက်ပါ"

ဟု အမိန့်ပေးလိုက်သောအခါ မှော်ဆရာကြီးက သခင်မအား အရိုအသေပေးကာ သူတို့ကိုအတွင်းဘက်သို့ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အတွင်းဘက်မှာလည်း သလင်းကျောက်များကြောင့် အလင်းရောင်ရနေပြီး တံခါးပိတ်ထားသော အခန်းများစွာတို့လည်းရှိနေကြသည်။

ထိုအတွင်းပိုင်းမှာလည်း လက်နက်ကိုင်လျှက် စောင့်နေသောအစောင့်များ ရှိနေကြသည်။

ထိုနေရာမှာစောင့်နေသော လူတိရစ္ဆာန်များက အရွယ်အစားကြီးပြီး ကြောက်စရာကောင်းသော ကျား၊ ကျားသစ် ဝက်ဝံ စသည်တို့ဖြစ်ကြသည်။

တစ်နေရာရောက်တော့ ထိုထက်ပိုပြီးကြောက်စရာကောင်းသောမြင်ကွင်းတစ်ခုကို မြင်တွေ့ရသည်။

အခြားမဟုတ်ပေ။

အကောင်အရွယ်အစားကြီးသော မြွေပြိတ္တာကြီးတစ်ကောင်ကို တွေ့ရခြင်းဖြစ်သည်။

ခန္ဓာကိုယ်က မြွေပြိတ္တာပင်ဖြစ်သော်လည်း ဦးခေါင်းကတော့ လူဦးခေါင်းပင်ဖြစ်သည်။

ဆံပင်ရှည်များနှင့် ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်သည်။

မြွေပြိတ္တာကြီးက အတွင်းသို့ဝင်လာသော အသံများကြားသောကြောင့် ခေါင်းထောင်ထကြည့်လေသည်။

မော်ဆရာကြီးနှင့် အခြားအစောင့်အချို့ ပါလာသည်ကို မြင်တော့မှ ပြန်ခွေကျသွားလေသည်။





အတွင်းတစ်နေရာရောက်သောအခါ ကင်မရီနှင့် မာရီယာတို့ နှစ်ယောက်တစ်ခန်း၊ ကျန်ယောက်ျား(၅)ယောက် တစ်ခန်းထားပေးပြီးနောက် မော်ဆရာကြီးက သတိပေးသည်။

“သခင်မက သင်တို့ကို ဧည့်သည်လိုသဘောထားပြီး ချက်ချင်း မသတ်သေးပေမယ့် ကောင်းမွန်စွာနေကြပါ၊ သင့်တို့မှာပါတဲ့ မီးပေါက်လက်နက်တွေက ကျွန်ုပ်တို့ကို ဘာမှဒုက္ခပေးလို့မရဘူး၊ မီးပေါက်သေနက်ကြောင့် ဒဏ်ရာရပြီး သေသွားရင်လည်း နတ်ရေကန်က ရေစင်နဲ့ဖျန်းရင် ချက်ချင်းပြန်ရှင်လာနိုင်တယ်၊ ဒါကြောင့် ကောင်းမွန်စွာနေပြီး သခင်မစီမံတဲ့အတိုင်းနာခံပါ”

ဟုပြောဆိုပြီး နောက်မော်ဆရာကြီးနှင့် နောက်လိုက်များက ထိုနေရာမှ ပြန်ထွက်သွားကြလေတော့သည်။

သူတို့အဖို့တော့ လောလောဆယ် အသက်မသေကြသေးသော်လည်း အကျဉ်းသားဘဝသို့ ရောက်ခဲ့ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၄)

# နတ်ရေကန်မှ ထူးခြားဆန်းကြယ်မှုများ

ညဥ့်ဦးပိုင်းအချိန်ရောက်သောအခါ မှော်ဆရာကြီးနှင့် အစောင့်အချို့ရောက်လာပြီး ဒေါက်တာမင်းထင်ကျော်အား ခေါ်သဖြင့် လိုက်သွားရလေသည်။

၎င်းအား ခန်းမဆောင်အချို့မှ ဖြတ်ခေါ်သွားခဲ့ရာ. . နောက်ဆုံးမှာတော့ အပေါ်ဆင့်တစ်နေရာ၌ အခန်းတစ်ခန်းရှိရာသို့ ရောက်သွားလေသည်။

"သင့်အား သခင်မက လက်ခံတွေ့ဆုံပေလိမ့်မယ်၊ အ



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲဝင်သွားပါ”

ဟုပြောသဖြင့် အခန်းထဲသို့ဝင်သွားရာ ကျောက်ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေသော အာယုသိဒ္ဓိကျွန်း သခင်မကို တွေ့ရလေသည်။

နေ့လည်ပိုင်းကတွေ့ရသည့်အတိုင်း ဦးခေါင်းနှင့် မျက်နှာပေါ်၌ အဝတ်တစ်ထည် လွှမ်းခြုံထားလေသည်။

အနက်ရောင်ပုဝါဖြစ်နေသောကြောင့် မျက်နှာကိုတော့ ယခုထိ မမြင်ရသေးပေ။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တိရစ္ဆာန်တစ်ကောင်၏ ဦးခေါင်းများ တပ်ဆင်ထားသလားဟု ထင်နေမိသည်။ ဒေါက်တာမင်းထင်ကျော် ဝင်သွားသောအခါ ရှေ့၌ အဆင်သင့်ချထားသော ကျောက်ကုလားထိုင်၌ အထိုင်ခိုင်းသဖြင့် ဝင်ထိုင်လိုက်သည်။

“သင့်အမည် ဘယ်လိုခေါ်သလဲ”

“မင်းထင်ကျော်လို့ ခေါ်ပါတယ်”

“သင့်အနေနဲ့ ဒီနေရာကို ဘယ်လိုရည်ရွယ်ချက်နဲ့ . . ရောက်လာတာလဲ”

“နတ်ရေကန်ကို တွေ့မြင်လိုသဖြင့် ရောက်လာခြင်းဖြစ်ပါတယ်”

“ခရီးဝေးကနေ ဒီနေရာရောက်တဲ့အထိ အန္တရာယ်အမျိုးမျိုးကိုကျော်ဖြတ်ပြီး ရောက်အောင်လာနိုင်တဲ့ သင်တို့ရဲ့ ဇွဲသတ္တိကိုတော့ ချီးကျူးပါတယ်”





“ကျွန်တော်တို့က ဒီမှာရှိတဲ့ နတ်ရေကန်နဲ့ လူတွေကို အန္တရာယ်ပြုဖို့ လာတာမဟုတ်ပါဘူး၊ နတ်ရေကန်ကို ကြည့်ခွင့်ပေးပါ”

“နတ်ရေကန်ရှိတဲ့နေရာကို သက်ဆိုင်သူတွေပဲ သွားလို့ရတယ်၊ ဘာကြောင့်သွားချင်တာလဲ”

“အသက်ရှည်ချင်လို့ပါ”

ဒေါက်တာမင်းထင်ကျော်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။

“နတ်ရေကန်က ရေစင်ကို ရရုံနဲ့ အသက်မရှည်နိုင်ပါဘူး၊ ရေစင်ရဲ့အစွမ်းက. . ရောဂါနဲ့ဒဏ်ရာတွေကို ချက်ချင်းပျောက်ကင်းစေပါတယ်၊ လူတစ်ယောက်ရဲ့ ဦးခေါင်းကို ဖြတ်ပြီး နတ်ရေစင်နဲ့ပြန်တပ်ရင် အကောင်းပကတိဖြစ်ပြီး အသက်ပြန်ရှင်လာစေတဲ့ အစွမ်းသတ္တိမျိုးရှိပါတယ်”

“အံ့သြစရာပဲ”

“မကြာခင် သင်တို့ကို လက်တွေ့ပြပေးပါ့မယ်၊ သင်တို့အတူပါလာတဲ့ လူတစ်ယောက်ရဲ့ဦးခေါင်းကို ဖြတ်ပြီး တိရစ္ဆာန်တစ်ကောင်ရဲ့ဦးခေါင်းနဲ့ ပြန်ဆက်ပြီး အသက်ပြန်ရှင်အောင် လုပ်ပြပါ့မယ်”

ထိုစကားကြောင့်. . ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားလေသည်။ သို့သော် ဟန်မပျက်ပင် နေလေသည်။

“အတူပါလာတဲ့ မိန်းမနှစ်ယောက်က သင်တို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အနည်းငယ်စဉ်းစားပြီး မှ. .

"ချစ်သူတွေ ဖြစ်ပါတယ်"

ဟု ပြန်ပြောလိုက်သည်။

"နတ်ရေကန်ရောက်တဲ့အခါမှ သင့်အနေနဲ့ ဘယ်သူကို ရွေးချယ်ပေးမလဲ"

"ကျွန်တော်နဲ့ အတူပါလာတဲ့ သူတွေကိုတော့ ဘယ်သူ မှ အန္တရာယ်မပေးပါနဲ့၊ သေရမယ်ဆိုရင် ကျွန်တော့်ကိုပဲသတ် ပါ"

"သင်ဟာ ခေါင်းဆောင်ပီသတဲ့ လူတစ်ယောက်ပါပဲ သင့်အနေနဲ့ ဘာများတောင်းဆိုချင်ပါသလဲ"

"လောလောဆယ်. . သခင်မမျက်နှာကို ကြည့်လိုပါ တယ်"

"ကျွန်ုပ်မျက်နှာကို ကြည့်ခွင့်ရသူဟာ ကျွန်ုပ်ရဲ့ ကြင် ဘက်ဖြစ်မှ ကြည့်ခွင့်ရပါတယ်၊ သင့်ကို ကျွန်ုပ် နှစ်သက်ပါတယ် ဒီတော့ ကျွန်ုပ်ပြောတာကို လက်ခံသဘောတူမယ်ဆိုရင် ကျွန်ုပ် မျက်နှာပေါ်ကပုဝါကို သင့်လက်နဲ့ ဖယ်ကြည့်ခွင့်ပေးပါတယ်"

သို့သော် ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုအ လုပ်ကို မလုပ်လို့ပေ။

အကယ်၍ အခွင့်အရေးရခိုက် အသုံးမချမိပါက မိမိနှင့် ပါလာသူတွေ ဒုက္ခရောက်မည်ကိုလည်း စိုးရိမ်နေမိသည်။

သို့ကြောင့် နောက်မှမီးစင်ကြည့် ကတော့မည်ဟု ဆုံး





ဖြတ်ချက်ချသည်။

ရန်သူ့လက်တွင်းရောက်နေစဉ်မှာ ရန်သူနှင့် ဆန့်ကျင် ဘက် မပြုလုပ်မိခြင်းက အရေးအကြီးဆုံး အခြေအနေဖြစ် သည်။

အလိုက်သင့်နေပြီး အခွင့်အရေးရတော့မှ ထွက်ပေါက် ရှာခြင်းက ပိုကောင်းမည်ဟုလည်း တွေးမိသည်။

ရှေးတိုးရန်အတွက် နောက်တစ်လှမ်းဆုတ်ပြီး အားယူ သည့်နည်းဗျူဟာကို သုံးမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

ထိုသို့ဆုံးဖြတ်ပြီး နေရာမှထကာ သခင်မထိုင်နေသော နေရာသို့ လျှောက်သွားသည်။

ထိုအခိုက်အတန့်မှာ သူ့အတွက် စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်နေသည်။

အနီးရောက်သောအခါ သခင်မဦးခေါင်းပေါ်မှာ ဖုံး အုပ်ထားသော ပုဝါကိုဖယ်ကြည့်လိုက်သည်။

"ဟင်. ."

များစွာတုန်လှုပ်သွားလေသည်။

သခင်မျက်နှာမှာ ချောမောလှပသော မျက်နှာမျိုးတော့ မဟုတ်ပါချေ။

ဘီလူးမတစ်ကောင်၏ မျက်နှာမျိုးကဲ့သို့ ကြောက်စရာ ကောင်းသောမျက်နှာမျိုး ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဘီလူးမပင် ဖြစ်မည်ဟု ထင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခြေအနေက ပြန်ဆုတ်၍မရတော့ပေ။

လွန်သွားခဲ့ပေပြီ။

"ဘယ်လိုလဲ သင်အနေနဲ့ ကျွန်ုပ်မျက်နှာကိုမြင်တဲ့အခါ များစွာကြောက်ရွံ့တုန်လှုပ်သွားပြီလား"

ဘာမှပြန်မပြောဘဲ ကြည့်နေသည်။

"အခု ဘယ်လိုဆုံးဖြတ်ချင်ပါသလဲ"

"ကိုယ်ပြောတဲ့စကားတစ်ခွန်းအပေါ်မှာ တာဝန်ယူနိုင်မှ ယောကျ်ားကောင်းဖြစ်ပါတယ်၊ ခင်ဗျားအနေနဲ့ ဘယ်လိုပဲရှိနေနေ ကျွန်တော်လက်ထပ်ပါ့မယ်"

"ကောင်းပါပြီ၊ ဒီစကားကြားရတာ ဝမ်းသာပါတယ်... နောက် (၇)ရက်ပြည့်တဲ့နေ့မှာ လက်ထပ်ပွဲကျင်းပပါမယ်၊ အဲဒီနေ့ကျရင် သင်နှစ်သက်တဲ့မျက်နှာမျိုး ဖြစ်စေရပါမယ်"

ဟု ပြောလေသည်။

ထို့နောက်မှာတော့ နောက်တစ်နေ့ မနက်ပိုင်းအချိန်တွင် နတ်ရေကန်သို့ သွားရောက်ကြည့်ရှုခွင့် ရမည်ဖြစ်ကြောင်း ပြောပြီး ပြန်လွှတ်လိုက်သဖြင့် မိမိနေသောနေရာသို့ ပြန်လာခဲ့လေသည်။

အခန်းသို့ ပြန်ရောက်ပြီး မိမိအဖော်များနှင့်တွေ့သော အခါ အခြေအနေကို ပြန်ပြောပြလိုက်သည်။

"မောင်မင်းထင်ကျော်ရဲ့ စေတနာကို နားလည်ပါတယ် ဒါပေမယ့် ဘီလူးမနဲ့တော့ လက်မထပ်ပါနဲ့"

ဟုဆရာကြီး သူရဇ္ဇက စိတ်မကောင်းသောအသံဖြင့်





ပြောသည်။

"ဟုတ်တယ် မောင်ထင်ကျော် ကျုပ်တို့အားလုံးအတွက်တော့ ဒီလောက်အနစ်နာမခံပါနဲ့"

ဦးဗန်ကောင်းကပါပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"ကျွန်တော်လည်း လုပ်ချင်လို့ လုပ်ရတာမဟုတ်ပါဘူး၊ အခွင့်အရေးမရခင်မှာ ကိုယ်ဆီကအခွင့်အရေးတစ်ခုကို အသုံးချတဲ့ သဘောမျိုးပါပဲ"

"ဒါပေမယ့် ဆရာရယ်၊ ဘီလူးမမျက်နှာနဲ့ ကြောက်စရာကောင်းတဲ့မိန်းမတစ်ယောက်နဲ့ အတူတူနေဖို့ဆိုတာ ကျွန်တော်ဖြင့် တွေးတောင်မတွေးဝံ့ပါဘူး"

ဟုကျော်စွာကပါ ဝင်ပြောလေသည်။

"အခြေအနေဆိုတာ တစ်သမတ်တည်းရှိနေတာမျိုး မဟုတ်တော့ အခြေအနေအရလုပ်ရင်း အခွင့်ကောင်းစောင့်ကြရမှာပေါ့"

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါမှာဆရာကြီး အာယုသခ်နှင့် လူတိရစ္ဆာန်အချို့ရောက်လာပြီး သူတို့လေးယောက်ကို လာခေါ်လေသည်။

ဒီပကကိုတော့ မခေါ်ဘဲ ထိုအခန်းမှာပင် ထားခဲ့လေသည်။

သူတို့ကိုခေါ်သွားသော နေရာမှာ ထူးခြားဆန်းကြယ်သော နေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံဘေးပတ်လည်တွင် တောင်မြင့်ကြီးများ ဝန်းရံထားလေသည်။ ကျောက်တောင်ကြီးများမှာ မြင့်လွန်းသောကြောင့် တောင်ထိပ်ကိုပင် မမြင်ရပေ။

ထိုနေရာ၌ရှိသော. . သစ်တောများအတွင်း၌ရှိသော သစ်ပင်တို့မှာလည်း ပုံသဏ္ဌာန်အားဖြင့် မြင်ဖူးတွေ့ဖူးသော သစ်ပင်များမဟုတ်ကြပေ။

ကမ္ဘာဦးသစ်ပင်ကြီးများကဲ့သို့ မြင့်မားလှသည်။

ပင်စည်တို့မှာလည်း ထွားကျိုင်းလှသည်။

ထိုနေရာရောက်သောအခါ သခင်မနှင့် မှော်ဆရာကြီးတို့က ရှေ့မှဦးဆောင်ခေါ်သွားပြီး သူတို့လေးယောက်က နောက်မှလိုက်သွားကြသည်။

သူတို့နောက်မှာတော့ လက်နက်များကိုင်ထားသော လူတိရစ္ဆာန်များက နောက်မလှမ်းမကမ်းမှ လိုက်လာကြသည်။

၄င်းတို့ အမူအရာများမှာ ရန်လိုနေကြသည်။,

အကယ်၍သာ. . . သခင်မနှင့် မှော်ဆရာကြီးတို့နှစ်ယောက်သာ မပါပါက သူတို့လေးယောက်စလုံးကို တစ်စစီဖြစ်အောင် ကိုက်ဖဲ့စားသောက်လိုသော ဟန်အမူအရာများ ပေါ်နေကြလေသည်။

ရှေ့မှကျောပေးလျှောက်နေသော အခြေအနေကိုပင် ကျောမလုံသကဲ့သို့ ခံစားမိလေသည်။

ထိုသို့လျှောက်သွားရင်းမှ တစ်နေရာရောက်တော့ ကျောက်တံတားတစ်ခုရှိရာသို့ ရောက်သွားသည်။





ကျောက်တံတားထိပ်မှာလည်း ကြီးမားသော မြွေပြိတ္တာကြီးနှစ်ကောင်က စောင့်နေကြသည်။

တံတားအနီးသို့ရောက်သွားတော့ ခေါင်းထောင်ထလာပြီး ကြည့်သည်။

ထိုအခါ မှော်ဆရာကြီးက ၄င်းလက်ထဲမှာ ကိုင်ထားသော တောင်ဝှေးဖြင့် ဝှေ့ယမ်းပြသောအခါ တအိအိနှင့် ဘေးသို့ဖယ်ပေးကြသည်။

အကယ်၍ ထိုမြွေပြိတ္တာကြီး ဖယ်မပေးပါက တံတားပေါ်သို့ တက်၍မရပေ။

မြွေပြိတ္တာကြီးနှစ်ကောင် ဖယ်ပေးတော့မှ ကျောက်တံတားပေါ်မှ ဖြတ်လျှောက်သွားကြလေသည်။

ကျောက်တံတားမှာ လေးပေခန့်သာကျယ်ပြီး လူတစ်ယောက်နှစ်ယောက် သွားသာရုံသာရှိသည်။

ဒီဘက်ကျောက်တောင်မှ ဟိုဘက်ကျောက်တောင်ရောက်အောင် ဖြတ်ကူးနိုင်စေရန် သဘာဝအလျှောက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထိုတံတားပေါ်မှ လျှောက်သောအခါ. . သတိထားပြီး လျှောက်ရသည်။ အောက်သို့ မကြည့်ဝံ့ပေ။

အောက်ကိုကြည့်လျှင်လည်း မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် ဘာမှမမြင်ရပေ။

အပေါ်သို့ ထိုးထွက်နေသော တောင်ထိပ်နှင့်တူသော ကျောက်စွန်းအချို့လောက်သာ တစွန်းတစမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ရေခဲတမျှအေးလှသော လေကလည်း အဆက်မပြတ် တိုက်ခတ်နေလေသည်။

ထိုသို့အေးလှစေကာမူ ကျောက်တံတားပေါ်မှ ဖြတ်သည့်အခါ အသည်းတနွေးနွေးနှင့်ရှိသောကြောင့် အေးသည်ကိုပင် သတိမပြုမိကြပေ။

နောက်ဆုံးမှာတော့ တစ်ဖက်၌ရှိသော တောင်ထိပ်ပေါ်သို့ ရောက်သွားကြသည်။

ထိုတောင်ထိပ်ပေါ်မှာလည်း ရေခဲတမျှ အေးလှသောလေကတဝူးဝူးတိုက်ခတ်နေသောကြောင့် အေးစိမ့်နေသည်။

တောင်ထိပ်မှာ မကျယ်ဝန်းလှပေ။

ညီညာပြန့်ပြူးသော မျက်နှာပြင်ရှိပြီး အလယ်နေရာလောက်မှာတော့ ကျောက်ရေကန်တစ်ကန်ရှိသည်။

ထိုကျောက်ရေကန်ထဲမှာတော့ ကြည်လင်သောရေများရှိနေပြီး မိုးပေါ်မှရေစက်များကလည်း ထိုကျောက်ရေကန်အတွင်းသို့ အဆက်မပြတ်ကျဆင်းနေသည်။

မည်သည့်နေရာက ကျနေသည်တော့ မသိရပေ။

အပေါ်မှာတော့ ထိုနေရာသို့အုပ်မိုးနေကြသော. . . တောင်မြင့်ကြီးများရှိသည်။

မြူနှင်းများရှိနေသောကြောင့် တောင်ထိပ်ကို မမြင်ရသော်လည်း ထိုတောင်ထိပ်များမှ စီးကျလာသော ရေစက်များက ကျောက်ရေကန်အတွင်းသို့ တည့်တည့်ကျနေခြင်းဖြစ်ဟန်တူသည်။





ထူးဆန်းသည်မှာ. . . အပေါ်မှ ရေစက်များက မိုးရေစက်များပမာ အဆက်မပြတ်ကျဆင်းနေသော်လည်း ကျောက်ရေကန်ကတော့ ပြည့်လာသည်မရှိဘဲ ပကတိအတိုင်းသာပင်ရှိနေသည်။

ထိုနေရာရောက်တော့ ရပ်လိုက်ကြပြီး သခင်မက ပြောပြသည်။

“ဒီရေကန်ဟာ သာမန်မဟုတ်ဘူး၊ နတ်ရေကန်လို့ခေါ်တဲ့ အာယုသိဒ္ဓိရေကန်ပါပဲ”

ရေကန်က အလျားအနံ လေးပေပတ်လည်ခန့်ရှိပြီး အောက်ခြေအနက်ကိုတော့ မမြင်ရပေ။

“ရေစက်တွေက ဘယ်နေရာက ကျနေတာပါလဲ”

“ရှေးအဆက်ဆက် ယုံကြည်လက်ခံထားတာကတော့ နတ်တွေ ဩသဓဆေးရည်တွေ ထည့်ပေးကြတယ်လို့ ယုံကြည်ကြတယ်၊ နောက်တစ်ချက်က မမြင်ရတဲ့ ကျောက်တောင်အမြင့်တွေရဲ့အပေါ်မှာ သိဒ္ဓိရှိတဲ့ ဂမုန်းပင်၊ ဆေးပင်တွေ အများကြီးရှိတယ်”

အားလုံးက အပေါ်မော့ကြည့်ကြသော်လည်း မမြင်ရပေ။

“အဲ့ဒီဆေးပင်၊ ဂမုန်းပင်တွေမှာ လိမ်းကျံနေတဲ့ နှင်းစက်တွေက အရည်ပျော်ပြီး ဒီရေကန်ထဲကျတဲ့အခါကျတော့ ဆေးပေါင်းခတဲ့ ဩသဓ ဆေးရည်ဖြစ်နေတယ်လို့လည်း ဆိုနိုင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်မှာ များစွာဆီလျော်သော အကြောင်းဖြစ်နိုင်သည်ဟု စိတ်ထဲမှာထင်မိလေသည်။

“ဒီဆေးရည်ရဲ့ အစွမ်းသိဒ္ဓိက ဘယ်လောက်ရှိပါသလဲ”

“သင်တို့ထင်သလို ဒီဆေးရည် သောက်ရုံနဲ့တော့ အသက်မရှည်နိုင်ပါဘူး၊ ဒီဆေးရည်ရဲ့ အစွမ်းသိဒ္ဓိက ရောဂါမျှသမျှ ပျောက်ပါတယ်၊ ဒဏ်ရာတွေကို ပျောက်ကင်းစေနိုင်တယ်”

“ဘယ်လိုဒဏ်ရာတွေပျောက်တာလဲ”

“လည်ပင်းဖြတ်ပြီး ပြန်ဆက်ရင်တောင် အသက်ပြန်ရှင်လာစေပါတယ်”

ဟု ပြောပြသည်။

ထို့နောက်မှာတော့ လူတိရစ္ဆာန်များက လူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာသည်။

အခြားသူမဟုတ်ပေ။

သူတို့နှင့် အတူပါလာသော ဒီပကပင်ဖြစ်သည်။

ဒီပကကို ကြိုးနှင့်တုပ်ကာ ခေါ်လာခြင်းဖြစ်လေသည်။

ထိုအခြေအနေကိုမြင်တော့ ဒေါက်တာမင်းထင်ကျော်တို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

“သူ့ကိုဘာလုပ်ကြမှာလဲ”

“သူ့ကိုမသတ်ပါဘူး၊ သူ့ရဲ့ မူလဘဝပြန်ရောက်အောင်လုပ်ပေးမလို့ပါ၊ သူက မျက်နှာကသာ သူ့မျက်နှာဖြစ်နေပေမယ့် ကိုယ်ခန္ဓာက သူ့ရဲ့ကိုယ်ခန္ဓာမဟုတ်ပါဘူး”





ဟုတ်ပေသည်။

ဒီပက၏ ကိုယ်ခန္ဓာမှာ မျောက်ဝံတစ်ကောင်၏ ကိုယ်ခန္ဓာမျိုးဖြစ်နေလေသည်။

“သူ့ကို လူတောထဲပြန်မသွားနိုင်အောင် မျောက်ဝံရဲ့ ခန္ဓာကိုယ်နဲ့ လဲပေးထားတယ်၊ ဒါပေမယ့် သူကတစ်နည်းနည်းနဲ့လွတ်မြောက်သွားခဲ့တယ်၊ ဒါကြောင့် သင်တို့ကိုလမ်းပြပြီး ဒီနေရာကို ခေါ်လာနိုင်ခဲ့တာ ဖြစ်ပါတယ်”

သခင်မက ဒီပကကိုကြည့်ကာ ပြောပြနေစဉ်မှာပင် အခြားတစ်ယောက်နေရာမှာ လူတစ်ယောက်ကိုယ်ခန္ဓာနှင့် မျောက်ဝံဦးခေါင်းဖြင့် တွဲထားသော လူတစ်ယောက်ကို ခေါ်လာသည်။

ထိုသူမှာလည်း ရုန်းကန်ရင်းနှင့် ပါလာခြင်းဖြစ်သည်။

“ငါ့ကို ဒီအတိုင်းပဲထားပါ၊ ထားပေးပါ”

ဟု မပီမသအသံဖြင့် အော်ပြောနေသည်။

သို့သော်လည်း လူတိရစ္ဆာန်တို့က ဝိုင်းဝန်းချုပ်နှောင်ပြီး ကျောက်ဖျာပေါ်သို့ ပက်လက်အနေအထားဖြင့် တင်ကာ. . . လက်နှင့်ခြေထောက်များကို ကြိုးဖြင့်တုပ်နှောင်ထားလိုက်သည်။

ထိုနေရာနှင့် မနီးမဝေးမှာရှိသော ကျောက်ဖျာပေါ်သို့ ဒီပကကိုတင်ကာ ကြိုးဖြင့်တုပ်နှောင်ထားလိုက်ကြသည်။

ဒီပကကလည်း ရုန်းကန်အော်ဟစ်နေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုမြင်ကွင်းကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမကောင်းပါက တစ်ခုခုပြုလုပ်ရန်လည်း ပြင်ဆင်ထားကြသည်။

ထိုအခြေအနေကို သတိပြုမိဟန်ဖြင့် မှော်ဆရာကြီးက ပြောသည်။

"သူ့အတွက် မစိုးရိမ်ပါနဲ့၊ မကြာခင်. . သူ့ရဲ့ဘဝမှန်ကို ပြန်ရောက်သွားပါလိမ့်မယ်"

ဟုပြောပြီး မှော်ဆရာကြီးက ထိုနေရာသို့ လျှောက်သွားလေသည်။

နတ်ရေကန်နားမှာတော့ မှော်ဆရာကြီးနှင့် အခြားနှစ်ယောက်သာရှိနေသည်။

ခဏကြာသောအခါ ဒီပကနှင့် လူတစ်ပိုင်း မျောက်တစ်ပိုင်းဖြစ်နေသူတို့နှစ်ယောက်စလုံးကို လည်ပင်းဖြတ်ချလိုက်ရာ ခေါင်းတခြားကိုယ်တခြား ဖြစ်သွားတော့သည်။

ထိုဦးခေါင်းပြတ်နှစ်လုံးကို ပြန်ကောက်ယူပြီး လဲတပ်လိုက်သည်။

ထို့နောက် နတ်ရေကန်မှ ရေကိုခပ်ယူကာ လည်ပင်းပြတ်နေရာသို့ လောင်းချပေးလိုက်သောအခါ အဖြူရောင် မီးခိုးငွေ့များထွက်လာလေသည်။

ခန္ဓာကိုယ်နှစ်ခုစလုံးမှာလည်း ကျင်စက်နှင့်အတို့ခံရ သကဲ့သို့ တဆတ်ဆတ်တုန်နေတော့သည်။

အတန်ကြာတော့မှ ငြိမ်ကျသွားကြလေသည်။

မှော်ဆရာကြီးက ၎င်းတို့ကိုယ်များပေါ်သို့ အဝတ်ဖြ





များလွှမ်းခြုံပေးကာ သူတို့ရှိရာသို့ ပြန်လျှောက်လာလေသည်။ သခင်မရှေ့သို့ ရောက်သောအခါ အရိုအသေပေးလိုက်သည်။

"မူလအတိုင်းဖြစ်အောင်. . . ဆောင်ရွက်ပေးပြီးပါပြီ သခင်မ"

ဟုပြောသည်။

သခင်မက ဦးခေါင်းတစ်ချက်ညိတ်ပြပြီး သူတို့ဘက်သို့ လှည့်ပြောလေသည်။

"အခုဆိုရင် လူကလည်း လူကိုယ်နဲ့လူဦးခေါင်း၊ မျောက်ဝံကလည်း မျောက်ဝံကိုယ်ခန္ဓာနဲ့ မျောက်ဝံဦးခေါင်း ပြန်ဖြစ်သွားပါပြီ၊ သုံးရက်မြောက်တဲ့နေ့ရောက်ရင် သူတို့သတိပြန်ရလာပြီး ဘဝမှန်အတိုင်း ပြန်ဖြစ်လာကြပါလိမ့်မယ်"

"ဘာကြောင့် ဒီလိုပြောင်းလဲထားရတာပါလဲ"

"တိရစ္ဆာန်က လူတစ်ပိုင်း ဖြစ်နေတော့ ခိုင်းချင်တာခိုင်းလို့ရတယ်၊ လူက တိရစ္ဆာန်တစ်ပိုင်းဖြစ်နေတော့ ဒီနေရာက မပြန်နိုင်အောင် စီမံထားတာပါ"

ဒေါက်တာမင်းထင်ကျော်တို့ကတော့. . "အတော်ကို ရက်စက်ယုတ်မာသော အကြံအစည်မျိုးဖြစ်သည်"ဟု မှတ်ချက်ချမိကြသော်လည်း တွေတွေထူးထူးတော့ ဘာမှပြန်မပြောကြတော့ပေ။

ထို့နောက် သခင်မက ဒေါက်တာမင်းထင်ကျော်တို့အား နတ်ရေကန်အနီးသို့ခေါ်သွားကာ ကျောက်စင်ပေါ်၌ တင်ထားသူများကို အဝတ်လှန်ပြရာ သတိမေ့နေသေးသော်လည်း အေးဖြင့်

www.burmeseclassic.com



ဖြတ်ထားသော လည်ပင်းနေရာများမှာတော့ အစင်းရာပင်
တော့ပဲ မူလပကတိ အကောင်းအတိုင်း ပြန်ဖြစ်နေသည်
အံ့သြဖွယ်ရာ တွေ့မြင်ကြရလေတော့သည်။

လောကတွင် ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီ
သော ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များ၊ အကြော
အရာတို့မှာ နေရာအနှံ့အပြား၌ ရှိနေကြပေတော့သည်။





အခန်း (၁၅)

# အသက်ရှည်စေနိုင်သော ဆေးနည်းများ

အာယုသိဒ္ဓိကျွန်းသို့ရောက်ပြီးနောက် ဒေါက်တာ မင်းထင်ကျော်အနေဖြင့် ဘီလူးမကဲ့သို့ အရုပ်ဆိုးအကျည်းတန်သော သခင်မနှင့်လက်ထပ်ရန် သဘောတူခဲ့ကြပြီးနောက်တွင် အားလုံး လွတ်လပ်ခွင့်ရခဲ့ကြသည်။

ထိုသို့လွတ်လပ်ခွင့်ရသည်နှင့် အမျိုးသမီးနှစ်ယောက်တို့ကို သီးခြားထားသောအခန်းရှိရာသို့ သွားကြည့်ကြသည်။

ထိုအခန်းမှာ သူတို့နေသောအခန်းနှင့် မဝေးလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် ရောက်သွားသောအခါ အခန်းထဲမှာ လူရိုင်းမလေး ကင်မရီတစ်ယောက်သာ တွေ့ရတော့သည်။

"မာရီယာ ဘယ်ရောက်သွားပြီလဲ"

"ညကတည်းက သူတို့လာခေါ်သွားကြတယ်"

"ဟင်. ."

ဒေါက်တာမင်းထင်ကျော်မှာ မာရီယာအတွက် များစွာ စိတ်ပူသွားလေသည်။

သူနှင့် မာရီယာမှာ ချစ်သူများ မဟုတ်ပေ။

ထိုခရီးသို့ မာရီယာက သူ့သဘောနှင့်သူ လိုက်လာခြင်း ပင်ဖြစ်သည်။

သို့သော်လည်း ခရီးလမ်းတစ်လျှောက်လုံး ရက်အတော်ကြာသည်အထိ အတူတကွ ရှိနေခဲ့ပြီးမှ ယခုကဲ့သို့ ပျောက်သွားသောအခါ စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်သွားလေသည်။

"သူတို့ မာရီယာကို တစ်ခုခုလုပ်လိုက်ကြပြီလား"

ကျော်စွာက ပြောလိုက်သည်။

"မာရီယာကို တစ်ခုခုလုပ်ရင်တော့ အဲ့ဒီဘီလူးမကို ငါ သတ်ရလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော်က အံကြိတ်ကာ ပြောလိုက်သည်။

ထို့နောက်မှာတော့ တစ်ယောက်တည်း ကျန်နေသော ကင်မရီအား သူတို့နေသောအခန်းသို့ ခေါ်ထားလေသည်။ ကင်





မရီလည်း ထိုအခါမှ ကြောက်ရွံ့စိတ်ပြေလျော့သွားဟန် ရှိလေသည်။

အဆိုးထဲက အကောင်းဟုခေါ်ရပေတော့သည်။

နောက်တစ်နေ့မှာတော့ မှော်ဆရာကြီး အာယုသခ်ိက ၄င်းတို့နေရာရောက်လာပြီး ပြောကြသည်။

"သင်တို့က နတ်ရေကန်ထဲက အသက်ရှည်ဆေးရည် အလို့ရှိလို့လာကြတယ်၊ တကယ်တော့ နတ်ရေကန်ထဲမှာရှိတဲ့ ဆေးရည်က ခန္ဓာကိုယ်ချင်းလဲမှ ဆက်ပြီးအသက်ရှည်နိုင်တယ်"

သူတို့ကတော့ ဘာမှပြန်မပြောဘဲနှင့် နားထောင်နေကြသည်။

"ကျွန်ုပ်တို့ဆီမှာ အသက်ရှည်စေနိုင်တဲ့နည်းတွေ ရှိပါတယ်"

"ဘယ်လိုနည်းမျိုးတွေလဲ"

ဆရာကြီး သူရဋ္ဌမေးလိုက်သည်။

"ကမ္ဘာဦးဆေးကျမ်းတွေထဲက အသက်ရှည်စေနိုင်တဲ့ နည်းတွေကို အသုံးပြုရင် ရပါတယ်"

"အဲ့ဒီဆေးကျမ်းတွေက ဘယ်မှာရှိပါသလဲ"

"ကျွန်ုပ်တို့ဆီမှာ ရှိပါတယ်၊ ခင်ဗျားတို့က သခင်မရဲ့ ဧည့်သည်တွေဖြစ်တဲ့အတွက် ကြည့်ခွင့်ပေးပါတယ်"

"ဒီလိုဖြင့် ကျေးဇူးတင်ရတော့မှာပဲ"

"ကျွန်ုပ်နောက်က လိုက်ခဲ့ကြပါ"

ဟုခေါ်သဖြင့် ဆရာကြီးသူရဋ္ဌနှင့် ဦးပန်ကောင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရန်ပြင်ကြသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းထဲမှာ ကျော်စွာနှင့် ကင်မရီတို့နှစ်ယောက် လွတ်လပ်စွာနေကြစေရန်အတွက် ဆရာကြီးတို့နှင့် လိုက်သွားလေသည်။

မော်ဆရာကြီးက . . ၄င်းတို့သုံးယောက်ကို ကျောက်တောင်အမြင့်တစ်နေရာတွင်ရှိသော ကျောက်ဂူတစ်ဂူရှိသော နေရာသို့ ခေါ်သွားလေသည်။

ထိုဂူသို့ရောက်စေရန် ကျောက်လှေခါးထစ်များမှ တက်သွားရသည်။

ကျောက်တောင်နံရံ၌ ခရုပတ်သဏ္ဌာန်ပြုလုပ်ထားသော ကျောက်လှေခါးထစ်များမှာ လူတစ်ယောက် တက်သာဆင်းသာရုံသာရှိပြီး နံဘေး၌ အကာအရံမရှိပေ။

သို့ကြောင့်သတိဖြင့်တက်ကြရသည်။

အပေါ်ရောက်သောအခါ အလင်းရောင် ကောင်းစွာရသောကျောက်ဂူအတွင်းသို့ ရောက်သွားလေသည်။

လေးထောင့်ပုံသဏ္ဌာန်ဖြစ်နေသော ကျောက်ဂူအလယ်တွင် ကျောက်စားပွဲဝိုင်းကြီးရှိပြီး ထိုင်ရန်ခုံများလည်းရှိသည်။

ထိုင်ခုံများကိုတော့ ကြိမ်၊ ဝါး၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသည်။

အခန်းနံရံနှင့် အလယ်နေရာများမှာတော့ ကြီးမားသော စာအုပ်တင်ရန် စင်ကြီးများရှိသည်။





ထုထည်ကြီးမားသော စာအုပ်စင်ကြီးများပေါ်မှာတော့ မြောက်များစွာသော စာအုပ်များ၊ ပေစာ၊ ပုရပိုဒ်တို့ကို တွေ့ရမြင်ရသည်။

လူသူအရောက်အပေါက်နည်းသောနေရာတွင် ထိုမျှကြီးကျယ်လှသော စာကြည့်တိုက်ကြီးကို မြင်ရသောအခါ များစွာအံ့သြမိကြလေသည်။

မော်ဆရာကြီးက ကြည့်ရှုခွင့်ပေးသဖြင့် သုံးယောက်သား စာအုပ်စင်များကို လိုက်လံကြည့်ရှုကြသည်။

စာအုပ်အတော်များများမှာ ပါဠိဘာသာ၊ သက္ကတဘာသာဖြင့် ရေးထားကြခြင်းဖြစ်၏။

အိန္ဒိယဘာသာဖြင့် ရေးထားသော စာအုပ်များလည်း အချို့ရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဆရာကြီး သူရဋ္ဌတို့က သက္ကတဘာသာ တတ်ကျွမ်းပြီး၊ ဦးဇန်ကောင်းက ပါဠိဘာသာကျွမ်းကျင်သဖြင့် မိမိတို့နားလည်သော ဘာသာဖြင့် ရေးထားသောစာအုပ်များကို ယူကြည့်ကြသည်။

စာအုပ်များကတော့ မျိုးစုံလှသည်။

နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ လက္ခဏာကျမ်း၊ သျှတ္တရကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ယောဂကျင့်စဉ်ကျမ်း၊ ပယောဂကျမ်း၊ အစီအရင်ကျမ်း စသည်တို့ကို တွေ့ကြရသည်။

နက္ခတ်ဗေဒနှင့် ပတ်သက်လျှင် စံနမူနာထားရသော ဗြဟတ်သံဟိတာကျမ်း၊ မရာသရတန္တရကျမ်း၊ ပဉ္စသိဒ္ဓန္တကျမ်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ဖြင့် မြောက်များစွာသော ရှေးဟောင်းကျမ်းတို့ကို တွေ့ရသည်။

လက္ခဏာကျမ်းများတွင်လည်း မူရင်းလက္ခဏာမှ အခြေပြားကို ဆေးစိမ်ပြထားပြီး ကျမ်း၌ဖော်ပြထားသော အချက်အလက်တို့နှင့် နှိုင်းယှဉ်ဖော်ပြထားလေသည်။

၎င်းအချက်အလက်များ အားလုံးတို့ကို ဗြို့ဟဇ်သံဟိတာကျမ်းတွင် လေ့လာကြည့်ပါက ပြည့်စုံစွာ သိနိုင်လေသည်။

ဗြို့ဟဇ်သံဟိတာကျမ်းမှာ သက္ကတ ဘာသာဖြင့် ရေးသားထားသောကျမ်းဖြစ်သည်။

ထို့ပြင် ဆေးပညာနှင့်ပတ်သက်၍ ရေးသားပြုစုထားသော ရှေးဟောင်းဆေးကျမ်းများတွင် အပြည့်စုံဆုံးဟု ညွှန်းဆိုရမည်ဖြစ်သော စရကသံဟိတာကျမ်း၊ သုဿုတသံဟိတာကျမ်း ဝါဂ္ဘဋသံဟိတာ ဆေးကျမ်းသုံးကျမ်းကိုလည်း တွေ့ရသည်။

ဆေးကျမ်းများမှာ ပါဠိဘာသာ၊ သက္ကတဘာသာဖြင့် ရေးသားစီရင်ထားလေသည်။

➤ **စရက သံဟိတာကျမ်း၌**

(၁) ကာယ (တစ်ကိုယ်လုံး ကုသမှု)
(၂) သာလကျ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဦးခေါင်းပိုင်းဆိုင်ရာအတတ်)
(၃) သလ္လ (ခွဲစိပ်မှုနှင့် ဝမ်းဆွဲအတတ်)
(၄) အဂဒ (အဆိပ်ဖြေခြင်းနှင့် ပတ်သက်သော အတတ်)





(၅) ဘူတ (စုန်း၊ နတ်၊ ဖုတ်၊ တစ္ဆေ၊ ဝိညာဉ် လောကနှင့် စိတ်ပညာဆိုင်ရာအတတ်)
(၆) ကောမာရဘစ္စ (သူငယ်နာဆိုင်ရာအတတ်)
(၇) ရသာယန (အသက်ရှည်မှုကို စီမံသောအတတ်)
(၈) ဝါဇီကရဏ (ဖိုးမလိင်နှင့်ဆိုင်သောအတတ်) တို့ပါသည်။

သုဿုတသံဟိတာကျမ်းနှင့် ဝါဂ္ဘဋသံဟိတာ ဆေးကျမ်းတို့၌ ရေးသားဖော်ပြထားသော အချက်များမှာလည်း စရကသံဟိတာကျမ်း၌ ရေးသားထားခြင်းနှင့် မကွာခြားပေ။

၎င်းကျမ်းသုံးစောင်ကို ဥာနခွဲဝေကြည့်ပါက. . .

➤ **စရကသံဟိတာကျမ်း၌**

(၁) သုတ္တ (၂) နိဒါန (၃) ဝိမာန (၄) သရီရ (၅) ဣန္ဒြိယ (၆)စိကိစ္ဆာ၊ (၇) ကပ္ပ (၈) သိဒ္ဓိ ဟူ၍လည်းကောင်း၊

➤ **သုဿုတသံဟိတာကျမ်း၌**

(၁) သုတ္တ (၂) နိဒါန (၃) သရီရ (၄) စိကိစ္ဆိတ (၅)ကပ္ပ (၆) ဥတ္တရ ဟူ၍ လည်းကောင်း၊

➤ **ဝါဂ္ဘဋသံဟိတာကျမ်း၌**

(၁) သုတ္တ (၂) သရီရ (၃) နိဒါန (၄) စိကိစ္ဆာ (၅) ကပ္ပသိဒ္ဓိ (၆) ဥတ္တရ ဟူ၍လည်းကောင်း စီစဉ်ခွဲခြားထားသည်ကို တွေ့ကြရသည်။

စရက သံဟိတာကျမ်းကြီး၏ ရသာယနကုထုံးပိုင်းတွင် အသက်ရှည်စေသော ဆေးနည်းများ ပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာမျက်နှာအခက်အခဲကြောင့် အလုံးစုံကို ဖော်ပြပေးနိုင်မည်မဟုတ်ဘဲ ထိုအထဲမှ အသက်တစ်ထောင် ရှည်စေသော ဆေးနည်းနှင့်၊ အသက်တစ်ရာ ရှည်စေသော ဆေးနည်းနှစ်မျိုးကိုသာ ဖော်ပြပေးလိုက်ပါသည်။

(အသက်တစ်ထောင်ရှည်စေသော အာမလုကဃတဆေး)

ကောင်းမြတ်သော မြေ၌ပေါက်သော အနံ့အရသာတို့နှင့်ယှဉ်၍ ရသာရည် သတ္တိဩဇာတို့နှင့် ပြည့်စုံသော ကောင်းစွာမှည့်ပြီးသည့် ဆီးဖြူသီးသတ္တုရည် ပန္နဝါမှုန့်တို့ကို ထောပတ် (၃)ပိဿ (၈၄)ကျပ်သားနှင့် အစီမံအတိုင်းချက်ပါ၊ သိဒ္ဓိဖြစ်သောအခါ ထောပတ်ကိုစစ်ပါ။ . ။

ထိုနောက် ထိုထောပတ်ကို အထက်ပါနည်းအတိုင်း ဖင်ဆီးဖြူသီး သတ္တုရည်၊ ပန္နဝါမှုန့်တို့ဖြင့် ချက်ပါ။ တစ်ဖန်စစ်ပါ။

ဤနည်းအတိုင်း အကြိမ်(၁၀၀)ချက်ပါ။

ထို့နောက် ထောပတ်ကိုစစ်၍ ထိုထောပတ်ကို ဥမ္မန်ဥသတ္တုရည်၊ ဇီဝန္တီမှုန့်တို့ဖြင့် ရှေးကဆိုခဲ့သည့်အတိုင်း အကြိမ်(၁၀၀)ချက်ပါ။

ဤသို့ချက်ရာတွင် အကြိမ်တိုင်း ဥမ္မန်ဥသတ္တုရည် (၁၅)ကျပ်သားမှ (၃၂)ကျပ်သား၊ ဇီဝန္တီမှုန့် (၉၂)ကျပ်သားထည့်ပါ။ ထို့နောက် ထောပတ်ကိုစစ်၍ ထောပတ်ထက် (၄)ဆ၊ နို့ရည်ရွှေတံတိုင်းမြစ်၊ ဝက်ချေး၊ ပန်ပြုတ်ရည်၊ ကညွတ်မှုန့်တို့ဖြင့် ရှေးကဆိုခဲ့သည့်အတိုင်း အကြိမ်(၁၀၀)ချက်ပါ။

ဤသို့ချက်ရာတိုင်းတွင် နို့ရည် (၃)ပိဿ (၈၄)ကျပ်သား





ရွှေတံတိုင်းမြစ်၊ ဝက်ချေး ပန်ပြုတ်ရည် (၃)ပိဿ (၈၄)ကျပ်သား၊ ကညွတ်မှုန့် (၉၀)ကျပ်သားယူပါ၊ ဤနည်းအတိုင်း (၃)မျိုးချက်ရာတွင် တစ်မျိုးကိုအကြိမ်တစ်ထောင်စီ ပြည့်အောင်ချက်ရသည်။

ထောပတ်သိဒ္ဓိဖြစ်သောအခါ သကြားနှင့်ပျားရည် နှစ်မျိုးပေါင်း၍ လေးပုံတစ်ပုံကြွင်းအောင် ချက်ပါ။ ဤနည်းဖြင့် သတပါက အကြိမ် (၁၀၀) သဟဿပါက အကြိမ်(၁၀၀၀)ချက်နိုင်ပေသည်။

သကြားနှင့်ပျားရည်တို့ ရောစပ်ပြီးနောက် ထိုဆေးရည်ကို ရွှေခွက်၊ ငွေခက်၊ သို့မဟုတ် ထောပတ်ဖြင့် ထုံထားသော သန့်စင်သည့် မြေအိုး၌ ထည့်ထားပါ။

ဤထောပတ်ဆေးကို ကုဋိပဝေသိကနည်းဖြင့် မိမိဝမ်းအားကို ချင့်ချိန်၍ နေ့စဉ် နံနက်တိုင်း (အတိုင်းအတာ (၆)သား) အသုံးပြုနိုင်ပါသည်။

ဆေးကြေညက်သွားသောအခါ နို့ရည်ထောပတ်တို့နှင့် ရောထားသော သလေးထမင်း၊ ကောက်လျှင်ထမင်းတို့ကို စားပါ။

ဤနည်းအတိုင်း (၃)နှစ်ပတ်လုံးစားသော် အနှစ်တစ်ထောင်တိုင်အောင် အိုခြင်းမှကင်းလျက် အသက်ရှည်စေနိုင်၏။ အကြားအမြင်ကို ရစေ၏။

မိန်းမတို့နှင့် နေသော်လည်း အင်အားကုန်ခမ်းသွားခြင်း မရှိနိုင်တော့ပေ။

ဤကား အသက်တစ်ထောင်ရှည်စေသော ဆေးနည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အောက်၌ ရေးသားဖော်ပြပေးသော ဆေးနည်းမှာ
များစွာသော ဆေးနည်းများမှ တစ်မျိုးပင်ဖြစ်ပေသည်။

(အသက်တစ်ရာရှည် အမလကာဝလေဟဆေး)

မနုလွန်း မရင့်လွန်းသည့် ပျို့မြစ်သော ပေါက်ပင်၏
မီးရှို့ကာ ပြာကိုယူထားပါ။ ထိုပြာကို ရေဖြင့်ဖျော်ပါ။ ထိုဆေး
ရည်ကို ပလာသခါရောဒက (ပေါက်ပြာရေ) ဟုခေါ်ပါသည်။

ပေါက်ပြာရေ၌ ဆီးဖြူသီးတစ်ထောင်၊ ပိတ်ချင်းသီး
တစ်ထောင်ထည့်ပါ။ ၎င်းတို့သည် ပြာရေ၌ နစ်မြုပ်နေစေ
မည်။

ပြာရေတို့က ဆီးဖြူသီး၊ ပိတ်ချင်းသီးတို့တွင် စိမ့်ဝင်သွား
ပြီးသောအခါ အပြင်သို့ထုတ်ယူပါ။

ဆီးဖြူသီး၌ပါသော အစေ့ကို ထုတ်ဖယ်ပစ်ပါ။

ဆီးဖြူသီးနှင့် ပိတ်ချင်းသီးတို့ကို နေဖြင့်မလှမ်းဘဲ အရိပ်
၌ သွေ့ခြောက်စေရပါမည်။

သွေ့ခြောက်သောအခါ ထောင်း၍ အမှုန့်ပြုလုပ်ထား
ပါ၊ ထိုအမှုန့်ထက် လေးဆပျားရည်၊ ထောပတ်ရောပါ၊ ထို့နောက်
အမှုန့်၏လေးပုံတစ်ပုံ သကြားရောပါ၊ ပြီးလျှင် ထောပတ်သုတ်
လိမ်းထားသော မြေအိုးတစ်လုံး၌ထည့်ကာ အဝပိတ်ထားပြီး
နောက် (၆)လတိုင်အောင် မြေ၌မြှုပ်ထားပေးရမည်။

ဆေးရသောအခါ မိမိဝမ်းမီးကိုချိန်လျှက် နံနက်တိုင်း
သောက်ပါ၊ ဆေးကြေညက်သောအခါ သင့်တော်သော အစာ
ကိုစားပါ။





ထိုကဲ့သို့ မှီဝဲသော် အနှစ်တစ်ရာတိုင်အောင် အိုခြင်း
နာခြင်းကင်းကာ အသက်ရှည်စေရာ၏။

ဤကား အသက်တစ်ရာ ရှည်စေနိုင်သော ဆေးနည်း
ဖြစ်သည်။ အခြားဆေးနည်းများကိုတော့ စာမျက်နှာအခက်အခဲ
ကြောင့် ဆေးနည်းအပြည့်အစုံ ရေးထားဖော်ပြနိုင်ခြင်း မရှိသော်
လည်း စာဖတ်သူများ သုတရစေရန် ဆေးအမည်များကိုတော့
ဖော်ပြပေးလိုက်ပါသည်။ ထိုဆေးနည်းများမှာ . .

(၁) အသက်တရာရှည်စေနိုင်သော အာမလကစုဏ္ဏဆေး၊
(၂) အသက်တရာရှည်စေနိုင်သော ဝိဍင်္ဂဝလေဟဆေး၊
(၃) အသက်တရာရှည်စေနိုင်သော အမလကာဝလေဟဆေး၊
(၄) အသက်တရာရှည်စေနိုင်သော နာဂဗလရသာယနဆေး၊
(၅) အသက်တရာရှည်စေနိုင်သော ရွှေတံတိုင်းဆေး၊
(၆) အသက်တရာရှည်စေနိုင်သော ဘလ္လာတကခါရဆေး၊
(၇) အသက်တရာရှည်စေနိုင်သော ဘလ္လာတကခဲ့ဒ္ဒဆေး၊
(၈) အသက်တရာရှည်စေနိုင်သော ဘလ္လာတကတေလဆေး၊
(၉) အသက်တထောင်ရှည်စေနိုင်သော ဖြဟ္မရသာယနဆေး၊

ထိုဆေးနည်းတို့အပြင် အဆိပ်ပြေစေသောဆေး၊ အ
ဆင်းလှစေသောဆေး၊ အိုခြင်းနာခြင်းကင်းစေသောဆေး၊ အ
သံတင် အဆင်းလှစေသောဆေး၊ ဉာဏ်ပညာထက်မြက်စေ
သောဆေး၊ လှပခြင်းကို ဖြစ်စေသောဆေး၊

စသည်တို့လည်း များစွာတွေ့ကြရသည်။

ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌနှင့် ဦးအုန်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတို့ကတော့ ရှေးဟောင်းဆေးကျမ်းများမှ မိမိတို့ အလိုရှိ
သော ဆေးနည်းများကို တစ်နေကုန်အောင် ကူးယူကြလေ
သည်။ ဆရာကြီးသူရဋ္ဌကတော့ ထိုကဲ့သို့ ရှားပါးသော မှတ်တမ်း
များနှင့် ဆေးနည်းများကိုရသဖြင့် များစွာကျေနပ် နေလေတော့
သည်။

"ဒီတစ်ခေါက် ခရီးထွက်ခဲ့တာတော့ အငတော်ကို အကျိုး
ရှိတယ် မောင်ထင်ကျော်ရေ့ . "

ဟု ဆရာကြီးကပြောသောအခါ ဦးဗန်ကောင်းက -

"ကျွန်တော်တို့အတွက် အကျိုးရှိပေမယ့်၊ ဒီခရီးကိုစီစဉ်
တဲ့ မောင်ထင်ကျော်အတွက်ကတော့ အကျိုးမရှိလှပေဘူး"

ဟုဝင်ပြောလေသည်။

"ဘယ်လိုကြောင့်လဲဗျ"

"သူက မကြာခင် ဘီလူးမနဲ့ လက်ထပ်ရတော့မှာလေ
ဘယ်ကောင်းပါ့မလဲ"

"ဒါကတော့ဗျာ အခြေအနေအရ ကြည့်လုပ်ကြလေ
ပေ့၊ အသက်မသေမချင်း ကျုပ်တို့အတွက် အခွင့်အရေးတွေ
ရှိလာနိုင်ပါသေးတယ်"

ဆရာကြီးသူရဋ္ဌကတော့ မည်သည့်အခက်အခဲနှင့်တွေ့
ရစေကာမူ နောက်ဆုံးအချိန်ထိ ရင်ဆိုင်သွားရန် ဆုံးဖြတ်ထား
ဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအကြောင်းကို
ခေါင်းထဲမှာ ထည့်ထားခြင်းမရှိဘဲ၊ ယခုကဲ့သို့ အခွင့်အရေး





သောအချိန်တွင် ၄င်းလိုချင်သောအချက်များကို သဲကြီးမဲကြီး
ကူးယူမှတ်သားနေလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့မှ မိမိတို့နေသော နေရာ
သို့ ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

# ထူးဆန်းသော သတို့သမီး

အချိန်က ညဥ့်ဦးပိုင်းအချိန်ဖြစ်သည်။

ကောင်းကင်ပေါ်မှာ လရောင်ရှိသော်လည်း မြူနှင်းများ ပိတ်ဆီးနေသောကြောင့် ပတ်ဝန်းကျင်မှာ အလင်းရောင် အနည်းငယ်သာ ရှိနေလေသည်။

နှင်းမှုံများ တဖွဲဖွဲကျနေသောကြောင့် အအေးဓာတ်က ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ထိုအချိန်တွင် နတ်ရေကန်ရှိနေသောနေရာတွင် လူ



www.burmeseclassic.com

www.burmeseclassic.com



အချို့ရောက်နေကြလေသည်။

အခြားသူများတော့မဟုတ်ပေ။

အာယုသိဒ္ဓိကျွန်းသခင်မ မလာဒေဝီ၊ မှော်ဆရာကြီး အာယုသခ်၊ မာရီယာအပြင် အခြားလူတိရစ္ဆာန်ကြီးနှစ်ယောက်တို့လည်း ရှိနေကြသည်။

စုစုပေါင်း ထိုနေရာတွင် (၅)ယောက်ရှိနေသည်။

ထိုနေရာရောက်တော့ မာရီယာက ကြောက်ရွံ့ထိတ်လန့်သောအသံဖြင့် မေးလိုက်သည်။

"ကျွ. . ကျွန်မကို ဘာလုပ်ကြမလို့လဲဟင်၊ အသက်ကိုတော့ ချမ်းသာပေးကြပါရှင်. ."

ထိုအခါ သခင်မက အနီးကပ်လာပြီး လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဒီအဖွဲ့ကို ခေါင်းဆောင်လာတဲ့လူက နင့်ချစ်သူဆိုတာ အမှန်ပဲလား"

"ဟုတ်. . ဟုတ်ပါတယ်ရှင်"

မာရီယာက အယောင်ယောင်အမှားမှားဖြင့် အဖြေပေးလိုက်လေသည်။

"နင်ချစ်သူနဲ့ တစ်သက်လုံး အတူတူမနေချင်ဘူးလားဟင်"

"နေချင်ပါတယ်ရှင်"

"နင်ကိုသူနဲ့ လက်ထပ်ပေးရင်ကော လက်ခံမှာလား"

"ရှင်. ."





"နင်သူနဲ့ အတူတူမနေချင်ဘူးလား"

"နေ. . နေချင်ပါတယ်"

"ဒါဖြင့် လက်ထပ်ပေးတာကို လက်ခံမှလား"

ဖြစ်လိုရာဖြစ်စေတော့ဟူသောသဘောဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"လက်ခံပါ့မယ်"

"ကောင်းပြီး ဒီလိုလက်ခံရင် ငါစီမံတဲ့အတိုင်း လိုက်နာရမယ်"

မာရီယာက မျက်လုံးအဝိုင်းသားဖြင့်သာ ကြည့်နေလေသည်။ ထို့နောက်မှာတော့ သခင်မက မနီးမဝေးမှာ ရှိနေသော မှော်ဆရာကြီးအားခေါ်ပြီး ပြောလိုက်သည်။

"သင် ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်ပေတော့"

မှော်ဆရာကြီးက စိုးရွံ့သော အမူအရာဖြင့် ပြောလိုက်သည်။

"စဉ်းစားဆုံးဖြတ်ချက် ချပြီးပါပြီလား သခင်မ"

"ငါ့အနေနဲ့ သိဒ္ဓိစွမ်းအားရှိတဲ့ ဦးခေါင်းပဲ အရေးကြီးတယ်၊ ခန္ဓာကိုယ်က ဘာမှအရေးမကြီးဘူး၊ ငါ့ရဲ့လက်ရှိခန္ဓာကိုယ်ကို အလိုမရှိတော့ဘူး၊ ဒါကြောင့်. . လဲပေးဖို့သာ ပြင်ပေတော့"

ဟုပြောလိုက်ရာ မှော်ဆရာကြီးက ဦးခေါင်းညိတ်ပြရှင်း နောက်သို့ပြန်ဆုတ်သွားလေသည်။

"ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှော်ဆရာကြီးက အသင့်စီမံထားသော ဆေးရည်နှစ်ခွက်ကိုယူလာပြီး သခင်မကိုတစ်ခွက်၊ မာရီယာကို တစ်ခွက် တိုက်လေရာ မာရီယာမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် သောက်လေသည်။ ထိုဆေးရည်ကိုသောက်ပြီးနောက်. . နှစ်ယောက်စလုံး သတိမေ့လျော့သွားလေတော့သည်။

မှော်ဆရာကြီးက နှစ်ယောက်စလုံးကို ကျောက်ပြားချပ်များပေါ်မှာတင်လိုက်သည်။

ထို့နောက် အသင့်ပါလာသော ဓားကိုထုတ်ပြီး ကောင်းကင်သို့မော့ကြည့်ကာ ရွတ်ဆိုတိုင်တည်မှုများ ပြုလုပ်နေသည်။ မမြင်ရသော ကျောက်တောင်ထိပ်များပေါ်မှ ဆေးပေါင်းခံနေသော ရေစက်များက နတ်ရေကန်အတွင်းသို့ တည့်တည့်ကျနေရာ ရေစက်ကျသံများက အဆက်မပြတ် ကြား နေရသည်။

ပြီးတော့မှ မှော်ဆရာကြီးက လက်ထဲမှဓားဖြင့် သခင်မလည်ပင်းကိုဖြတ်သည်။

မရှေးမနှောင်းမှာပင် မာရီယာ၏ ဦးခေါင်းကိုပါ ဖြတ်ပြီး ဦးခေါင်းနေရာချင်း လဲတပ်လိုက်လေသည်။

ထိုသို့လဲတပ်ပြီးနောက် နတ်ရေကန်အတွင်းမှ ဆေးရည်များကို ရွှေခွက်ဖြင့်ခပ်ယူပြီး ဖြတ်ထားသော လည်ပင်းနေရာသို့ လောင်းချပေးလိုက်သည်။

ဒဏ်ရာပေါ်သို့ ဆေးရည်ကျသွားသောအခါ မီးပုံပေါ်သို့ ရေဖြင့်ဖျန်းလိုက်သကဲ့သို့ အခိုးအငွေ့များထလာလေသည်။

ချက်ချင်းဆိုသလိုပင် ဓားဖြင့်ဖြတ်ထားသော နေရာမှာ





သွေးများတိပ်သွားပြီး နောက်မူလပကတိအခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။ သို့သော်. . နှစ်ယောက်စလုံးကတော့ သတိပြန်မရကြသေးပေ။

ယခုအခါမှာတော့ သခင်မ၏ ကိုယ်ခန္ဓာပေါ်မှာ မာရီယာဦးခေါင်း ရောက်နေပြီး မာရီယာကိုယ်ပေါ်မှာတော့ သခင်မ၏ဦးခေါင်းက ရောက်သွားခဲ့ချေပြီ။

တကယ်တော့ အာယုသိဒ္ဓိကျွန်းသခင်မ ဦးခေါင်းမှာ ဘီလူးမတစ်ကောင်ကဲ့သို့ ခက်ထန်ကြမ်းတမ်းသော်လည်း စွမ်းအင်များရှိသည်။

ထိုစွမ်းအင်တို့ကို ကျွန်းပေါ်မှာရှိသော လူနှင့်တိရစ္ဆာန်များကများစွာ ကြောက်ရွံ့ကြရပေသည်။

ယခုတော့ မာရီယာမှာ စွမ်းအားရှိသော ဦးခေါင်းပိုင်ရှင်ဖြစ်သွားခဲ့ပေပြီ. . ။

ထိုကဲ့သို့ပြုလုပ်ပြီးနောက် မှော်ဆရာကြီးက သတိမေ့နေသေးသောသူတို့နှစ်ယောက်၏ ကိုယ်ပေါ်သို့ အဝတ်များဖြင့် ခြုံထားပေးခဲ့ကာ ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီးနောက် (၅)ရက်ခန့်ကြာသော် ဒေါက်တာမင်းထင်ကျော်နှင့် အာယုသိဒ္ဓိကျွန်းသခင်မတို့ လက်ထပ်ပွဲကို ကျင်းပလေသည်။

သခင်မကတော့ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ရုံရှည်ကြီး ဖုံးထားရုံမကပဲ ဦးခေါင်းပေါ်မှာလည်း အဝတ်စဖြင့် ဖုံးအုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မင်္ဂလာပွဲကိုတော့ မော်ဆရာကြီးကပင် ဦးဆောင်ပြီး ကျင်းပပြုလုပ်ပေးလေသည်။

ဆရာကြီး သူရဇ္ဇ၊ ဦးဗန်ကောင်း၊ ကျော်စွာတို့က ဧည့်သည်အဖြစ် တက်ရောက်ကြရလေသည်။ သုံးယောက်စလုံး ဒေါက်တာမင်းထင်ကျော်အတွက် စိတ်မကောင်းသောကြောင့် မျက်စိမျက်နှာ မကောင်းကြပေ။

သို့သော် ယခုအခြေအနေရောက်မှတော့ သူတို့အနေဖြင့် ဘာမှမတတ်နိုင်ကြတော့ပါချေ။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခြေအနေကို အခွင့်ကောင်းယူကာ လွတ်မြောက်ရန်လမ်းစကို ကြံစည်စိတ်ကူးနေလေသည်။

ခန်းမဆောင်ကြီးအတွင်းမှာတော့ လူများများမရှိပေ။ အပြင်ဘက်မှာရှိနေကြသော လူတိရစ္ဆာန်များကတော့ မင်္ဂလာပွဲပြုလုပ်နေစဉ် လွတ်လပ်စွာ နေခွင့်ရကြသောကြောင့် အပျော်ကြီး ပျော်နေကြသည်။

ညဉ့်နက်ပိုင်း အခမ်းအနားပြီးသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် သခင်မတို့က သီးသန့်ပြင်ဆင်ထားသောအခန်းသို့ သွားကြရလေသည်။

ထိုအခန်းမှာ သင်းပျံ့သောရနံ့များရှိနေပြီး အလင်းရောင်ကလည်း အနည်းငယ်သာရှိနေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦးဖြစ်သည်။





အသက်အန္တရာယ်နှင့်ကြုံတွေ့ရစေကာမူ စိတ်လှုပ်ရှားခြင်းမရှိပဲ စိတ်အေးအေးထားကာ ရင်ဆိုင်တတ်သူမျိုးဖြစ်သည်။ ယခုအခါမှာတော့ ဒေါက်တာမင်းထင်ကျော်မှာ စိတ်လှုပ်ရှားနေလေသည်။

ဘီလူးမတစ်ကောင်ကဲ့သို့ ရုပ်ရည်ကြမ်းတမ်းသောမိန်းမတစ်ယောက်နှင့် အတူနေရမည့်ကိစ္စမှာ မနှစ်သက်ဖွယ်ရာဖြစ်ပေသည်။

ဖြစ်နိုင်လျှင် ထိုအခန်းထဲမှ အဝေးသို့ ထွက်ပြေးသွားလိုစိတ်မျိုးရှိနေသည်။ သို့သော် မဖြစ်နိုင်တော့ပေ။

သို့ကြောင့် စိတ်ကိုလျှော့ချကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ပြီးမှ . . ကုတင်ပေါ်မှာထိုင်နေသော သခင်မရှိရာသို့ လျှောက်သွားလေသည်။

အနီးသို့ရောက်သောအခါ မျက်နှာပေါ်မှာ ဖုံးထားသောပုဝါစကို ဖယ်လိုက်သည်။

"ဟင် . . ."

ကိုယ့်မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားရလေတော့သည်။

ကုတင်ပေါ်မှာ ထိုင်နေသူမှာ ဘီလူးမကဲ့သို့ အရုပ်ဆိုးသော သခင်မမဟုတ်ပဲ မာရီယာဖြစ်နေလေသည်။

"ဟင် . . မာရီယာ"

မာရီယာက သူ့ကိုမော့ကြည့်နေသည်။

"မင်းကဘယ်လိုဖြစ်ပြီးတော့ ဒီနေရာရောက်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“သခင်မ စီစဉ်ပေးတာပါ”

“ဒါဖြင့် ငါနဲ့လက်ထပ်ခဲ့တာ သခင်မ မဟုတ်ပဲ မင်းဖြစ်နေတာပေါ့”

သူမက ခေါင်းညိတ်ပြသည်။

“ဒါဖြင့် သခင်မကဘယ်မှာလဲ”

“သူက တစ်နေရာမှာ ရှိနေပါတယ်”

မာရီယာ မျက်နှာအမူအရာမှာ တစ်စုံတစ်ခုကို စိုးရိမ်ကြောက်လန့်နေဟန်ရှိသည်။

“အေးလေ သူလက်ထပ်ပေးတော့လည်း ပိုကောင်းတာပေါ့၊ မင်းကရော ငါ့ကို ချစ်နိုင်လို့လား”

သူမက ခေါင်းညိတ်ပြသည်။

“ရှင်. . ရှင်. . ကရောဟင်”

ခါတိုင်း ‘ဆရာ’ ဟုခေါ်နေရာမှ ‘ရှင်’ ဟူသော နာမ်စားသုံးစွဲသဖြင့် နည်းနည်းတော့ အံ့ဩသွားမိလေသည်။

“ငါကလည်း မင်းကို လက်ခံနိုင်ပါတယ် ချစ်ပါတယ် အရင်ကဘယ်လိုပဲ ဖြစ်ခဲ့ပေမယ့် အခုတော့မင်းက ငါ့ရဲ့ဇနီးဖြစ်နေပြီ၊ အရာအားလုံးကို မေ့လိုက်ပြီး မင်းကိုတစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားပါ့မယ်”

ဟုပြောကာ မာရီယာ ကိုယ်ကလေးကို ရင်ခွင်ထဲထည့်ပြီး ဖက်ထားလိုက်သည်။

ထိုအခါ ရင်ခုန်သံများနှင့် ပဲတင်ထပ်နေသော စကားသံ





များကတော့ ရင်ထဲမှာ ရှိနေသည်။

“ကျွန်မ သခင်မဘဝနဲ့လည်း မနေချင်တော့ဘူး၊ ချစ်တဲ့သူရဲ့ရင်ခွင်မှာ အခုလိုဘဝမျိုးနဲ့ တစ်သက်လုံး နေသွားချင်လို့ အရာအားလုံးကို စွန့်လွှတ်ခဲ့တာပါ။

ကျွန်မရဲ့မျက်နှာနဲ့ ချစ်ခွင့်မရခဲ့ပေမယ့် ကျွန်မခန္ဓာကိုယ်နဲ့ အသည်းနှလုံးကတော့ ရှင့်အနားမှာ တစ်သက်လုံး နေခွင့်ရတော့မှာပါ၊ ဒါကိုပဲ ကျွန်မကျေနပ်ပါတယ်လေ. . ၊

အချစ်မရှိတဲ့ဘဝမျိုး နှစ်ပေါင်းများစွာ အသက်ရှင်နေလို့လည်း ဘာမှ ပျော်ရွှင်မှု ရမှာမဟုတ်ပါဘူး၊ ကိုယ်ချစ်တဲ့ သူရဲ့ရင်ခွင်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ တစ်ရက်ပဲနေရလည်း ကျွန်မ အသည်းနှလုံးက ကျေကျေနပ်နပ်နဲ့ လက်ခံနိုင်ပါတယ် ချစ်တဲ့သူရယ်. . .”

ထိုပဲတင်ထပ်နေသော ရင်ထဲမှ စကားသံများကိုတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ကြားလည်းမကြားနိုင်၊ သိလည်း မသိနိုင်တော့ပါချေ။

ကျေနပ်သော အပြုံးများဖြင့် ချစ်သူနဖူးပြင်ပေါ်သို့ အနမ်းတစ်ချက်ပေးလိုက်သည်။

ထိုအနမ်းတစ်ချက်ကပင် ဘဝတစ်သက်တာအတွက် ခြေလှမ်းအစပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

# အာယုသိဒ္ဓိကျွန်းမှ လွတ်မြောက်ရန်ကြိုးပမ်းကြခြင်း

နောက်တစ်နေ့ ညနေပိုင်းအချိန်ရောက်သောအခါ အာယုသိဒ္ဓိကျွန်းသခင်မက သူတို့ကိုခေါ်တွေ့ပြီး ပြောသည်။

ထိုအချိန်တွင် ဒီပကလည်း ပြန်ရောက်လာပြီဖြစ်သည်။

ဒီပကမှာလည်း မူလကိုယ်ခန္ဓာနှင့် ဦးခေါင်းပြန်ဖြစ်သွားသောကြောင့် ဝမ်းသာနေသည်။

သခင်မက သူတို့ကို နှုတ်ပြောလေသည်။

"သင်တို့ ဒီကျွန်းမှာ ကြာကြာနေ၍မရပေ. . ၊ ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



နေလိုပါက အများကိုပြုလုပ်သည့်အတိုင်း လူတစ်ပိုင်း တိရစ္ဆာန် တစ်ပိုင်းဘဝကို ပြောင်းလဲရပေမည်။

သို့သော် သင်တို့ကို ထိုသို့ပြုလုပ်ရန် ဆန္ဒမရှိပေ။

ထိုစကားကြားတော့ စိတ်သက်သာရာရသွားကြသည်။

“ဒီတော့ ဒီညမှောင်တာနဲ့ ဒီနေရာက ထွက်ပြေး တော့၊ လမ်းမှာတွေ့တဲ့ အန္တရာယ်တွေကို သင်တို့နည်းသင်ထား ဟန်ဖြင့် ရှင်းလင်းသုတ်သင်ဖယ်ရှားပြီး သွားကြပါလေ၊ သင်တို့ အတွက် အကြောင်းရှိပါက အသုံးပြုနိုင်ရန် နတ်ဆေးရည်လည်း ထည့်ပေးလိုက်ပါ့မယ်၊ သင်တို့ကို မှော်ဆရာကြီးက နန်းတော် နယ်နိမိတ်ကျော်တဲ့အထိ လိုက်ပို့ပေးပါလိမ့်မယ်”

ဟု တုံရင်နေသောအသံဖြင့် ပြောပြသည်။

“အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ် သခင် မ”

ဟုပြောကာ သခင်မကို အရိုအသေပေးလိုက်ကြသည်။

ထို့နောက်မှာတော့ ပြင်ဆင်စရာများ ပြင်ဆင်ရန်အ တွက် နန်းဆောင်အတွင်းမှ ပြန်ထွက်လာကြလေသည်။

အာယုသိဒ္ဓိကျွန်းသခင်မမှာ တစ်ယောက်တည်း ကျန်ရ တော့ ပုဝါအောက်မှ စီးကျလာသော မျက်ရည်များကို သုတ်ဖယ် ပစ်လိုက်ရင်း တိုးတိုးရှုရှိုက်နေလေသည်။

“ကျွန်မဘဝက ကံဆိုးပါတယ်၊ ဆရာနဲ့ တစ်သက်လုံး နေခွင့်ရမယ်လို့ မျှော်လင့်ထားခဲ့ပေမယ့် နေခွင့်မရခဲ့ပါဘူး၊ ဆရာ့ ကို မျက်လုံးနဲ့ ကြည့်နေခွင့်သာရပြီး အသည်းနှလုံးနဲ့ ချစ်ခွင့်တော့





မရခဲ့ပါဘူး၊

ဒါပေမယ့် ကျွန်မကျေနပ်ပါတယ် ဆရာရယ်၊ ဒီဘဝနဲ့ပဲ ဒီမှာတစ်သက်လုံး နေရတော့ပေမယ့် ဆရာတို့ အန္တရာယ်ကင်း ကင်းနဲ့ ပြန်ခွင့်ရသွားရင် ကျွန်မဘဝမှာ ကျွန်မမျက်နှာမဟုတ်တဲ့ ဘီလူးမျက်နှာနဲ့ ကျန်နေခဲ့ရင်လည်း ကျေနပ်နေရတော့မှာပါ”

ဟု ရှုရှိုက်ပြောဆိုနေလေတော့သည်။

ထိုအဖြစ်အပျက်တို့ကို ဒေါက်တာမင်းထင်ကျော်တစ် ယောက် မသိခဲ့ပါချေ။

သူ့နံဘေးမှာ ရှိနေသူမှာ မာရီယာမဟုတ်သော မာရီ သာ ဆိုသည်ကိုလည်း မရိပ်မိခဲ့ပေ။

ညနေစောင်းနေဝင်သွားသောအခါ နန်းမဆောင်မှ ပြန် ထွက်ရန် အဆင်သင့်ပြင်ဆင်ပြီးကြလေသည်။

ဓား၊ လှံ၊ သေနတ် စသောလက်နက်များအပြင် အခြား အသုံးအဆောင်များလည်း ပြင်ဆင်ထားကြသည်။

နေဝင်သွားတော့ မှော်ဆရာကြီး ရောက်လာပြီး ခေါ် ဆောင်ဖြင့် ထွက်ကြလေသည်။

အာယုသိဒ္ဓိကျွန်းသခင်မက သူတို့ထွက်သွားသည်ကို နန်းမဆောင်အတွင်းမှ လှမ်းမျှော်ကြည့်နေလေသည်။

လာစဉ်က အတူတကွလာခဲ့ကြသော်လည်း ပြန်သွား သောအခါမှာတော့ အရုပ်ဆိုးအကျည်းတန်သော မျက်နှာနှင့် သူမတစ်ယောက်တည်း ကျန်နေခဲ့ရသည်ကတော့ ရင်နာစရာ ကောင်းလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ကံစီမံရာအတိုင်း ဖြစ်သောကြောင့် ဘာမှမတတ်နိုင်တော့ပါချေ။

"သွားပေဦးတော့ ချစ်တဲ့သူရေ. ."

ဟု တိုးတိုးရေရွတ်လိုက်မိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ လာစဉ်ကလည်း (၇)ယောက် ပြန်တော့လည်း (၇)ယောက်ပင်ဖြစ်သဖြင့် ဘာမှ မထူးခြားပေ။

ထူးခြားတာတစ်ခုပဲရှိသည်။

ဒီပကမှာ လာစဉ်က လူဦးခေါင်းနှင့် မြောက်ဝံကိုယ်ခန္ဓာဖြစ်သော်လည်း ယခုပြန်လာတော့ လူဦးခေါင်းနှင့်လူ၏ခန္ဓာ ပြန်ဖြစ်သွားခြင်းဖြစ်သည်။

နောက်တစ်ခုကတော့ ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့မှာ လာစဉ်က ချစ်သူများ မဟုတ်ကြစေကာမူ ယခု ပြန်မှာတော့ ချစ်သူအဆင့်ကိုကျော်ပြီး လက်ထပ်ပြီးသောအဆင့် မျိုးရောက်ခဲ့ကြခြင်းပင်ဖြစ်လေသည်။

နန်းတော်နယ်နိမိတ်ကျော်သောအခါ မှော်ဆရာကြီး အာယုသခ်ကရပ်ပြီးပြောသည်။

"အားလုံးသွားကြပေဦးတော့၊ လမ်းခရီးတလျှောက်မှာ သင်တို့ကံကောင်းကြပါစေလို့ ကျွန်ုပ်ဆုတောင်းပေးလိုက်ပါ တယ်"

ထိုသို့ပြောပြီး မှော်ဆရာကြီးက ထူးထူးခြားခြား မာ





ယာရှေ့သို့သွားကာ ဦးညွှတ်ကာ အရိုအသေပေးလိုက်လေသည်။

ထိုမြင်ကွင်းကို မြင်တော့ ဒေါက်တာမင်းထင်ကျော်တို့အားလုံး များစွာအံ့ဩသွားကြလေသည်။

အာယုသိဒ္ဓိကျွန်းတွင် သခင်မပြီးလျှင် ဩဇာအာဏာရှိသော မှော်ဆရာကြီးက မာရီယာလို သာမန်အမျိုးသမီး တစ်ယောက်ရှေ့မှာ အရိုအသေပေးပြီး နှုတ်ဆက်နေသည်ကို မြင်တွေ့သောအခါ နားမလည်နိုင်အောင် ဖြစ်မိကြလေသည်။ ပြီးမှ မှော်ဆရာကြီးက နန်းမဆောင်ရှိရာသို့ ပြန်လှည့်သွားလေတော့သည်။

ထိုမြင်ကွင်းကို မြင်သောအခါ. . ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာပင် ဇဝေဇဝါဖြစ်သွားလေသည်။

သို့သော်လည်း ထွေထွေထူးထူး စဉ်းစားမနေအားတော့ပဲ အချိန်ရှိခိုက် ခရီးဆက်ရန်ပြင်ကြသည်။

ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ၊ နှင်းများကလည်း တဖွဲဖွဲကျနေလေသည်။

"လှိုဏ်ဂူပေါက်ရှိတဲ့နေရာကို အမြန်ဆုံး ရောက်သွားမှဖြစ်မယ် ဒီနေရာတစ်ဝိုက်တွေမှာ လူတိရစ္ဆာန်တွေ အများကြီးရှိတော့ စိတ်မချရဘူး"

"ဟုတ်တယ် နန်းတော်ရဲ့နယ်နိမိတ်အတွင်းမှာသာ သခင်မကို ကြောက်လို့ အန္တရာယ်မပေးကြပေမယ့် နန်းတော် နယ်နိမိတ်အပြင်မှာတော့ တွေ့ရင် အန္တရာယ်ပေးမှာ အသေအ



www.burmeseclassic.com

www.burmeseclassic.com



ချာပဲ”

“ပါလာတဲ့လက်နက်တွေကို အဆင်သင့်ပြင်ထား. . ဆရာကြီးနဲ့ အမျိုးသမီးနှစ်ယောက်ကို ကာကွယ်ပေးကြရမယ်”

ထိုသို့သာပြောရသော်လည်း လူရိုင်းမလေး ကင်မရီး ကြောက်ရွံ့ခြင်းအလျှင်းမရှိပဲ ယောက်ျားများနှင့်အတူ တိုက်ခိုက် နိုင်စွမ်းရှိကြောင်း နောက်တွင်သိရလေသည်။

သူတို့တွင် ပြောင်းရှည် သေနတ်(၂)လက်၊ ပြောင်း သေနတ် (၂)လက်အပြင် ကျည်ဆံများလည်း ပါသည်။

ဓားတို၊ ဓားရှည်များအပြင် ဒီပကထံတွင် နန်းတော် ယူလာသော အရိုးရှည်တပ်ထားသော ရဲဒင်းတစ်လက်ပါလာ လေသည်။

ရဲဒင်းမှာ အပြားကြီးပြီး အသွားထက်လှသောကြောင်း အားကိုးရသောလက်နက်တစ်မျိုးဖြစ်သည်။

ထို့ပြင် ကင်မရီထံမှာလည်း လက်နက်တစ်မျိုးပါသေး သည်။

အခြားမဟုတ်ပေ။

မှုတ်ပြောင်းဖြင့် အသုံးပြုရသော အဆိပ်မြားများ ဖြစ်သည်။

သူတို့သည် လျှို့ဝှက်ဂူရှိသော နေရာဘက်သို့ မှန်း စတင်ခရီးထွက်ကြလေသည်။

ထိုအခိုက်မှာပင် တောထဲမှ တိရစ္ဆာန်တို့၏ အော်သံ ကို စတင်ကြားကြရသည်။





သို့သော် ပီပီပြင်ပြင်မျိုးတော့မဟုတ်ပေ။

ဝမ်းခေါင်းသံကြီးများဖြင့် အော်လိုက်သော အသံမျိုးဖြစ် သည်။

ထိုအသံများက ပိုမိုနီးလာကြသည်။

တစ်နေရာရောက်သောအခါ သစ်ပင်တစ်ပင်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ သူတို့ကို ငုံ့ကြည့်နေသော သတ္တဝါတစ် ကောင်ကို တွေ့ရသည်။

ရုတ်တရက်ကြည့်ပါက မျောက်ကြီးတစ်ကောင် ထိုင်နေ သည်ဟု ထင်ရသော်လည်း အသေအချာကြည့်တော့မှ လူလိုလို မျောက်လိုလို ပုံပျက်ပန်းပျက်ဖြစ်နေမှန်း တွေ့ရသည်။

ထိုသတ္တဝါက သူတို့ကို ရန်မူမည် အရိပ်အယောင်မျိုး မတွေ့ရသဖြင့် ရှေ့သို့ ဆက်လျှောက်သွားကြသည်။

ထိုအခါမှ သစ်ပင်ပေါ်မှာထိုင်နေသည့် သတ္တဝါထံမှ ဖူးဖူးဝါးဝါးအော်သံ ပေါ်ထွက်လာလေတော့သည်။ အသံက တော့ လူသံ၊ မျောက်သံနှင့် ရောထွေးနေသော အသံမျိုးဖြစ် သည်။

“အူ. . . ဝူ. . ဝူ. . .”

ထိုအော်သံ ထွက်လာပြီး မရှေးမနှောင်မှာပင် မနီးမဝေး မှ အခြားတိရစ္ဆာန်တို့၏ အော်သံတို့က အဆက်မပြတ်ပေါ်လာ လေတော့သည်။

“သူတို့အချင်းချင်း အချက်ပေးတာဖြစ်မယ်၊ အမြန်သွား ကြစို့”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ထွက်လာကြရာ တစ်နေရာရောက်သော အခါ မြုံများထဲမှ တိုးထွက်လာကြသည့် လူတိရစ္ဆာန်တို့ကို တွေ့ရလေသည်။

အားလုံးမှာ လူလိုလို၊ တိရစ္ဆာန်လိုလိုဖြစ်နေကာ ပုံပျက်ပန်းပျက်ဖြစ်နေကြသည်။

ကျား၊ ကျားသစ်၊ ဝက်ဝံ၊ တောခွေး စသည်တို့မှာ အကောင် (၂၀)ခန့်ရှိသည်။

တောထဲမှလည်း နောက်ထပ်အော်သံများ အဆက်မပြတ်ကြားနေရသေးသည်။

"ကိုင်း နောက်ထပ်များမလာခင် ရှိတဲ့သတ္တဝါတွေကို ဒီဝင်္ကြက ချွတ်ပေးလိုက်ကြရအောင်"

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှာရှိနေသော ကျားလူတစ်ကောင်ကို သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. . ."

ကျယ်လောင်သော သေနတ်သံနှင့်အတူ ကျားလူမှာ နောက်သို့ လန်ကျသွားသည်။

မရှေးမနှောင်းမှာ ကျော်စွာထံမှ သေနတ်သံ ဆက်ကြားရပြီး နောက်တစ်ကောင် လန်ကြသွားပြန်လေသည်။

သို့သော် ကျန်သောတိရစ္ဆာန်များက နောက်ဆုတ်သွားခြင်းမရှိဘဲ ရန်မူရန် ရှေ့သို့တိုးဝင်လာရာ သေနတ်ဖြင့် ပစ်သူကပစ်၊ ကျန်လူများက လက်ထဲမှာ အဆင်သင့်ကိုင်ထားသော လက်နက်များဖြင့် တိုက်ခိုက်ကြရလေသည်။





လူတိရစ္ဆာန်များမှာ ပုံပျက်ပန်းပျက်၊ သဘာဝပျက်နေသောကြောင့် . တိုက်ခိုက်မှုမှာ တိရစ္ဆာန် စစ်စစ်များလောက် ကြောက်စရာ မကောင်းလှပေ။

ထို့အပြင် သေနတ်နှစ်လက်ဖြင့် ပစ်ခတ်မှုအပြင် ဦးဇန်ကောင်းက မားရှည်၊ ဒီပက ကိုင်ထားသော ရဲဒင်းနှင့် ကင်မရီထံမှ အဆိပ်လူးမြားများကလည်း ထိရောက်မှုရှိသောကြောင့် လူတိရစ္ဆာန်များ သေဆုံးသွားကြလေသည်။

သူတို့မှာလည်း ဒဏ်ရာဒဏ်ချက်များရသော်လည်း. . မပြောပလောက်ပေ။

ထိုနေရာမှ ခရီးဆက်ပြန်သောအခါ နောက်တစ်နေရာရောက်တော့ ထို့ထက်ပိုများလာသော လူတိရစ္ဆာန်မျိုးစုံတို့နှင့် ထပ်တွေ့ကြရပြန်သဖြင့် အမှောင်ရိပ်ဖုံးနေသော တောထဲမှာ အသေအကြေ တိုက်ခိုက်ကြရပြန်သည်။

ကြိမ်းဝါးသံ၊ မာန်တင်းသံ၊ စူးစူးဝါးဝါးအော်သံ၊ နာကျင်မှုကြောင့် ငြီးငြူသံတို့ကိုလည်း အဆက်မပြတ် ကြားနေရသည်။

ထိုနေရာမှာ အချိန်အတော်ကြာအောင် အကြိတ်အနယ် တိုက်ခိုက်ကြသော်လည်း လက်နက်မျိုးစုံပါသော သူတို့ကသာ အသာရလေသည်။

ကိုယ်စီကိုယ်ငှ ဒဏ်ရာဒဏ်ချက် အသီးသီးရကြသော်လည်း အသက်သေလောက်သည့် ဒဏ်ရာများ မဟုတ်ကြသဖြင့် ခရီးစိုက်အားဘဲ ထိုနေရာမှ ခရီးဆက်ကြရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာလည်း အနားသို့ ချက်ချင်းမရောက်လာသေးသော်လည်း မနီးမဝေးဆီမှ နောက်ထပ် ဆူဆူညံညံ အသံများ ထပ်ကြားနေရသောကြောင့် နောက်မှလိုက်လာကြောင်း သိရလေသည်။

အားလုံးအမှောင်ထဲမှာ ခြေလှမ်းသွက်သွက်ဖြင့် ပြေးကြရသဖြင့် ထိမိခိုက်မိ၊ ထိုးမိခြစ်မိသော ဒဏ်ရာများအပြင် မကြာခဏ လဲကျသောကြောင့် ခရီးမတွင်ပဲရှိလေသည်။

သို့သော်လည်း ကြိုးစားအားတင်းပြီး ပြေးကြရာ နောက်ဆုံးမှာတော့ သူတို့လာခဲ့သော လှိုဏ်ဂူပေါက်ဝသို့ ပြန်ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့မှ ကြီးမားသော အန္တရာယ်နှင့် ထပ်မံတွေ့ရလသည်။

အခြားမဟုတ်ပေ။

ဂူပေါက်ဝ၌ မြွေပွိုင်တာကြီးတစ်ကောင်ရှိနေခြင်းပင်ဖြစ်၏။

အခွေပုံကြီးမှာ ဂူပေါက်ဝပိတ်လုအနေအထားဖြစ်နေသည်။

ထိုအခိုက်မှာပင် နောက်မှလိုက်လာသော လူတိရစ္ဆာန်တို့ကလည်း မနီးမဝေးရောက်လာကြချေပြီ။

ရှေ့တိုးအခက်၊ နောက်ဆုတ်အခက် အခြေအနေသို့ ရောက်ကြရပေပြီ။

"ဘယ်လိုလုပ်မလဲ"





ထိုအခါ ဒီပကကပြောသည်။

"မြွေပွိုင်တွာတွေက အသက်ပြင်းတယ်၊ သေနတ်နဲ့ပစ်လည်း မသေးဘူး"

"ဒီတော့ ဘယ်လိုသတ်မလဲ"

"ခေါင်းဖြတ်ပစ်မှရမယ်"

"ဘယ်လိုဖြတ်မှာလဲ"

"ကျုပ်က မြွေပွိုင်တွာကြီးရဲ့ ခေါင်းကိုသွားဖြတ်မယ်. .၊ ဆရာတို့က ဟိုသတ္တဝါတွေ ရှေ့တိုးဝင်မလာအောင်သာ ထိန်းပေးထား"

"မင်းတစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

"ဘာမှစိတ်မပူပါနဲ့ ကျုပ်သူ့ခေါင်းကို ကောင်းကောင်းဖြတ်နိုင်ပါတယ်"

ဟုပြောကာ ဒီပကက မြွေပွိုင်တွာကြီး ခွေနေသောနေရာသို့ လျှောက်သွားလေသည်။

ကျန်ခဲ့သူများကတော့ နောက်ထပ်ရောက်လာသော လူတိရစ္ဆာန်များ ရှေ့တိုးမလာအောင် သေနတ်များဖြင့် ပစ်ခတ်ကြရလေသည်။

သေနတ်သံများကြောင့် မြွေပွိုင်တွာကြီးက ခေါင်းထောင်ကြည့်သည်။

ထိုအချိန်မှာ အနားရောက်လာသော ဒီပကကိုမြင်သောအခါ ပါးစပ်ဖြင့် လှမ်းဟပ်သည်။

အကောင်ကြီးသဖြင့် လှုပ်ရှားမှုက မသွက်လှပေ။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ဟပ်သောအခါ ဒီပကာက နံ့ဘေးသို့ ခုန်ရှောင်ပေးပြီး ဇက်ကို ကပ်ပါးဖြင့် ပိုင်းချသည်။

အနီးကပ်ခုတ်ရသောကြောင့် ထိထိရောက်ရောက်ရှိလှ သည်။ အသွားထက်လှသော ကပ်ပါး(ရဲဒင်း)က လည်ပင်းသို့ ထက်ဝက်လေက် မြုပ်ဝင်သွားသည်။

ဇက်နေရာမှ တဝက်လောက်ပြတ်သွားသော မြွေပြိတ္တာ ကြီးမှာ ပြင်းထန်စွာ လူးပ်ရှားလေတော့သည်။

နောက်တစ်ကြိမ် ဦးခေါင်းအောက်ဖက် ရောက်သော အခါ ဒဏ်ရာရှိသောနေရာကိုပင် ထပ်ခုတ်ရာ ပြတ်လုပြတ်ခ ဖြစ်သည်။

ထိုအခါ မြွေပြိတ္တာကြီးက ကြီးမားသော ကိုယ်လုံး၊ အမြီ တို့ဖြင့် ဝှေ့ယမ်းရိုက်ခတ်ရာ. . ထိမိသော ကျောက်ဂူပေါက် ကျောက်တုံးများ ပြိုကျလာလေတော့သည်။ ဂူပေါက်ဝလည် အနည်းငယ် ပွင့်သွားသည်။

"ဂူပေါက်ဝပိတ်တော့မယ် အမြန်လာကြ၊ အမြန်လာကြ တော့"

ဟု ဒီပကာကအော်ဟစ်သတိပေးရာ ပစ်ခတ်နေရာ ဂူပေါက်ဝဘက်သို့ ဆုတ်သွားကြသည်။

ထိုနေရာရောက်တော့ မြွေပြိတ္တာကြီးက လူးလွန့်ရိုး ခတ်နေသောကြောင့် တော်တော်နှင့် ဝင်မရသေးဘဲရှိသည်။

အပေါ်မှပြိုကျနေသော ကျောက်တုံးများနှင့်၊ မြွေကို လုံးနှင့် မထိမိအောင်ပင် ကြည့်ရှောင်ပေးနေရသည်။





"ဂူပေါက်ဝပိတ်တော့မယ် အထဲရောက်အောင် မြန်မြန် ဝင်ကြ၊ လူတိရစ္ဆာန်တွေ တိုးဝင်မလာအောင် ကျွန်တော်ပစ်ပေး မယ်"

ဟုဒေါက်တာမင်းထင်ကျော်ကပါ သတိပေးလိုက်သ ဖြင့် တဝုန်းဝုန်းပြိုကျနေသော ကျောက်တုံးများနှင့် မြွေပြိတ္တာ ကြီး၏ ကိုယ်လုံးနှင့်မထိမိအောင် ရှောင်တိမ်းကာ တစ်ယောက် ပြီးတစ်ယောက် အတွင်းသို့ဝင်ကြလေသည်။

အားလုံးအထဲရောက်သွားပြီးသည့်နောက်မှာတော့ ဂူပေါက်ဝက လူတစ်ယောက်ဝင်လောက်ရုံပင် မကျန်တော့ပေ။

"ဆရာ မြန်မြန်ဝင်ခဲ့တော့ ဂူပေါက်ဝပိတ်တော့မယ်"

အတွင်းရောက်နေသူများက အော်ဟစ်သတိပေးလိုက် သဖြင့် မနီးမဝေးအထိရောက်လာသော လူပြိတ္တာတစ်ကောင် ကို သေနတ်ဖြင့်ပစ်ကာ ပိတ်ကာနီးနေပြီဖြစ်သော ဂူပေါက်ဝ အတွင်းသို့ လှိမ့်ဝင်လိုက်ရလေသည်။

ဂူပေါက်ဝက လူတစ်ယောက်ဝင်သာရုံပင် မကျန်တော့ ပေ။ သို့ကြောင့် ခက်ခက်ခဲခဲဖြင့် ဝင်ရလေသည်။

သူအတွင်းရောက်သွားပြီး မရှေးမနှောင်းမှာပင် ဂူ ပေါက်ဝသို့ မြွေပြိတ္တာကြီး၏ကိုယ်လုံးက ပိတ်ဆို့သွားပြီ ဖြစ်လေ တော့သည်။

မြွေပြိတ္တာကြီး ခန္ဓာကိုယ်အပြင်. . . ပြိုကျလာသော ကျောက်တုံးများကပါ ဆင့်ကာဆင့်ကာ ပြိုကျနေသောကြောင့် ကြာခင်မှာပင် ဂူပေါက်တစ်ခုလုံး ပိတ်ဆို့သွားခဲ့ပြီ ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခါမှပင် မနီးမဝေးအထိ ရောက်နေကြပြီဖြစ်သော လူတိရစ္ဆာန်တို့လည်း စိတ်လျော့ကာ နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေသည်။

ဂူပေါက်ဝမှာလည်း ပြန်လည်ငြိမ်သက်သွားလေသည်။ အာယုသိဒ္ဓိကျွန်းသို့ ရောက်အောင်သွားနိုင်သည့် တစ်လမ်းတည်းသာရှိသော ဂူပေါက်ဝမှာ ပိတ်ဆို့သွားပြီးဖြစ်သောကြောင့် နောက်တစ်ကြိမ်လာဖို့ကတော့ မလွယ်ကူတော့ပေါ်ချေ။

ထို့နောက်. . . .

ကင်မရီ၏ လမ်းပြပေးမှုကြောင့် လူရိုင်းများနေသော ကျွန်းဘက်ရောက်အောင် ပြန်နိုင်ခဲ့ကြလေသည်။





## အခန်း (၁၈)

# နှလုံးသားအသစ်နဲ့ချစ်သူ

ငှင်းတို့ တစ်ဖွဲ့သားလုံး စွန့်စွန့်စားစား ကြိုးစားဆောင်ရွက်ကြခြင်းကြောင့်ပင် နောက်ဆုံးမှာတော့ လူရိုင်းကျွန်းသို့ ချောချောမောမော ပြန်ရောက်ခဲ့ကြသည်။

ထိုနေရာပြန်ရောက်တော့မှ သူတို့မှာပါသော နတ်ရေစင်ဖြင့် ဒဏ်ရာများကို ကုသကြရလေသည်။

သူတို့ကိုယ်ပေါ်မှာ အသီးသီးရထားသော ဒဏ်ရာဒဏ်ချက်တို့မှာ နတ်ရေကန်မှ ဆေးရည်နှင့် ထိသောအခါတွင်. .

www.burmeseclassic.com



အလျှင်အမြန်ပင် ပျောက်ကင်းသွားလေတော့သည်။

အားလုံးပြီးသဖြင့် နောက်တစ်နေ့တွင် ပြန်ရန်ပြင်ဆင်ကြသောအခါ ကျော်စွာက ကင်မရီကို မေးသည်။

"နင် ငါတို့နဲ့ လိုက်ခဲ့မှာလားဟင်. . ."

ထိုသို့မေးသောအခါ ကင်မရီက မျက်လုံးရွဲကြီးနှင့် သူ့ကို မော့ကြည့်လေသည်။

ပြီးမှ ခေါင်းခါပြသည်။

"ဟင်. . မလိုက်ဘူး ဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့လဲ"

"ခလေ့စရိုက် မတူတဲ့နေရာမျိုးမှာ ငါပျော်ဘူး၊ နင်တို့အသိုင်းအဝိုင်းကလည်း လက်ခံချင်ကြမှာ မဟုတ်ဘူး"

"နင်ငါ့ကို မချစ်ဖူးလားဟင်"

"ငါနင့်ကို သဘောကျပါတယ်"

"ဒါဖြင့် ငါနဲ့လိုက်ခဲ့ပါလားဟင်"

"ငါ ဒီကျွန်းမှာပဲ ပျော်တယ်"

ကျော်စွာလည်း ဘာဆက်ပြောရမှန်း မသိတော့ပေ။

"နင် ငါနဲ့ခွဲရမှာ ဝမ်းမနည်းဘူးလားဟင်"

"ဝမ်းမနည်းပါဘူး၊ နင်ပြန်သွားတော့လည်း နင့်ကိုယ်စား ငါရင်ထဲမှာ ကျန်နေခဲ့ပြီပဲ"

"ဟင်. . ."

ကျော်စွာက အထိတ်တလန့်ဖြင့် ကင်မရီကို ကြည့်လိုက်





လေသည်။

"နင် တကယ်ပြောတာလား"

ခေါင်းညိတ်ပြသည်။

"နင်မလိုက်ရင်လည်း ငါအတင်းမခေါ်တော့ပါဘူး၊ ဒါပေမယ့် ငါ့ရင်သွေးလေးကိုတော့ ငါကြည့်ချင်သေးတယ်၊ တစ်နေ့တော့ ဒီနေရာကို ငါရောက်အောင် လာခဲ့ပါဦးမယ်"

ဟု ကင်မရီလက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ပြီး ပြောသောအခါ ကြေကွဲရိပ်သမ်းနေသော မျက်လုံးများဖြင့် မော့ကြည့်ကာ ခေါင်းညိတ်ပြရှာလေသည်။

နောက်တစ်နေ့မှာတော့ ထိုကျွန်းမှ ပြန်လည်ထွက်ခွာကြလေသည်။

ကျွန်းထိပ်မှာရပ်လျက်သား ကျန်နေခဲ့သော ကင်မရီကိုမြင်ရသောအခါ အားလုံးစိတ်မကောင်းဖြစ်မိကြလေသည်။ ကျွန်းနှင့်ဝေးသွားသောအခါမှ ဒေါက်တာမင်းထင်ကျော်က မာရီယာ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း မေးလိုက်သည်။

"မင်း ငါ့ကို အမှန်အတိုင်းပြောပါလား"

သူမက မော့ကြည့်သည်။

"အခု ငါ့ရှေ့မှာရှိနေတဲ့ ငါ့ဇနီးက မာရီယာလား၊ ဒါမှမဟုတ် အာယုသိဒ္ဓိကျွန်းသခင်မလား"

"မောင်က. . . မာရီယာကို ချစ်တာလား၊ သခင်မကိုချစ်တာလား"

"အခုအခြေအနေမှာတော့ ကိုယ်နဲ့လက်ထပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဇနီးကိုပဲ ချစ်ပါတယ်"

ထိုအဖြေကြောင့် သူမမျက်နှာပေါ်မှာ ကျေနပ်သော အပြုံးရိပ်ကလေးများ ယှက်သမ်းသွားလေသည်။

"ဒီလိုဆိုရင် ကျွန်မဖြေပါ့မယ်၊ ကျွန်မက သူခင်မနှလုံးသားနဲ့ မာရီယာပဲဖြစ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်ပါလေ၊ ကိုယ်ကတော့ မင်းအပေါ်မှာ တကယ့် မေတ္တာစစ်နဲ့ ချစ်နိုင်ပါတယ်၊ တစ်သက်လုံး သစ္စာရှိရှိနဲ့ လက်တွဲသွားပါမယ်လို့လည်း ကတိပေးပါတယ်. . "

"ဒီစကားကြားရတာ ဝမ်းသာပါတယ် မောင်ရယ်"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်လက်ကို အားကိုးတကြီးနှင့် ပြန်လည်ဆုပ်ကိုင်ထားလိုက်လေသည်။

တကယ်ဆိုမူ. .

ချစ်ခြင်းမေတ္တာဟူသည် သတ်မှတ်ချက် တစ်စုံတစ်ရာ မရှိပဲ နှလုံးသားမှစေခိုင်းသည့်အတိုင်း ပေါ်ပေါက်လာသော ဖြူစင်သောအရာတစ်ခုသာ ဖြစ်ပေသည်။

ချစ်သူတို့စိတ်မှ ထွက်လာသောအရာသည် အရိပ်အယောင်မျှပင် မမြင်ရစေကာမူ လေးနက်ထွေပြားသည်၊ နက်ရှိုင်းမှုရှိသည်။

ထိုအရာကို မည်သည့်နည်းနှင့်မှ ပုံသေနည်းချကာ တွက်ပြ၍ ရမည်မဟုတ်ပါချေ. . . ။





ဒေါက်တာမင်းထင်ကျော်နှင့် မာရီယာတို့သည်လည်းကောင်း၊ ကျော်စွာနှင့် ကင်မရီတို့သည်လည်းကောင်း အချစ်မှ ရရှိသော ခံစားမှုနှစ်မျိုးကို ရရှိခဲ့ကြပေသည်။

ချစ်သူနှင့် ပေါင်းဖက်ရသည်က ပျော်ရွှင်မှုကိုရကြပြီး ချစ်လျက်နှင့် ကွေကွင်းခဲ့ကြသူများကတော့ ဝမ်းနည်းကြေကွဲမှုတို့သာ ရကြလေသည်။

ဒါကပင် မပြောင်းလဲသော လောကသဘာဝတရားပင် ဖြစ်ပေတော့သည်။

သူတို့ကို တင်ဆောင်လာသော ကတ္တူလှေသည် ရာသီဥတုသာယာသော ပင်လယ်ပြင်ပေါ်တွင် ကောသမ္ဗီမြို့ရှိရာဘက်သို့ ဦးတည်ကာ ရွေ့လျားနေလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော အာယုသိဒ္ဓိကျွန်း၊ အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ (၁၂) ရက်၊ အင်္ဂါနေ့၊ ညနေ (၅) နာရီ။



www.burmeseclassic.com